www.burmeseclassic.com

# ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့စကား
# ဗိုလ်ချုပ်အောင်ဆန်းဟောခဲ့တဲ့တရား



နန္ဒာမိုးကြယ်

ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်အုတ်မြစ်ချပြီး
လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင်
ကျွန်တော်တို့က ခြေလှမ်း လေးငါးဆယ်လှမ်း လှမ်းနိုင်မှ...

WIN NAING

www.burmeseclassic.com

www.burmeseclassic.com

24 JUL 2012

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

27 JUN 2012

# ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့စကား ဗိုလ်ချုပ်အောင်ဆန်းဟောခဲ့တဲ့တရား

## နန္ဒာမိုးကြယ်

27 JUN 2012

ပြုစုသည်

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် – ၃၁၀၂၀၁၀၉၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၃၁၀၂၀၉၁၁၁၁

ထုတ်ဝေခြင်း – ၂၀၁၁၊ ဒီဇင်ဘာလ၊
ပထမအကြိမ်

အုပ်ရေ – ၅၀၀

တန်ဖိုး – ၄၀၀

မျက်နှာဖုံးဒီဇိုင်း – ဝင်းနိုင် (A-7)

အတွင်းဖလင် – A-7 Group (Alsa Plaza)

ထုတ်ဝေသူ – ဦးခင်မောင်ဦး(၃၅၂၆)
မြတ်ပန်းရဂုံစာပေ
၈/၄၇၃၊ နီလာ၆–လမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်။

အဖုံးနှင့်အတွင်းပုံနှိပ်သူ – ဦးအောင်မြင့်သိန်း
အင်းကြင်းမြိုင်ပုံနှိပ်တိုက်
၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်။

၉၂၃·၂
နန္ဒာမိုးကြယ်
ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့စကား၊ ဗိုလ်ချုပ်အောင်ဆန်းဟောခဲ့တဲ့တရား/
နန္ဒာမိုးကြယ်- ရန်ကုန်။ မြတ်ပန်းရဂုံစာပေ၊ ၂၀၁၁။
၂၀၀-စာ ၊ ၁၀·၅ × ၁၆·၅ စင်တီ။
(၁) ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့စကား၊ ဗိုလ်ချုပ်အောင်ဆန်းဟောခဲ့တဲ့တရား


BURMESE CLASSIC .com

# မာတိကာ


| စဉ်။ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဗိုလ်ချုပ်၏ ကလေးဘဝ | ၁ |
| ၂။ | ဗိုလ်ချုပ်၏ ဗေဒင်အပေါ် သဘောထား | ၉ |
| ၃။ | လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်ဘာတွေ ပြောခဲ့သလဲ၊ ဗိုလ်ချုပ်ဘာတွေ ရေးခဲ့သလဲ | ၁၇ |
| ၄။ | ဆုငွေ ၅ိ အထုတ်ခံရသည့် သခင်အောင်ဆန်း | ၃၇ |
| ၅။ | ဗိုလ်ချုပ်၏ မင်္ဂလာပွဲ | ၄၁ |
| ၆။ | ဗိုလ်ချုပ်၏ အိမ်ထောင်ရေး သဘောထား | ၄၈ |
| ၇။ | ဗိုလ်ချုပ်နှင့် အနုပညာ | ၅၃ |
| ၈။ | လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်ဘာတွေ ဟောခဲ့သလဲ | ၆၉ |
| ၉။ | ဗိုလ်ချုပ်နှင့် လူသတ်မှု စွပ်စွဲချက် | ၈၃ |
| ၁၀။ | ဗိုလ်ချုပ်အပေါ် ရှုမြင်ခဲ့သမျှ | ၉၀ |
| ၁၁။ | ဗိုလ်ချုပ်၏ သမိုင်းဝင်,သမိုင်းတွင် ရက်စွဲများ | ၁၀၉ |
| ၁၂။ | ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်ခွန်း | ၁၄၃ |
| ၁၃။ | ဗိုလ်ချုပ်ဆိုတာ ဘယ်လိုလူစားလဲ | ၁၅၃ |
| ၁၄။ | ဓာတ်ပုံမှတ်တမ်းများ | ၁၈[illegible] |
| ၁၅။ | ကျမ်းကိုးစာရင်း | ၂၂၁ |


27 JUN 2012

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

27 JUN 2012

## ဗိုလ်ချုပ်၏ ကလေးဘဝ

● မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းကို ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ (၁၃) ရက်၊ မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ စနေနေ့၌ နတ်မောက်မြို့တွင် ရှေ့နေကြီး ဦးဖာ၊ ဒေါ်စုတို့မှ မွေးဖွားခဲ့သော သားထွေးဖြစ်သည်။ ဇာတာအမည်မှာ "ထိန်လင်း" ဖြစ်ပြီး အစ်ကိုဖြစ်သူ "အောင်သန်း"အမည်နှင့် လိုက်ဖက်အောင် "အောင်ဆန်း"ဟု တွင်ခဲ့ပါသည်။

ဗိုလ်ချုပ်၏ ကလေးဘဝနှင့် ပတ်သက်၍ ဗိုလ်ချုပ်၏အစ်ကိုဖြစ်သူ ဦးအောင်သန်းက "အောင်သန်း၏ အောင်ဆန်း"စာအုပ်၌ ဤသို့ မှတ်တမ်းတင်ခဲ့ပါသည်။

... ကျွန်တော် သုံးနှစ်၊ ခြောက်လ၊ ငါးရက်သားအရွယ်သို့ ရောက်သောအခါ ညီကလေးတစ်ယောက် ရခဲ့ပါသည်။

မိုးလင်းသောအခါ ဘန်းကြီးထဲ၌ သိပ်ထားသော ညီကလေးကို မြင်၍ ကိုင်မည်ပြုရာ အစ်ကိုကြီး (ဦးဘဝင်း)က "ဟေ့... မကိုင်နဲ့ လက်ပြတ်တတ်တယ်"ဟု ပြောသဖြင့် မကိုင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်ကို ပြန်ဆုတ်လိုက်ပါသည်။ အစ်ကိုကြီးကား ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်ပါသည်။ သို့တစေလည်း ညီကလေးကို မကိုင်ရဲဘဲ ဘေးမှလှည့်ပတ်၍ ကြည့်ရုံသာ ကြည့်ခဲ့ပါသည်။

ညီကလေး တစ်နှစ်ကျော်အရွယ် ရောက်သောအခါ နာမည်ပေးရန် စဉ်းစားကြပါသည်။ ကျွန်တော်က "ကျုပ် အောင်သန်းဆို၊ သူ အောင်ဆန်းပေါ့ဗျာ"ဟု ပြောလိုက်ရာ အားလုံးက [illegible]ပြုံးပါသည်။ [illegible]ဖြစ်သည့်အတိုင်း ဇာတာထဲ၌ "ထိန်လင်း"ဟု နေ့နာမ်အလိုက် မှည့်ထားသော်လည်း "အောင်ဆန်း"ဟုသာ တွင်နေပါတော့သည်။ "ထိန်လင်း"သည် ဇာတာဖွဲ့သူပေးသော နာမည်မျှသာ ဖြစ်သည်။ အချို့ထင်နေသကဲ့သို့ ငယ်နာမည် မဟုတ်ပါ။ မည်သည့်အခါမှ "ထိန်လင်း" ဟု မခေါ်ခဲ့ကြပါ။

ကျွန်တော်နှင့် အောင်ဆန်း မွေးဖွားခဲ့သော အိမ်ကြီးမှာ မရှိတော့ပါ။ ရှေးအိမ်ကြီးဖြစ်၍ ကျွန်တော်တို့ ဘေးလက်ထက်က တည်ဆောက်ခဲ့ခြင်း ဖြစ်သည်ဟု ပြောကြပါသည်။ ယခု နတ်မောက်၌ ရှိသောအိမ်သည် အောင်ဆန်းမွေးပြီးနောက် နှစ်နှစ်လောက်ရှိမှ ပြောင်းရွှေ့နေထိုင်သောအိမ် ဖြစ်ပါသည်။

... အောင်ဆန်းသည် နာမည်နှင့်လိုက်အောင် ဆန်းသူ ဖြစ်ပါသည်။ အမေးအမြန်းထူ၍ လူကြီးတွေ ပြန်မဖြေနိုင်သည့် မေးခွန်းများကို မေးလေ့ရှိပါသည်။ မိုးတွင်း၊ ဆောင်းတွင်းဟု ခေါ်ကြသော်လည်း အဘယ်ကြောင့် "နွေတွင်း"ဟု မခေါ်ကြ



သလဲဟု မေးရာ လူကြီးများသည် ပြန်၍မဖြေနိုင်ဘဲ ရယ်နေကြရပါသည်။ "ညီအစ်ကို တစ်ဝမ်းကွဲ ရှိသော်လည်း ဘာကြောင့် လင်မယား တစ်ဝမ်းကွဲ မရှိသလဲ"ဟု မေးပြန်ရာ လူကြီးများသည် ယခင်ကကဲ့သို့ ပြန်မဖြေနိုင်ဘဲ ရယ်နေကြရပါသည်။ အမေးအမြန်းထူသလောက် အောင်ဆန်းသည် စဉ်းစားတွေဝေငေးမောနေတတ်ပါသည်။

အငယ်ဆုံးဖြစ်သည့်အတိုင်း မိဘနှစ်ပါးကသာမက အစ်ကို အစ်မများကပါ အလိုလိုက်ကြသည်ဖြစ်ရာ အောင်ဆန်းသည် ကလေးဆိုးကြီးကဲ့သို့ ဖြစ်နေပါသည်။ လိုချင်သည်ကို မရမနေ ငိုယိုတောင်းဆိုတတ်ပါသည်။ ရလည်း ရပါသည်။ ကြီးသည့်တိုင်အောင် မိမိပြောလိုရာ စွတ်၍ပြောတတ်ခြင်း၊ လုပ်လိုရာကို စွတ်လုပ်တတ်ခြင်းတို့သည် ငယ်စဉ်က အလိုလိုက်ခံခဲ့ရခြင်းကြောင့် ဖြစ်သည်ဟု ထင်ပါသည်။

... အလိုလိုက်ခံရသော်လည်း အောင်ဆန်းမှာ မတရားလုပ်ချင်သည့် စိတ်ဓာတ်မျိုး မရှိပါ။ မိမိကိုယ်မိမိ ယုံကြည်သူဖြစ်သည့်အတိုင်း သူများအား မနာလိုသည့်စိတ် မရှိပါ။ မိမိထက်ကြီးသွားမည်ကို စိုးသည့်အတွက် ခြေထိုးလိုသည့်စိတ်မျိုးလည်း အလျင်းမရှိပါ။

... အောင်ဆန်းသည် အလွန်ရိုးသား၍ စားချင်လျှင် စားချင်သည်၊ လိုချင်လျှင် လိုချင်သည်၊ ကြောက်လျှင် ကြောက်သည် စသည်ဖြင့် ဖွင့်ဟ ဝန်ခံတတ်ပါသည်။ မည်သည့်အခါမှ လိမ်မပြောတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ငယ်စဉ်က နတ်မောက်ဆွမ်းကြီးလောင်း အသင်းက ကြီးမှူး၍ ဝါတွင်း၌ အပတ်စဉ် အိုးစည်ဗုံမောင်းဖြင့် အလှူခံထွက်ပါသည်။ လူတစ်ယောက်က ဖိုးသူတော်အရုပ်ကြီးထဲ ဝင်ပြီးကပါသည်။ ထိုအရုပ်ကြီးကို အောင်ဆန်း အလွန်ကြောက်ပါသည်။ ထိုအရုပ်ကို ကြောက်ရကောင်းလားဟု ဖခင်က ဆူပူအပြစ်တင်သောအခါ "ဖင်ခေါင်းထဲ သွင်းထား ဘယ်နယ့်လုပ်မလဲဗျာ့"ဟု ပြန်ဖြေပါသည်။

ခေါင်းတုန်တုန် လည်တုန်တုန် ဖြစ်နေသော မယ်ရွှေအို ဆိုသည့် အမယ်ကြီးကိုလည်း သူကြောက်၍ ကြောက်ကြောင်းကိုလည်း သူဝန်ခံပါသည်။ ညအိပ်လျှင် မိခင်ကို ဖက်အိပ်လေ့ရှိ၍ မိခင်ကို သူ့ဘက်သို့ အမြဲလှည့်အိပ်စေချင်သည်။

အိမ်နားရှိ ကာကာဆိုင်သို့လည်း သူ မသွားရဲပါ။ တစ်နေ့သ၌ ကာကာဆိုင်သို့သွားပြီး ဘီ-ဒီ ဆေးလိပ်များဝယ်ပြီး ချိုးကြည့်ပါသည်။ မိခင်သိသောအခါ ကလေးအား ဆေးလိပ်ရောင်းလိုက်သော ကုလားထံသွား၍ ဆူပူအပြစ်တင်ပါသည်။ ဆိုင်ရှင်ကာကာက မိခင်ကို တောင်းပန်၍ အောင်ဆန်းဘက်သို့ လှည့်ကာ"နောက်တစ်ခါလာရင် ဘန်းဘူးပေးမယ်"ဟု ပြောလိုက်ရာ အောင်ဆန်းက "ဘန်းဘူးပေးမယ်ဆိုတာ ဘာလဲ"ဟု မိခင်ကို မေးပါသည်။ မိခင်က "ဘန်းဘူးပေးမယ်ဆိုတာ... ရိုက်မယ်လို့ပြောတာ"ဟု ပြောလိုက်ရာ၊ အောင်ဆန်းသည် ထိုနေ့မှစ၍ ကာကာဆိုင်သို့ မသွားတော့ပေ။

နေမကောင်းလျှင် ပိုက်ဆံပေးမှ ဆေးသောက်မည်ဟု



အကြပ်ကိုင်တတ်သဖြင့် အောင်ဆန်းသည် နေမကောင်းတိုင်း မိခင်ထံမှ ငွေဒင်္ဂါး လေး, ငါးဆယ်ရပါသည်။ (ထိုခေတ်က ငွေစက္ကူပေါ်သေးဟန် မတူပါ။)

နတ်မောက်၌ တစ်ဆိုင်တည်းသာရှိသော ကာကာဆိုင်သို့ မသွားရဲသဖြင့် သူလိုချင်သည့်ပစ္စည်းများကို ကျွန်တော်က ဝယ်ပေးရပါသည်။ ကျွန်တော်လိုချင်သည်တို့ကိုလည်း သူ့ငွေဖြင့်ပင် ဝယ်ခွင့်ပေးပါသည်။ ညီအစ်ကို ရန်ဖြစ်သောအခါ သူ့ငွေပြန်ပေးရန် တောင်းတတ်ပါသည်။ မိခင်က "နင်အစက ဘာလို့ပေးသလဲ"ဟု ပြန်မေးသောအခါ "အို-သူက ညီအစ်ကိုချင်းပဲကွာ၊ ဘာ-ညာနဲ့ ပြောတာကိုးဗျာ့"ဟု ဖြေသဖြင့် ကျွန်တော်တို့ ရယ်ကြရပါသည်။ အောင်ဆန်းသည် မည်သည့်အခါမှ လုပ်ကြံ၊ လည်ဆယ်၍ မပြောတတ်ပါ။ ပေးခဲ့လျှင်လည်း ပေးခဲ့သည်၊ လုပ်ခဲ့လျှင်လည်း လုပ်ခဲ့သည်ဟု ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံတတ်ပါသည်။

ကျွန်တော်တို့မိခင်သည် အလွန်ပညာလိုလားရကား ကျွန်တော်တို့ ငါးနှစ် ခြောက်နှစ်အရွယ်ရောက်လျှင် ကျောင်းထားပါသည်။ အောင်ဆန်းသည် ကျောင်းနေရမှာ ကြောက်သဖြင့် "အစ်မ နေမှ နေမယ်"ဟု မိခင်ကို ပြောပါသည်။ (ကျွန်တော်တို့မိခင်ကို ကျွန်တော်တို့က "အစ်မ"ဟု ခေါ်ကြပါသည်။) အထွေးဆုံး သားကလေးကို အလွန်ချစ်သော မိခင်သည်လည်း အောင်ဆန်းကို ကျောင်းမပို့ရက်ဘဲ ခွင့်လွှတ်ထားရပါသည်။

ကျွန်တော် ၁၁ နှစ်သား အရွယ် ရောက်သောအခါ ရှင်ပြု၍

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ဝတ်ပါသည်။ ခုနစ်နှစ်ကျော်၍ ရှစ်နှစ်သားရှိနေပြီဖြစ်သော အောင်ဆန်းသည် ကျောင်းမနေသော်လည်း ကျွန်တော့်ထံသို့ နေ့စဉ်လာပါသည်။ ထိုသို့လာရင်း ကိုရင်ဝတ်ချင်စိတ် ပေါက်လာသဖြင့် ကိုရင်ဝတ်ပေးရန် မိခင်ကို ပူဆာပါသည်။ ချက်ကောင်းကို ယူတတ်သော မိခင်က "ကိုရင်ဝတ်တယ်ဆိုတာ လွယ်တာ မဟုတ်ဘူးကွ၊ စာတတ်မှာ ဝတ်ရတာ။ မင်းလို စာမတတ်တဲ့လူက ကိုရင်ဝတ်လို့ ဘယ်ဖြစ်မလဲ"ဟု ဆွပေးလိုက်ပါသည်။ "ဒီလိုလား၊ ဒီလိုဆို ကျောင်းနေမယ်"ဟု ပြောပြီး အောင်ဆန်းသည်။ ထိုအချိန်မှစ၍ ကျောင်းနေပါတော့သည်။ ဤသို့ဖြင့် အောင်ဆန်းသည် နတ်မောက်ရှိ ဒီပင်္ကရာကျောင်းခေါ် ဦးသောဘိတ ကျောင်းသား ဖြစ်လာပါသည်။ ဦးသောဘိတ ကျောင်းသည် ဘုန်းကြီးကျောင်းဖြစ်သော်လည်း အတန်းကျောင်း ဖြစ်ပါသည်။

... အောင်ဆန်းသည် ကျောင်းနေသည့်အချိန်မှစ၍ အတန်းဌ္ဌ အမြဲတမ်း ပထမရပါသည်။ ကျောင်းအုပ်ဘုန်းတော်ကြီးနှင့်တကွ ဆရာ–ဆရာမများကို အလွန်ကြောက်ရွံ့ရိုသေ၍ အလွန်အပိုးသေပါသည်။ စည်းကမ်းသေဝပ်ခြင်း၊ တာဝန်သိတတ်ခြင်း၊ လုံ့လဝီရိယရှိခြင်းတို့သည် အောင်ဆန်း၏ ဗီဇပင် ဖြစ်ပါသည်။ ထိုဗီဇများကို မိဖများထံမှ ရသည်ဟု ဆိုချင်ကလည်း ဆိုနိုင်ပါသည်။

... စိတ်နေသဘောထားအားဖြင့် အောင်ဆန်းသည် ဖခင်နှင့် ပို၍တူပါသည်။ ကျွန်တော်တို့ဖခင်သည် ရှာမှရှားသော



လူအေးတစ်ယောက်ဖြစ်၍ မည်သူကိုမျှ ရန်မပြု။ မိမိကို ရန်ပြုကြလိမ့်မည်ဟု မထင်သူ ဖြစ်ပါသည်။ အိမ်၌လည်းကောင်း၊ ခရီးသွားလာရာ၌လည်းကောင်း မိမိကိုယ်ကို ကာကွယ်ရန် မည်သည့်လက်နက်ကိုမျှ ကိုင်ဆောင်လေ့မရှိပါ။ ... မိခင်သည် မည်သည့်အခါမျှ အမှုမဲ့ အမှတ်မဲ့ နေတတ်သူ မဟုတ်ပါ။ ခရီးသွားလာရာတွင် နှုတ်က သမ္မုဒ္ဒေရွတ်လျက် လက်ကလည်း ဓားကို ကိုင်ထားလေ့ရှိပါသည်။

အောင်ဆန်းသည် ဖခင်ကဲ့သို့ အမှုမဲ့ အမှတ်မဲ့ နေတတ်ပါသည်။ ထို့ကြောင့်ပင် ငယ်စဉ်က သူတစ်ပါး၏ ရိုက်နှက်ခြင်းခံရ၍ ကြီးလာသောအခါ၌လည်း ရေတိမ်တွင် အနစ်ခံရပါသည်။ မိခင်ကဲ့သို့ သတိဝီရိယရှိပါမူကား ရေတိမ်တွင် အနစ်ခံရမည် မဟုတ်ပါ။

... အောင်ဆန်းကား ငယ်စဉ်မှစ၍ ကျဆုံးသည့်နေ့အထိ မည်သူ့ကိုမျှ မနှိပ်စက်လို၊ မနှိပ်စက်ခဲ့။ မိမိကိုလည်း နှိပ်စက်ရန်ရှာလိမ့်မည်ဟု မထင်သူ ဖြစ်ပါသည်။

**"လုပ်ရဲတာ သတ္တိမဟုတ်ပါဘူး၊ ခံရဲတာမှ သတ္တိပါ"**ဟု ကြီးလာသောအခါ မိမိနှင့် ရင်းနှီးသူများကို မကြာခဏ ပြောလေ့ရှိပါသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



သခင်လှမြိုင်(ဗိုလ်ရန်အောင်)နှင့် သခင်အောင်ဆန်း(ဗိုလ်တေဇ)တို့နှစ်ဦး
ဗိုလ်မိုးကြိုးအိမ်တွင် တည်းခိုကြစဉ်



အခမ်းအနားတစ်ခု၌ မိန့်ခွန်းပြောနေသည့် ဗိုလ်ချုပ်အောင်ဆန်း

## ဗိုလ်ချုပ်နှင့် ဗေဒင်အပေါ် သဘောထား

မိမိတို့ နိုင်ငံသားများသည် ဗေဒင်ကိန်းခန်းကို ယုံကြည်သူများ ဖြစ်ကြ၏။

လူတစ်ယောက် စတင်မွေးဖွားပြီဆိုလျှင် ဇာတာဖွဲ့ကြ၏။ မွေးနေ့မွေးနံနှင့် လိုက်လျောညီထွေစွာ နာမည်ပေးကြသလို အတိတ်နိမိတ်ကောက်၍သော်လည်းကောင်း၊ အခြားအခြားသော နည်းပညာရပ်တို့ဖြင့်လည်းကောင်း နာမည်ပေးတတ်ကြ၏။ ဗိုလ်ချုပ်သည်ပင် စနေနေ့ဖွား စနေသားဖြစ်သည့် အားလျော်စွာ ဇာတာရက်ချုပ်ထဲတွင် "ထိန်လင်း"ဟု မှည့်ခေါ်ခဲ့ပေသည်။ ထိန်ဆိုသည့် စကားမှာ စနေနံပင် ဖြစ်၏။ ထိန်လင်းဆိုသည့် အမည်သညာမှာ အတိတ်နိမိတ်ကောက်၍ မှည့်ခေါ်ခြင်း ဖြစ်ပေ၏။

ထို့ပြင် ဗိုလ်ချုပ်၏ မွေးရက်မှာ (၁၃) ရက်ဖြစ်နေပေရာ (၁၃) ဆိုသော ဂဏန်းသည် လူတိုင်းလိုလို ကြောက်ရွံ့သော

www.burmeseclassic.com

www.burmeseclassic.com



ဂဏန်း ဖြစ်၏။ ထို (၁၃) သည် (၄) ဂဏန်း၌လည်း အကြုံးဝင်ပေ၏။ ထို (၄) ဂဏန်းမှာလည်း ထူးခြားသော ဂဏန်းဖြစ်ပေရာ ဗိုလ်ချုပ်အနေဖြင့် ထို (၁၃)ဂဏန်း၊ (၄) ဂဏန်းတို့အပေါ်တွင် လည်းကောင်း၊ ဗေဒင်ပညာရပ်တွင်လည်းကောင်း၊ လေ့လာလိုက်စားသူပီပီ (မြန်မာနိုင်ငံလွတ်လပ်ပြီး နောက်ပိုင်း၌ နိုင်ငံရေးလောကမှ ထွက်ကာ) စာရေးဆရာလုပ်လိုသူပီပီ သူ၏အတ္ထုပ္ပတ္တိကို အင်္ဂလိပ်လို ရေးသားခဲ့လေ၏။ ထိုရေးသားချက်ကို ဒုတိယ ဗိုလ်မှူးကြီးဘိုက ဘာသာပြန်ဆိုပေး၏။ ဒီးဒုတ်ဦးဘချိုက ပြင်ဆင်ပေး၏။ အဆိုပါ ဘာသာပြန်ချက်ထဲမှ လိုရင်းကို ထုတ်နှုတ်၍ တင်ပြလိုက်ပါ၏။

... ကျွန်တော့်အဖို့ စင်စစ်အားဖြင့် တနင်္ဂနွေနံဖြစ်သော ယခုလက်ရှိ နာမည်ကိုပင် ခုအရွယ်ထိတောက်လျှောက် အခေါ်ခံခဲ့ရလေသည်။ ဘယ်အသက် ဘယ်အရွယ်ရောက်မှ ကျွန်တော်၏ ငယ်နာမည်ပျောက်၍ ကြီးနာမည်ရောက်သည်ကိုကား မည်သို့မျှ မမှတ်မိတော့ချေ။ သို့သော်လည်း ကျွန်တော့်အထက်ဖြစ်သူ အစ်ကိုတော်က တစ်ခါပြောပြဖူးသဖြင့် ကျွန်တော့်အမည်သည် ဘာကြောင့် ဘယ်လိုပြောင်းရသည်ကို သိခဲ့ရ၏။

ထိုအစ်ကိုတော်၏ အကြံပေးချက်အရ ကျွန်တော့်မိဘများကလည်း ညီအစ်ကိုနှစ်ယောက် နာမည်ချင်းလိုက် ကာရန်ကိုက်အောင် ကျွန်တော့်မူလ ငယ်နာမည်ထက် ယခုလက်ရှိအမည်ကို မှည့်ခေါ်ရန် သဘောကျကြလေသည်။ ကျွန်တော့်အစ်ကို၏ အမည်မှာ တနင်္ဂနွေသားဖြစ်၍ “အောင်သန်း”ဟု တွင်၏။



မြန်မာမိဘများကိုယ်၌ကလည်း သားသမီးများကို တစ်ယောက်နာမည်နှင့် တစ်ယောက် လိုက်အောင် မှည့်ခေါ်ချင်သည်မှာ ဝါသနာအတိုင်း ဖြစ်နေကြ၏။ သို့မှည့်ခေါ်ခြင်းသည် မြန်မာလူမျိုးတို့ထဲတွင် ခေတ်စားလျက်ရှိ၏။ ယခုလို မှည့်ကြပြန်သောအခါ ဗေဒင်ကိန်းခန်း မွေးနေ့၊ မွေးနံတို့နှင့် မည်သို့မျှ မသက်ဆိုင်တော့ချေ။

ကျွန်တော့်အထင်အားဖြင့် ကျွန်တော်၏ တစ်သက်လျာကံကြမ္မာကို ဖန်တီးမည့် ကျွန်တော်မွေးဖွားစဉ်က ဂြိုဟ်နေဂြိုဟ်သွား အနေအထားမှာ ကျွန်တော့်အဖို့ အတော့်အတန်ကောင်းမွန်သည်ဟု ယူဆမိ၏။ မည်သို့ပင်ဖြစ်လင့်ကစား မြန်မာရှေးလူကြီးများ ပြောဖူးသည့်အတိုင်းဆိုလျှင် တစ်မိပေါက်တွင် နောက်ဆုံးမွေးသော သားထွေး၊ သမီးထွေးက စနေသား၊ စနေသမီးဖြစ်ခဲ့ပါက ထိုတစ်မိပေါက်မှာ ထိုသား/သမီး မွေးသည့်အချိန်က စ၍ ကောင်းကျိုးချမ်းသာ ပေးတတ်သည်ဟု အယူရှိကြ၏။

စာဖတ်သူ ယုံချင်ယုံ၊ မယုံချင်နေ။ ကျွန်တော့်အမေက ကျွန်တော်တို့ မိသားတစ်စုသည် ကျွန်တော် မွေးဖွားပြီးသည့်နောက်မှ မမွေးခင်ကထက် ပိုပြီး စီးပွားဖြစ်ကြောင်း တစ်ခါပြောဖူး၏။ ယခုလို ဗေဒင်နက္ခတ်နည်းဖြင့် အဓိပ္ပာယ်ကောက်ယူခြင်းသည် နောက်ဆုံး၌ အကယ်စိုင်ခိုင်မာမာ မှန်သည်၊ မမှန်သည်ကို ပြောနိုင်လောက်အောင် ကျွန်တော်လည်း မစွမ်းနိုင်ချေ။ ကမ္ဘာကျော် နက္ခတ်ဗေဒင်ဆရာကြီး “ကိုင်ရို”ကမူ ရှေ့ပြေးများကို ထိတ်ခမန်း၊ လန့်ခမန်း ဟောပြောခဲ့ဖူးပြီ။ ဟောသည့်အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လောဒ်ကစ်ချင်းနား အနိစ္စရောက်ခြင်း၊ အင်္ဂမကြောက် အက်ဒွက်ဘုရင် နန်းစွန့်ရခြင်းဖြင့် အခြားအဖြစ်အပျက် အများအပြားပင် မှန်ကန်ခဲ့သည်ကို တွေ့ရလေသည်။ ကျွန်တော့်စိတ်၌မူ ဤသို့ဖြစ်ပျက်ခြင်းများကို အမှတ်တမဲ့ဖြစ်သည်။ သို့မဟုတ်ဘဲ ဝမ်းနည်းစရာ ဝမ်းသာစရာဖြင့် "ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်" ဆိုသည့်အလား တိုက်ဆိုင်မှုများသာ ဖြစ်သည်ဟု မယူဆအပ်ကြောင်း ထင်ရှားသည်ဟု ယုံကြည်မိ၏။ ကိုင်ရိုရေးသားထားသော "ဂဏန်းဟောကျမ်း"တွင်မူ ကျွန်တော်၏ မွေးဂဏန်းလည်း ဖြစ်သည့် (၁၃) အကြောင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးသား ဟောကြားထား၏။

လူတိုင်းလိုလိုပင် ဂဏန်း ၁၃ ကို အထူးတလည်ကြောက်ရွံ့ကြလေသည်။ အမှန်စင်စစ်ကိုသာ သိကြလျှင်မူ ဂဏန်း ၁၃ သည် သူတို့ထင်သလောက် နိမိတ်မကောင်းသည့်ဂဏန်း မဟုတ်ချေ။

ဂဏန်း ၁၃ နှင့် သက်ဆိုင်သော အရုပ်ကားကို အမျိုးမျိုးအဖုံဖုံ ရေးကြဆွဲကြသော်လည်း အမြဲတစေသဘောတစ်ခုထဲပင် ဆောင်လေသည်။ ထိုပုံတွင် လယ်ထဲ၌ အရိုးစုတစ်ခုသည် ကောက်ရိတ်လျက်၊ ၎င်း၏ ခြေနှင့်လက်များသည် အသစ်ပေါက်သော မြက်တောထဲမှ ထိုးထောင်နေ၏။ သရဖူဆောင်းထားသည့် ယောကျ်ားဦးခေါင်းတစ်လုံးသည် ဆံပင်ကို ခေါင်းအလယ်တည့်တည့်တွင် ခွဲကာဖားလျားချပြီး နောက်ပိုင်းနားတွင် ပေါ်ထွက်နေသည်။



ဤမျှ ထူးဆန်းထွေလာ အတိတ်ပြ, နိမိတ်ပြ အဓိပ္ပာယ် နက်နဲလှသော အရုပ်ကား၏ အမှန်သဘောကို လှန်လှော၍ သိရှိနားလည်ရန် ဂဏန်း ၁၃ မှ ၁ နှင့် ၃ ခုနှင့် ပေါင်းရသော ၄ ဂဏန်းတစ်ခုတည်း၏ အဓိပ္ပာယ်ကို ပြန်ပြောင်းစိစစ်ရပေမည်။

၄ ဂဏန်းတစ်လုံးသည် သူကိုယ်တိုင်ကပင် ထူးဆန်းသော ဂဏန်းတစ်လုံးဖြစ်သည်။ ဤဂဏန်း စီးနင်းခြင်းခံရသူ လူများသည် အထင်လွဲ အမြင်လွဲ ခံရတတ်၏။ အဖော်မပါဘဲ တစ်ကိုယ်တည်းသာ နေရတတ်၏။ မိမိတို့အား အမြဲတစေ တိတ်တဆိတ်ကြိတ်၍ ကြံစည်သော ရန်သူများနှင့် အတိုက်အခံပြုရတတ်၏။ ရပ်ရွာကိစ္စ၊ အစိုးရကိစ္စတို့တွင် ထုံးတမ်းစဉ်လာကို မှတ်၍ ခေတ်ပြောင်းတော်လှန်တတ်ကြသည်။ ၄ ဂဏန်း စီးနင်းထားသူတို့သည် အမျိုးစုံသော လူမှုရေးပြဿနာများ၊ ခေတ်ပြောင်းပြုပြင်ရေးကိစ္စများကို ဆောင်ကြဉ်းရန် ဝါသနာပါကြသည်။ သူတို့သည် အထက်အာဏာပိုင်များကို ပုန်ကန်ခြားနား၍ သမ္မတနိုင်ငံသစ်ကိုလည်းကောင်း၊ ထီးသစ်, နန်းသစ်များကိုလည်းကောင်း တည်ထောင်စိုက်ထူတတ်လေသည်။

၁၃ ဂဏန်းသည် ဤအထက်တန်းကျသော ဂုဏ်ပုဒ်တို့နှင့် အားလုံးပြည့်စုံသည်သာမက ပို၍ပင် နက်နဲထက်မြက်ပေ၏။

အထက်ပါ ကိုင်ရို၏ ဟောစာတမ်းသည် ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



အတွက်မူ ယခုထိ တစ်စိတ်တစ်ဒေသ မှန်သင့်သလောက် မှန်ခဲ့ချေပြီ။

ဗေဒင်ပညာ၌ ဤသို့သော မှန်နိုင်သည့် သတ္တိတစ်ခုခုရှိဟန်တူလေသည်။ သို့ရာတွင် ထိုဗေဒင်၏ သဘာဝကို လုံးဝနားလည်ကာ စနစ်တကျ လောကဓာတ်ပညာတစ်ရပ်ဖြစ်အောင် ရုံစုရေးကာ ထိုပညာတွင် ပါရှိသည့် မှန်ကန်အောင် အဟောထုတ်နိုင်ခြင်းဆိုင်ရာ အဓိကဖြစ်သော အခြေခံအကြောင်းတရားကို ဗေဒင်ပညာ လိုက်စားသူတို့ ရှာဖွေတွေ့ရှိလာသော အချိန်အခါအထိ စောင့်ဆိုင်းနေကြရပေသည်။

လူသတ္တဝါဆိုသည်မှာ မူလအားဖြင့် ဤစကြဝဠာကမ္ဘာလောက၏ သားသမီးဟု ဆိုရပေမည်။ စကြဝဠာကမ္ဘာလောက၏ သဘာဝဓမ္မ နိယာမတရားတို့၏ အသွားဖြောင့်မှန် အကျိုးသန်ရေးတို့ကို ပါဝင်ကူညီ စွက်ဖက်နိုင်သည်ဟု ဆိုရစေကာ ထိုတရားတို့၏ ပြုပြင်ဖန်တီးမှုတို့ကို ခံယူလျက် ရှိနေကြရပေသည်။

*(ဤကား ဗေဒင်ပညာဆိုင်ရာ ၁၃ ဂဏန်း၊ ၄ ဂဏန်းတို့အပေါ်တွင် ဗိုလ်ချုပ်၏ လေ့လာမှုနှင့် ထင်မြင်ယူဆထားချက်တို့ ဖြစ်ပါသည်။)*

❒



လှုထုတရားပွဲသို့ မိန့်ခွန်းပြောရန်ရောက်လာသည့် ဗိုလ်ချုပ်အောင်ဆန်း




အစည်းအဝေးတစ်ခု၌ မိန့်ခွန်းပြောရန်တာစူနေသည့် ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်ကို ကြိုဆိုကြသည့် နိုင်ငံခြားသားများ



အမျိုးအိမ်သို့ ဗိုလ်ချုပ်တို့ရောက်ရှိခဲ့စဉ်

## လွတ်လပ်ရေးအတွက် ဗိုလ်ချုပ် ဘာတွေပြောခဲ့သလဲ ဗိုလ်ချုပ် ဘာတွေရေးခဲ့သလဲ

● အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကား သခင်အောင်ဆန်းဘဝကတည်းကပင် စိတ်ကူးယဉ်သမားမဟုတ်။ လက်တွေ့သမားဖြစ်၏။ သို့ရာတွင် မိုက်ရူးရဲ တခောက်ကန်းလည်း မဟုတ်ပြန်။ မှန်ကန်မည့် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးမှသာ လမ်းစဉ်ချမှတ်သူ ဖြစ်၏။

"သူပုန်ထတယ်ဆိုတာ အခါအခွင့်ကောင်းရမှ ထရတယ်၊ အင်္ဂလိပ်တွေ ဒုက္ခရောက်နေတဲ့ အခိုက်လည်း ဖြစ်ရမယ်။ ကိုယ့်မှာလည်း လူအင်အား လက်နက်အင်အား ရှိရမယ်။ မြန်မာပြည်ဟာ တိုင်းပြည်ငယ်လေးဖြစ်လို့ အားကိုးရမယ့် တိုင်းပြည်ကြီးတစ်ခုနဲ့လည်း ဆက်သွယ်မိပြီး ဖြစ်ရမယ်။ အဲဒီလို အကြောင်းအမျိုးစုံတဲ့ အခါကျမှ သူပုန်ထရမယ်။ ဒါမှမဟုတ်ရင် မိုက်ရာကျတော့မပေါ့"

* * *

သခင်အောင်ဆန်းသည် သခင်လှမြိုင် (နောင်–ဗိုလ်ရန်အောင်) နှင့်အတူ တရုတ်ပြည်သို့ ခိုးထွက်ရန် စီစဉ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် တရုတ်-မြန်မာ လမ်းမကြီးမှာ ပိတ်နေပြီဖြစ်ရာ သခင်အောင်ဆန်းတို့သည် ကုန်းလမ်းဖြင့် မသွားနိုင်ကြဘဲ ပင်လယ်ခရီးဖြင့် သွားရန် စီစဉ်ရတော့၏။ ရေးဦးစွာ သင်္ဘောဖြင့် "အမွိုင်"မြို့သို့သွား၍ ထိုမှတစ်ဆင့် တရုတ်ပြည်အတွင်းသို့ သွားရန် ဖြစ်ပါသည်။

… ၁၉၄၀ ပြည့်၊ ဩဂုတ်လ ၈ ရက်နေ့ညတွင် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် တရုတ်လူမျိုးများကဲ့သို့ ရုပ်ဖျက်၍ တရုတ်သင်္ဘော "ဟိုင်လီ" ဆိုက်ကပ်ထားရာသို့ သွားကြပါသည်။ သခင်အောင်ဆန်းသည် "တန်လူရှောင်"၊ သခင်လှမြိုင်က "တန်ဆူတောင်"ဟူသော တရုတ်အမည်များကို ယူ၍ ရေးဦးစွာ သင်္ဘောဆိပ်သို့ လန်ချားဖြင့် သွားကြပါသည်။

… သခင်အောင်ဆန်းသည် လုပ်မည်ဟု ဆုံးဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် နောက်ပြန်မကြည့်ဘဲ ရှေ့သို့သာ ဆက်လက် ချီတက်တတ်သူ ဖြစ်သည်။ မည်သို့သော အခက်အခဲမျိုးနှင့် ရင်ဆိုင်ရစေကာမူ ရည်မှန်းထားသော ပန်းတိုင်သို့ မရောက်မချင်း ချီတက်တတ်သည့် "လေ့ခွက်ချည်းကျန်၊ အလံမလှဲ"ဟူသည့် လူစားမျိုးဖြစ်၏။

သွားမည့်သာ သွားရသည်။ သခင်အောင်ဆန်းတို့၏ ရှေ့ရေးကား အားရဖွယ်ရာမရှိလှပေ။ သူ၏ရဲဘော်များက သူတို့စရိတ်အတွက် ငွေ ၂၀၀ မျှလောက်သာ ပေးလိုက်နိုင်ပါသည်။ သွားရမည့် နေရာကိုလည်း တစ်ခါမျှ မရောက်ဖူး။ အသိမိတ်ဆွေဟူ၍လည်း တစ်ယောက်မျှ မရှိ။ အချိန်ကလည်း စစ်ဖြစ်နေချိန်



ဖြစ်ရာ အသက်အန္တရာယ်နှင့် နီးကပ်လှပေ၏။ ထိုအကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာသောအခါ "ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ"ဆောင်းပါး၌ အောက်ပါအတိုင်း ရေးသားခဲ့ရာ သေခြင်းနှင့်ပတ်သက်၍ တိုင်းပြည်အတွက် သေခြင်းက မြတ်သည့်သဘောမှာ ထင်ရှားလှပေ၏။

"… ကျွန်ုပ်၏ ခရီးစဉ်မှာ အမွိုင်မြို့ဖြစ်၏။ ထိုမြို့မှနေ၍ ကျွန်ုပ်၏ လုပ်ဆောင်စရာရှိသည့် ကိစ္စများကို ခန့်ခွဲစီမံရမည် ဖြစ်၏။ ကျွန်ုပ်၏အဖြစ်ကား သန်းကောင်ကွယ်တောရပ်လယ်၌ ရောက်ရှိနေသောသူပမာ ရှိနေတော့သည်။ ကျွန်ုပ်သွားရမည့် နေရာနှင့်ပတ်သက်၍ ကျွန်ုပ် ဘာတစ်ခုမျှ မသိ။ ဆွေလည်းမရှိ၊ မျိုးလည်းမရှိ။ ကမ္ဘာ့အရှေ့ပိုင်းသားသည် အရှေ့ပိုင်းအကြောင်း အတုအယောင်မျှလောက်သာသိ၏။ သိသံမျှလည်း မရေရာလှ။ ဆိုးဝါးလှလေစွ။

အလုပ်အစီအစဉ်ဟူ၍ ဘာမျှ အတိအကျရှိလှသည် မဟုတ်ချေ။ ကျွန်ုပ်၏ မြော်မြင်တတ်သမျှ ဉာဏ်ဖြင့်သာကြုံရမည့်အရေးဟူသရွေ့ကို စီမံအုပ်စီးရန် ကျွန်ုပ်၏ ရဲဘော်များက အာဏာကုန် လွှဲအပ်လိုက်ခြင်းဖြစ်လေသည်။ အဘယ်သို့ပင်ဖြစ်စေ… ငါသည် အကယ်၍ သေသွားသည့်တိုင်အောင် မြတ်သောသေခြင်း၊ နိုင်ငံအတွက် သေခြင်း ဖြစ်သည်ဟု ကိုယ့်ကိုယ်ကို နှစ်သိမ့်ရတော့၏ …"။

* * *

www.burmeseclassic.com

www.burmeseclassic.com



သခင်အောင်ဆန်း၊ ဗိုလ်တေဇ… တို့မှ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်လာခဲ့သော အမျိုးသား ခေါင်းဆောင်ကြီးကား အခြေအနေမှန်ကို သုံးသပ်တတ်သူဖြစ်၏။ ခြောက်တိုင်း မကြောက်သကဲ့သို့ မြှောက်တိုင်းလည်း မမြှောက်တတ်ပေ။ ၎င်းအပေါ် ဂုဏ်ပြုဖွဲ့ဆိုထားသော သီချင်းတို့၌လည်း သာယာယစ်မူးနေသူ မဟုတ်ချေ။

၁၉၄၂ ခုနှစ်၊ မေလ ၁၉ ရက်နေ့၌ ထမင်းစားပွဲတစ်ခုတွင် ဗိုလ်ချုပ်အောင်ဆန်းသည်…

"…မိမိသည် ထမင်းစားပွဲများ၊ ဧည့်ခံပွဲများ တက်ရောက်ရန် ဝါသနာမပါခဲ့ကြောင်း၊ ယနေ့ မနေသာ၍ တက်ရောက်လာသော်လည်း ရှက်ကြောင်း၊ ထမင်းစားပွဲကြီး ကျင်းပ၍ ဧည့်ခံသူများက တိုင်းပြည်ခေါင်းဆောင်ကြီးများဟာ တိုင်းပြည်အတွက် ဆောင်ရွက်အောင်မြင်ပြီး ပြန်လာကြတယ်ဆိုတဲ့ အထိမ်းအမှတ်နဲ့ ဧည့်ခံခြင်းဖြစ်ကြောင်း၊ မိမိဘာမျှ ခြားခြားနားနား မဆောင်ရွက်ခဲ့ရသဖြင့် ထမင်းမစားလိုသေးကြောင်း၊ ဗိုလ်မှူးကြီး၊ အာဇာနည်ကြီးဟု ချီးကျူးကြသည်ကိုလည်း မခံလိုသေးကြောင်း၊ မိမိသည် မည်သည့်ပါတီမျှ မလိုက်၊ မိမိကြီးမှူးသော ဗမာ့ကာကွယ်ရေးတပ်မတော်သည်လည်း ဘယ်ပါတီနှင့်မျှ မဆိုင်၊ တစ်ပြည်လုံးနှင့်သာ ဆိုင်ကြောင်း"

ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့ပေရာ "ဝ"မရှိဘဲ "ဝိ"လုပ်



လိုသူ မဟုတ်။ အခြေအနေအမှန်ကို ကောင်းစွာ ဝေဖန်သုံးသပ်သူ၊ ရိုးသားတည်ကြည်သူ ဖြစ်ပေ၏။

* * *

ဗိုလ်ချုပ်သည် အချို့သောပုဂ္ဂိုလ်များ ယူဆသကဲ့သို့ ဂျပန်စစ်နိုင်လိမ့်မည်ဟု မယုံကြည်ခဲ့ပေ။ ၁၉၄၂ ခုနှစ်၌ ဂျပန်သည် အရှေ့တောင်အာရှရှိ နိုင်ငံအားလုံးလိုကို သိမ်းပိုက်ထားချိန်တွင်ပင်…

"ဂျပန်တော့ အများကြီး မျိုထားတာပဲ၊ အစာချေနိုင်၊ မချေနိုင် စောင့်ကြည့်ရမှာပဲ"

ဟု ဆိုဖူးသည်။ အချို့ပုဂ္ဂိုလ်များ ယူဆသကဲ့သို့ ဂျပန်က မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပေးလိမ့်မည်ဟူ၍ ဗိုလ်ချုပ်သည် မယုံကြည်ခဲ့ပေ။ သို့ဖြစ်၍ ဘီအိုင်အေ တပ်မတော်၏ သေနာပတိ ဗိုလ်တေဇအဖြစ် ထုတ်ဝေကြေညာသော စာတမ်းတစ်စောင်၌–

"လွတ်လပ်ရေးမည်သည် သူများ၏ နို့သက်ခံစို့နေ၍ မရနိုင်။ မိမိတို့အားကို မိမိတို့ဘာသာ ကြိုးပမ်းရမည်"

ဟူ၍ ရေးသားဖော်ပြထားလေ၏။

* * *

ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ဌာနက ကရင်နီခေါင်းဆောင်များကို ရန်ကုန်ဘုရားလမ်း၊ ဆန်း–ကဖီး၌ နံနက်စာထမင်းစားပွဲဖြင့် ဧည့်ခံပြုစုနေစဉ်က ဖြစ်၏။

ကရင်နီလူထုသည် ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ကရင်နီခေါင်းဆောင်များသည် အင်္ဂလိပ်လက်အောက်မှာ သူတို့မနေလိုကြောင်း၊ ကရင်နီနယ်၌ ရှိသော သစ်တောတွင်းများကို အင်္ဂလိပ်ကုမ္ပဏီကြီးက မတရားအပိုင်စီးထားပြီး အများအကျိုးစီးပွားကို လက်ဝါးကြီးအုပ်ထားခြင်းကို သူတို့မခံနိုင်ကြောင်း မြန်မာအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အကြောင်း ကြားသိရကာ လူကိုယ်တိုင်လာတွေ့သည့်အတွက် အင်္ဂလိပ်အရာရှိကြီးတစ်ဦး. အတင်း တားမြစ်သည့်ကြားမှပင် လာရောက် တွေ့ဆုံခြင်းဖြစ်ကြောင်း ရင်ဖွင့်ကြ၏။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက–

“ကျွန်တော်တို့ကတော့ လွတ်လပ်ရေးကို မရရအောင် လုပ်မှာပဲ။ လွတ်လပ်ရေးရဖို့အကြောင်းတွေကလည်း ရှိသေးတယ်။ ကျွန်တော်တို့ ဗမာပြည်ကြီးက လွတ်လပ်ရေးရပြီးတော့ ခင်ဗျားတို့တောင်တန်းဒေသနဲ့ ပြည်နယ်တွေ လွတ်လပ်ရေးမရဘဲ ကျန်နေရင်၊ ခင်ဗျားတို့နယ်ထဲမှာ အင်္ဂလိပ်တွေက အမြောက်ကြီးတွေ လာပြီးထောင်နေရင် ကျွန်တော်တို့ရတဲ့ လွတ်လပ်ရေးဟာ အလကားဖြစ်မှာပဲ။ ဒါကြောင့် ကျွန်တော်တို့ကတော့ ခင်ဗျားတို့ တောင်တန်းဒေသ၊ပြည်နယ်သားတွေနဲ့ သိပ်ပြီးပေါင်းချင်တာပါ။ခင်ဗျားတို့ဆီက ဘာရအောင်၊ ညာရအောင်ဆိုပြီး ကျွန်တော်တို့ အကျိုးအတွက် ခင်ဗျားတို့ကို ပေါင်းချင်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ရဟဲ့ လွတ်လပ်ရေး အသုံးမကျ ဖြစ်သွားမှာ



စိုးလို့ပါ။ ခင်ဗျားတို့နဲ့ သိပ်ပြီး ပေါင်းချင်တာက ဒီအကြောင်းကြောင့်သာ ဖြစ်ပါတယ်။

ခင်ဗျားတို့ကို ကျွန်တော်အတင်းပဲ (နသားဘားယား) လုပ်ရမှာပဲ”

ဟူ၍ ရယ်ရယ်ပြုံးပြုံးဖြင့် ရိုးရိုးကြီး တဲ့တိုးပြောချလိုက်ရာ ကရင်နီ ခေါင်းဆောင်များလည်း များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြလေတော့၏။

* * *

၁၉၄၇ ခု၊ မတ်လအတွင်း ဖ–ဆ–ပ–လ အဖွဲ့ချုပ် ဥက္ကဋ္ဌ အဖြစ် ဗိုလ်ချုပ်သည် ၎င်းနှင့်ဆိုင်သော အချက်အလက်များကို ဘွင်းဘွင်းကြီး ထုတ်ပြန်ခဲ့ရာ ထိုအထဲမှ အချို့ကို ကောက်နုတ်တင်ပြလိုက်ပါသည်။

“…ယနေ့အထိ ကျွန်တော်ခေါင်းဆောင်လျက်ရှိသော ဖဆပလကို ထောက်ခံအားပေးခဲ့သော ဗမာလူထုကြီးသည် ၁၃၀၈ ခု၊ တန်ခူးလဆုတ် ၄ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီး၌လည်း ယခုကဲ့သို့ပင် ကြံ့ကြံ့ခိုင်ခိုင် အားပေးမည်ဆိုလျှင် တစ်နှစ်အတွင်း ဗမာနိုင်ငံသည် လုံးဝ လွတ်လပ်ရေးရမည်ဟု ကျွန်တော် အာမခံဝံ့ပါသည်။

… ကျွန်တော်သည် တိုင်းပြည်ကို တစ်ခါဖူးမျှ တစ်ပတ်မရိုက်ခဲ့ဖူးသည်ကို လူထုကောင်းကောင်း သိရပါသည်။ အထူးရှင်းပြနေစရာမလိုပါ။ ဖက်ဆစ်ဂျပန် လက်ထက်က အသက်စွန့်ပြီး လက်ရုံးရည်သုံးခဲ့ရသည့်အချိန်

www.burmeseclassic.com

www.burmeseclassic.com



တွင် တိုင်းပြည်ကို တစ်ပတ်ရိုက်ပြီး ခေါင်းမရှောင်ခဲ့ပါ။ ကျွန်တော်ကိုယ်တိုင် လက်နက်ကိုင်ပြီး တော်လှန်ခဲ့သည်။ ကျွန်တော့်အတွက်မှာဆိုလျှင် လက်ရုံးရည်နှင့် နှလုံးရည် သည် ဘာမျှထူးခြားခြင်း မရှိပါ။ လူထုတစ်ခုတည်းကိုသာ ရှေးရှုပြီး သင့်သလို ကြည့်သုံးသွားမည်။

လူထုလွတ်လပ်ရေးအတွက် လမ်းလွဲမပြခဲ့သလို လူထု လွတ်လပ်ရေးအတွက် နှလုံးရည်ကို အသုံးပြုသည့်အခါ တွင်လည်း ပါးစပ်တော်လှန်ရေးသမားများ၊ စက္ကူတော်လှန် ရေးသမားများ၊ ကမူးရှူးထိုးသမားများ၏ ကဲ့ရဲ့ရှုတ်ချခြင်း ကို ကြောက်လန့်တုန်လှုပ်ပြီး လူထုကို ချောက်မတွန်းခဲ့ပါ။ လက်ရုံးရည်ကိုသော်လည်းကောင်း၊ လူထုလွတ်လပ်ရေး အတွက် အတိအကျသုံးရန် သင့်သည့် အချိန်အခါတွင် ဘာကိုမျှ မထောက်ထားဘဲ၊ လူထုကို တစ်ပတ်ရိုက်၍ မနေဘဲ တော်ဖြောင့်မှန်ကန်စွာ အသုံးပြုသွားမည်ကို စိတ်ချ ယုံကြည်ကြပါ။

... အမှန်စင်စစ် ယခုအချိန်ထိ လူထုကြီး၏ရှေ့တွင် ကျွန်တော် မားမားမတ်မတ် ရပ်နေနိုင်ခြင်းမှာလည်း ကျွန်တော် တော်လှ၍ မဟုတ်ပါ။ လူထုလွတ်လပ်ရေး အတွက် လမ်းမှန်ပေါ်ရောက်လာသည့် အခါတိုင်းတွင် အသက်စွန့်ရမည်ကိုလည်း မကြောက်။ ကဲ့ရဲ့ရှုတ်ချမည် ကိုလည်း မတုန်လှုပ်ဘဲ ဟုတ်တိုင်းမှန်ရာကို ကျွန်တော် ကိုယ်တိုင် ရှပ်ရှပ်ချွံချွံ ခေါင်းဆောင်၍ လုပ်ပြခဲ့သောကြောင့်



ပင် ဖြစ်ကြောင်းကို တိုင်းပြည်လူထုအသိပင် ဖြစ်သည်။"

* * *

ဗိုလ်ချုပ် ဒီမိုကရေစီ လေးစားပုံနှင့် ပတ်သက်၍ သတင်းစာ ဆရာ ဦးပုလေးက ဗိုလ်ချုပ်နှင့် နှစ်ယောက်ချင်း ပြောဆိုဆွေး နွေးခဲ့သည်ကို သူ၏ "ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ" စာအုပ်တွင် မှတ်တမ်းပြုခဲ့ပါသည်။

... ၎င်းနောက် ကျွန်ုပ်က-

"ဗိုလ်ချုပ်ရဲ့ လုပ်ငန်းစဉ်ကို ဆန့်ကျင်ဘက်လုပ်နေကြ သူများအား အထူးတလည် အရေးယူပြီး တစ်နည်းနည်း နှင့် ဖိနှိပ်ပစ်လျှင် ရှင်းမသွားပေဘူးလား။ ရှင်းသွားလျှင် အလုပ်လုပ်ရ မလွယ်ဘူးလား"

ဟု မေးသောအခါ-

"ကိုယ်နဲ့ ဆန့်ကျင်ဘက် လုပ်တဲ့သူတွေကို ဖိနှိပ် ရှင်းလင်းဖို့ဆိုတာ (အင်ဘီရှင်း ရှိတဲ့လူမျိုးမှ) ကိုယ်ကျိုး အရင်းခံတဲ့လူမျိုးမှ လုပ်နိုင်တဲ့စိတ်၊ ရက်စက်နိုင်တဲ့စိတ် ရှိတယ်။ ကျုပ်ကတော့ အဲဒီကိုယ်ကျိုးရှာ အရင်းခံ စိတ် ထားမျိုး မရှိဘူး။ ကျုပ်စိတ်မှန်းထားချက်ကတော့ ဗမာပြည် လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးမှ နုတ်ထွက်ပြီး အေးအေး ဆေးဆေး စာအုပ်ရေးဖို့ပဲ"

ထိုအခါ ကျွန်ုပ်က-

"လွတ်လပ်ရေး ရပြီးတဲ့နောက် နိုင်ငံရေးက နုတ်ထွက်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ရည်ရွယ်ထားတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် စဉ်းစားစရာ တစ်ခုက လူထုအစည်းအရုံးကြီး ဖြစ်လာတာဟာ ဗိုလ်ချုပ်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတာ ဖြစ်လေတော့ တည်မြဲဖို့ဟာလည်း ဗိုလ်ချုပ်အပေါ်မှာ တည်နေပါတယ်။

လွတ်လပ်ရေး ရပြီးတဲ့နောက် အလုပ်လုပ်စရာတွေဟာ ပိုလို့သာ များလာမှာပဲ။ အဲဒီအခါမျိုးမှာ ဗိုလ်ချုပ်နိုင်ငံရေး မလုပ်တော့ဘူးဆိုရင် အစည်းအရုံးကြီးဟာ အစိတ်စိတ် အမြွှာမြွှာ ဖြစ်သွားမှာ စိုးရိမ်စရာ မရှိပေဘူးလား"

ဟု ပြောသောအခါ–

"လွတ်လပ်ရေး ရပြီးတဲ့အခါကျရင် ပါတီသဘောတွေကတော့ အမျိုးမျိုးရှိကြမှာပဲ။ ဒီမိုကရေစီ ထုံးတမ်းစဉ်လာအတိုင်း အလုပ်လုပ်သွားကြရမှာပဲ"

ဟု ပြန်ဖြေ၏။ တစ်ခါက ကျွန်တော့်အားလည်း ဗိုလ်ချုပ်က–

"လွတ်လပ်ရေးရပြီးရင် နိုင်ငံရေးက ထွက်တော့မယ်။ မထွက်လို့လည်း မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လွတ်လပ်ရေးပြီးရင် အာဏာနိုင်ငံရေး လာတော့မယ်။ အာဏာနိုင်ငံရေးနဲ့ ကျွန်တော်နဲ့ မဖြစ်ဘူး"

ဟု ပြော၍–



"အဲဒီအခါကျရင် သူတို့လုပ်ပုံတွေ ဘေးကထိုင်ကြည့်ပြီး ရယ်ချင်နေတယ်ဗျာ"

ဟု ပြောဖူးပါသည်။

* * *

၁၉၄၇ ခု၊ မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟောခန်း၌ ဖ–ဆ–ပ–လ အမတ်များနှင့် ကိုယ်စားလှယ်များသာပါသော ဖ–ဆ–ပ–လ ပဏာမ ပြင်ဆင်မှု ညီလာခံကို ကျင်းပနေလေသည်။

ထိုညီလာခံသည် တိုင်းပြုပြည်ပြု လွှတ်တော်လုပ်ငန်းကို အစားထိုးရန် မဟုတ်ဘဲ ဖြည့်စွက်ရန်သာ ဖြစ်ကြောင်း အစချီကာ ဗိုလ်ချုပ်အောင်ဆန်းသည် မိမိလိုလားသော "ပြည်ထောင်စု မြန်မာနိုင်ငံ"၏ ပုံစံကို အသေးစိတ်ရှင်းပြလေသည်။ မြန်မာပြည် လွတ်လပ်ပြီးသောအခါ သမ္မတနိုင်ငံ ထူထောင်မည့်အကြောင်း၊ ရှင်ဘုရင်စနစ်နှင့် သမ္မတစနစ် ခြားနားပုံအကြောင်း၊ ဒီမိုကရေစီအစစ်နှင့် ဒီမိုကရေစီအတု ခြားနားပုံအကြောင်း၊ လွတ်လပ်သော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတွင် အလုပ်သမားများနှင့် လယ်သမားများ၏ အခွင့်အရေးများကို မည်သို့ကာကွယ်မည် ဖြစ်ကြောင်း စသည်ဖြင့် အသေးစိတ် မြွက်ကြားလေသည်။

ဗိုလ်ချုပ်သည် အရင်းရှင်စနစ်၊ ဖက်ဆစ်စနစ်ကို လက်မခံဘဲ လူများစုဖြစ်သည့် အလုပ်သမား လယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်ပေးမည့် ဒီမိုကရေစီသစ်ကိုသာ လက်ခံကြောင်း ထင်ရှားလှပေသည်။ ထိုညီလာခံ၌ ဒီးဒုတ်–ဦးဘချို အစရှိသော ခေါင်းဆောင်များက ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ ပြုလုပ်ရန်

www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းကြရာ ဗိုလ်ချုပ်က အောက်ပါအတိုင်း ဘွင်းဘွင်းကြီး ပြောချလိုက်လေ၏။

"နိုင်ငံရေးနဲ့ ဘာသာရေး ရောထွေးမှုမှာမမှန်။ ဒီကိစ္စမှာ လျှော့မပေးနိုင်။ ခင်ဗျားတို့ မကြိုက်ရင် ကျွန်တော် 'ခေါင်းဆောင်' အဖြစ်မှ ဆင်းသွားရန် အသင့်ရှိသည်"

* * *

ဗိုလ်ချုပ်သည် ဝမ်းထဲက တစ်မျိုး၊ ပါးစပ်ကတစ်မျိုး ပြောတတ်သူ မဟုတ်ချေ။ မေလ ၃၀ ရက်နေ့ သတင်းစာကွန်ဖရင့်၌ အောက်ပါအတိုင်း ပြောသည်။

"ကျွန်တော်ကတော့ ယုံကြည်တဲ့အတိုင်း လုပ်မှာပဲ။ ထိန်းလို့ ရရင်ရ။ မရရင် ကျွန်တော်ရဲ့ ခေါင်းဆောင်မှု ရှုံးတာပဲ။

ကျွန်တော်လို လူမျိုးဟာ နိုင်ငံရေးသမားတော့ ဖြစ်မှာ မဟုတ်ပါဘူး။ နိုင်ငံရေးသမားဆိုတာ ဝမ်းထဲမှာ ဘယ်လောက် စိတ်ဆိုးပေတဲ့ ဖုံးထားနိုင်ရမယ်။ ကျွန်တော်ကတော့ စိတ်ဆိုးရင် ဆိုးတဲ့အလိုက် ဖုံးလို့မရဘူး..."

* * *

၁၉၄၇ ခု၊ ဇူလိုင်လ ၁၃ ရက် (တနင်္ဂနွေနေ့)တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်မြို့တော်ခန်းမ လသာဆောင်မှနေ၍ မြန်မာပြည်သူလူထုအား နောက်ဆုံးမိန့်ခွန်းကို မြွက်ကြားခဲ့လေသည်။

ထိုမိန့်ခွန်း၌ ဗိုလ်ချုပ်သည် မြန်မာအချို့၏ တာဝန်မဲ့



ဖုံးဖောလဟောနိုင်ပုံ၊ မညီညွတ်ပုံတို့ကို ပြင်းထန်စွာ ဝေဖန်ရင်း "ပြဲအောင် ကြိုးစားလုပ်နိုင်မှ"ဟူ၍လည်းကောင်း၊ "ဖာသည်နိုင်ငံ ဖြစ်မှာပဲ"ဟူ၍လည်းကောင်း ကြမ်းတမ်းစွာသော စကားလုံးတို့ကို သုံးသွားခဲ့သည်။

ဗိုလ်ချုပ်မကျဆုံးမီ နှစ်ရက်လောက်က ဗိုလ်ချုပ်၏ အစ်ကို ဦးအောင်သန်း တည်းခိုလျက်ရှိသော တက္ကသိုလ်ရိပ်သာလမ်းရှိ အစ်ကိုကြီး ဦးဘဝင်း (၎င်းလည်း ဗိုလ်ချုပ်နှင့်အတူ ကျဆုံး) အိမ်သို့ ဗိုလ်ချုပ်အလည်ရောက်လာခဲ့၏။ ထိုအခါ ရှန့်ရင်းကြမ်းတမ်းသော စကားများပါသည့် မိန့်ခွန်းကို ဝေဖန်ကြသည်။ ဤတွင် ဗိုလ်ချုပ်က–

"...ကျွန်တော် တမင် ကြမ်းကြမ်းတမ်းတမ်း ပြောလိုက်တာပဲ။ ဒါမှ လူတွေမှတ်မိမယ်။ ဒါကို ဝေဖန်နေကြတာ ခက်တာပဲ"

ဟူ၍ ပြောလေသည်။

(စင်စစ် ဗိုလ်ချုပ်သည် ဖရုဿဝါစာကို စက်ဆုပ်သူ ဖြစ်ပါသည်။ ငယ်စဉ်မှစ၍ ရှန့်ရင်းကြမ်းတမ်းသော စကားများကို သုံးခဲ့ပါသည်။ သို့ပါလျက် ဤမိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခြင်းသည် "ပရိယာယ်သုံးခြင်းသာ ဖြစ်ပါလိမ့်မည်။)

* * *

ဗိုလ်ချုပ်၏ မဟုတ်မခံ စိတ်ဓာတ်၊ မှန်ရာကို ပြောရဲဆိုရဲသည့် စိတ်ဓာတ်ကို ထုတ်ဖော်ထားသည့် ဆောင်းပါးတစ်ပုဒ်ကြေးမုံသတင်းစာ၌ ဖော်ပြဖူးပါသည်။ ရေးသားသူမှာ ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ နိုင်ငံရေး လှုပ်ရှားမှုတွေ ပါဝင်ခဲ့သော "သခင်တင်မောင် (ကျုံမငေး)" ဖြစ်ပြီး ဆောင်းပါးအမည်ကို "နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးသမားတွေ"ဟု ပေးထားပါသည်။ ထိုဆောင်းပါးကို ကောက်နုတ် တင်ပြလိုပါသည်။ (လိုအပ်သည့်အပိုင်းကိုသာ တင်ပြခြင်းဖြစ်ပါသည်။)

...ဖြစ်ပုံကတော့ ဒီလိုဗျာ့။

ကျွန်တော်တို့ ဖဆပလအဖွဲ့ကြီး မြေပေါ်ရောက်စ အချိန်၊ အင်္ဂလိပ်အစိုးရ ပြန်အုပ်ချုပ်ချိန်ပေါ့ဗျာ။ ဖဆပလနဲ့ ကက်စ်ဘီအစိုးရ နောင်ဂျိန်ချနေတုန်းဆိုပါတော့။ အဲဒီအချိန်မှာ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်လူဝီမောင့်ဘက်တန် မြန်မာပြည်ကို လာတယ်ဗျာ။ ဒီတော့ ရန်ကုန်မှာရှိတဲ့ မဟာမိတ်တပ်သားတွေစုပြီး ဖွဲ့စည်းထားတဲ့ "အိစ်အင်ဝက်စ်ကလပ်" က ကန်တော်မိတ်သဘင် (ယခု အိုရီယင့်ကလပ်) မှာ ဂုဏ်ပြုညစာစားပွဲတစ်ခု တည်ခင်းတယ်ခင်ဗျာ။

အဲဒီညစာစားပွဲမှာ ကျွန်တော်တို့ ဖဆပလ ခေါင်းဆောင်ပိုင်း လေးငါးဆယ်လောက်ကို ဖိတ်တယ်ခင်ဗျ။ မလွဲသာလို့ ဖိတ်ရသလားတော့ မသိပါဘူးဗျာ၊ ပေးထားတဲ့ နေရာတွေက ဗိုလ်ချုပ်အောင်ဆန်းကိုတောင်မှ ချောင်ထဲနောက်ဆုံးတန်းမှာ နေရာပေးထားတယ်။ တိုတိုပြောရမယ်ဆိုရင်တော့ဗျာ၊ အဲဒီ ထမင်းစားပွဲအပြီးမှာ အင်္ဂလိပ်ထုံးစံအတိုင်း ဂုဏ်ပြုစကား ထပြောကြတာပေါ့ဗျာ။

အဲဒီအခါတုန်းက ရေပန်းစားနေတဲ့ ဆာပေါ်ထွန်းတို့



ဘယ်သူဘယ်ဝါတို့ပေါ့ဗျာ။ ကျုပ်တို့ ဗိုလ်ချုပ်ကိုတော့ စကားပြောရမယ့် ပုဂ္ဂိုလ်ကြီးတွေ စာရင်းမှာ ထည့်မထားဘူးဗျာ့။ အဲဒီလို စကားပြောဆိုကြပြီး နောက်ဆုံးအစီအစဉ်အနေနဲ့ မောင့်ဘက်တန်က ပြန်လည်မြွက်ကြားတဲ့ မိန့်ခွန်းတော်ခြွေတဲ့အလှည့် ရောက်လာရော ခင်ဗျာ့။ မောင့်ဘက်တန် ပြောတဲ့ စကားထဲမှာ (Politices is the refuge of the Scoundrels) "နိုင်ငံရေးလောကဆိုတာဟာ လူယုတ်မာတို့၏ ခိုကိုးရာဒေသဖြစ်တယ်"ဆိုတဲ့ စကားတစ်လုံး ပါလာတယ်။ သူလည်း ပြောချင်ရာပြောပြီး ထိုင်လိုက်ရော ပရိသတ်ကြီးက လက်ခုပ်တဖြောင်းဖြောင်းနဲ့ ဩဘာပေးကြတာပေါ့ဗျာ။

အဲဒီ လက်ခုပ်သံလည်း ဆုံးရော... လားလား၊ ကျုပ်တို့ဗိုလ်ချုပ်က ချောင်ကြားထဲက ဖြုန်းဆို မတ်တပ်ရပ်လိုက်တယ်။ မောင့်ဘက်တန်ထိုင်နေတဲ့ စားပွဲဆီကို လျှောက်လာတဲ့အပြီး အစီအစဉ်ထဲမှာ မပါဘဲနဲ့ မိန့်ခွန်း ပြောပါလေရာဗျာ။ ပရိသတ်တွေရော၊ စီစဉ်တဲ့ လူတွေရော အားလုံး မျက်စိမျက်နှာပျက်ကုန်ကြတယ်။ လာတဲ့ပရိသတ်ကလည်း အလိုတော်ရိ ပရိသတ်တွေကိုး ခင်ဗျာ့။ အဲဒီထဲမှာ ဗိုလ်ချုပ်က ညစ်ထပ်ထပ် ကာကီဝတ်စုံ ဘောင်းဘီအိတ်ကို လက်နှိုက်ပြီး အင်္ဂလိပ်လို မိန့်ခွန်းပြောပါလေရော သူပြောပုံက–

"ဂုဏ်သရေရှိ အမျိုးသား အမျိုးသမီးများ ခင်ဗျား–

www.burmeseclassic.com

www.burmeseclassic.com



ဒီအစီအစဉ်ထဲမှာ မပါတဲ့ လူတစ်ယောက်က အခုလို ထပြီးပြောလိုက်တော့ ခင်ဗျားတို့ ထုံးစံအရ တော်တော် ရိုင်းတယ်လို့ ထင်ကြမှာပဲ။ ရိုင်းတယ်ထင်ရုံမကလို့ လဲ... သေသေ၊ ကျုပ်ကတော့ ပြောစရာရှိတာကို ပြောရမှာပဲ။ ကျုပ်ပြောမှာကလည်း တခြားတော့ မဟုတ်ပါဘူး။ ခင်ဗျား တို့ရဲ့ ဂုဏ်ပြုအပ်တဲ့ ဧည့်သည်တော်ကြီးရဲ့ သနားစရာ ကောင်းတဲ့ အဘိဓမ္မာကို ဝေဖန်ပြမယ့်အချက် ဖြစ်ပါတယ်"

(အဲဒီအချိန်မှာ ခန်းမကြီးတစ်ခုလုံး အပ်ကျသံတောင် ကြားရမတတ် ငြိမ်သွားပါတော့တယ်။) နောက်မှ ဗိုလ်ချုပ်က ဆက်လက်ပြီး–

"နိုင်ငံရေးလောကဆိုတာ လူယုတ်မာတွေ ခိုကိုးရာ ဒေသ ဖြစ်တယ်... လို့ ဘုရင်ခံချုပ်ကြီးက ပြောသွားပါ တယ်။ ဒါဟာ... အနောက်နိုင်ငံမှာတော့ မှန်ကောင်းမှန် မယ်။ ကျုပ်တို့ အရှေ့နိုင်ငံအယူအဆကတော့ ဘုရင်ခံချုပ် ကြီး ခံယူချက်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါတယ်။

ကျုပ်တို့ဆီမှာ နိုင်ငံရေးဆိုတာဟာ ပရဟိတလုပ်ငန်း၊ လောကတ္ထစရိယကျင့်တဲ့လုပ်ငန်း၊ ဒါဟာ ဒွိဟိတ်ပုဂ္ဂိုလ်တွေ မလုပ်နိုင်ဘဲ၊ တိဟိတ်ပုဂ္ဂိုလ်များ၊ ဘုရားအလောင်း ပုဂ္ဂိုလ် များသာ 'လုပ်နိုင်တဲ့ လုပ်ငန်းလို့ ယူဆထားတယ်... "

(အဲဒီအချိန်မှာ ပါဠိတွေ ဘာတွေ ရွတ်သေးတယ်)

"အဲဒီလို မွန်မြတ်တဲ့အထဲမှာ တစ်ခါတစ်ရံ လူယုတ်



မာတွေ ပါကောင်းပါလာမယ်။ အဲဒါကြောင့် နိုင်ငံရေး အလုပ်ဟာ မကောင်းဘူးလို့ ဆိုရတော့မှာလား။

ဥပမာတစ်ခု ပြောပါရစေ။ ဒီအဆောက်အဦကြီး ဟာ... "

(အိုရီရင့်ကလပ်ကို ဆိုလိုသည်။)

"လူအများ စုဝေးဖို့ ဆောက်ထားတယ်။ အစောင့် အကြပ်ကင်းမဲ့အချိန်မှာ တစ်ခါတစ်ခါ ခွေးတွေ တက်အိပ် နေကြတယ်။ အဲဒီလို ခွေးတွေတက်အိပ်နေတာကို ကြည့်ပြီး ဒီအဆောက်အဦကြီးဟာ ခွေးအိပ်ဖို့ ဆောက်ထားတာပါလို့ ဆိုရင် မှန်ပါ့မလား၊ မမှန်ပါဘူး။ ဒါကြောင့် နိုင်ငံရေး ဟာလည်း ဒီလိုပဲ။ အင်မတန် မွန်မြတ်ပါတယ်။

ဒီအဆောက်အဦကြီးပေါ်မှာ ခွေးတက်အိပ်သလို၊ လူ ယုတ်မာတွေလည်း အလစ်မှာ နိုင်ငံရေးလောကထဲကို ဝင် လာတတ်ပါတယ်။ အဲဒီလို ဝင်လာတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံရေးသမားစစ်စစ်တွေက ဒီလူယုတ်မာတွေကို မျက်ခြည် မပြတ် ဟန့်တားဝိုင်းပယ်နိုင်သည်နှင့်အမျှ နိုင်ငံရေးလောက ကြီးဟာ သန့်ရှင်းစင်ကြယ် မွန်မြတ်လာပါလိမ့်မယ်။ ဒါပဲ... ကျုပ်ပြောချင်တာ"

ဟုဆိုပြီး သူ့နေရာကိုသူ ခပ်တည်တည် ပြန်လာခဲ့ တယ် ခင်ဗျာ။

ဗိုလ်ချုပ်လည်း ပြောပြီးရော မောင့်ဘက်တန်ကိုယ်တိုင်က နေရာက ရပ်ပြီး လက်ခုပ်တီး ဩဘာပေးတယ်။ ဒီတော့မှ

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်လည်း လက်ခုပ်တီးကြပါတယ်။ ပြီးတော့မှ မောင့်ဘက်တန်က—

"ဒီနေ့ည စကားပြောတဲ့အထဲမှာ အစီအစဉ်ထဲမပါတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းဟာ အဖိုးတန်ဆုံးပါပဲ။ ကျွန်တော်ပြောမိတာကတော့ ထမင်းစားပွဲအပြီး ရယ်စရာမောစရာအနေနဲ့ ခပ်ပေါ့ပေါ့ နိုင်ငံရေးလောကကို ပြက်ရယ်ပြုတဲ့စကားကို ပြောမိပါတယ်။ အလွန်ဝမ်းနည်းမိပါတယ်။ ကျွန်တော်ပြောမိတဲ့ အချက်အလက်တွေကို ရုတ်သိမ်းပါတယ်ခင်ဗျာ"

ဆိုပြီး တောင်းပန်ယူရတဲ့ အဖြစ်အပျက်အလေးကို ဖောက်သည်ချလိုက်ရပါသဗျို့။



ဗိုလ်ချုပ်အောင်ဆန်းတို့မိသားစု



လူထုတရားပွဲတစ်ခု၌ တွေ့မြင်ရသည့် ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း



ပထမအကြိမ် တိုင်းပြုပြည်ပြုလွှတ်တော်သို့ တက်လာသည့်
ဗိုလ်ချုပ်အောင်ဆန်း

## ဆုငွေ ၅ ကျပ် အထုတ်ခံရသည့် သခင်အောင်ဆန်း

● ဗိုလ်ချုပ်အောင်ဆန်း မဖြစ်မီကာလ။

ဗိုလ်ချုပ်သည် သခင်အောင်ဆန်းဘဝဖြင့် သခင်တင်မောင် (ကျုံမငေး)နှင့်အတူ ဟသ်ာတခရိုင်၊ ဇလွန်မြို့၌ ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ ညီလာခံအား ဌာနချုပ်ကိုယ်စားလှယ်အဖြစ် တက်ရောက်ရန် ဇလွန်မြို့သို့ သွားခဲ့ကြပါသည်။

ညီလာခံအပြီး ရန်ကုန်သို့အပြန်တွင် ဒေါင့်ကြီးရွာ အစည်းအရုံး၏ ဖိတ်ခေါ်ချက်အရ တရားပွဲတစ်ပွဲကျင်းပပါသည်။ တရားပွဲတွင် သခင်တင်မောင် (ကျုံမငေး)က ဦးစွာဟောပြောပါသည်။ သခင်အောင်ဆန်း အလှည့်ရောက်၍ ၁၀ မိနစ်ခန့် စကားပြောနေစဉ် ပုလိပ်အရာရှိတစ်ဦး ဝင်ရောက်လာပြီး နို့တစ်စာတစ်စောင် ပေးလေ၏။ နို့တစ်စာတွင် ဟသ်ာတခရိုင် ရာဇဝတ်ဝန် မစ္စတာ ဧဗီးယားက–

www.burmeseclassic.com

www.burmeseclassic.com



"ချင်းတောင်နယ်အကြောင်းများ နိုင်ငံရေးတရားပွဲများတွင် ထည့်မဟောရ။ ဟောလျှင် ကာကွယ်ရေး ဥပဒေအရ အရေးယူမည်"

ဟူ၍ ရေးသားထား၏။ ဤတွင် သခင်အောင်ဆန်းသည် ပရိသတ်အား နို့တစ်စာကို တစ်လုံးချင်း ဖတ်ပြလိုက်၏။ ထို့နောက်–

"ကဲ... ချင်းတောင်နယ်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ ခင်ဗျားတို့ သိကြရဲ့လား။ ဒီကိစ္စကို ကျုပ်မေ့နေတယ်။ အခု နို့တစ်စာရောက်လာမှ သတိရတော့တယ်။ ကိုင်း... ခင်ဗျားတို့ ချင်းတောင်နယ်အကြောင်း သိချင်ကြသလား"

ဟူ၍ မေးလိုက်၏။ ထိုအခါ ပရိသတ်အပေါင်းကလည်း–

"သိချင်တယ် .. သိချင်တယ်... ဟောပါ၊ ဟောပါ"

ဟူ၍ တစ်ခဲနက် အော်ဟစ်တောင်းဆိုကြလေ၏။ ထိုအခါ သခင်အောင်ဆန်းလည်း နို့တစ်စာကို ရဲဝံ့စွာဥပေက္ခာပြု၍ ချင်းတောင်နယ်အကြောင်းကို စေ့ငုစုံလင်စွာ ဟောပြောလေတော့၏။

ထိုအချိန်တွင် ချင်းတောင်နယ်၌ ချင်းအမျိုးသား နိုင်ငံရေးခေါင်းဆောင်ဖြစ်သူ ဦးဝမ်းသူမောင်မှာ နယ်ချဲ့သမားတို့၏ အနိုပ်အစက်၊ အညှဉ်းအပမ်းတို့ကို ခံနေရရှာ၏။ ဗမာပြည်နိုင်ငံရေးအသင်းအပင်းများမှ ယခုကဲ့သို့ နယ်ချဲ့သမားက လူနည်းစုခေါင်းဆောင် တစ်ယောက်အား နှိပ်စက်နေသည်ကို အရေးတယူ



ဆူပူဆောင်ရွက်သော အသင်းမှာ၊ တို့ဗမာအစည်းအရုံးသာ ရှိပေသည်။ တို့ဗမာအစည်းအရုံး၏ သဘောထားမှာ လူနည်းစုအရေးကို အထူးပင် ဦးစားပေးလေ့ရှိ၏။

သို့ဖြင့် သခင်အောင်ဆန်းလည်း အားရပါးရ ဟောကြားပြီး တရားပွဲကို အဆုံးသတ်လိုက်လေ၏။ ထိုအခါ သခင်အောင်ဆန်းနှင့် သခင်တင်မောင် (ကျုံမငေး)တို့အား ကာကွယ်ရေးဥပဒေနှင့် ဖမ်းဆီးဝရမ်း ထုတ်လိုက်လေ၏။ သို့ရာတွင် သခင်အောင်ဆန်းနှင့် သခင်တင်မောင် (ကျုံမငေး)တို့မှာ ဟသ်ာတမြို့ရှိ မြန်မာပုလိပ်အရာရှိတစ်ဦး၏ အကူအညီနှင့် လွတ်ထွက်လာပြီး ရန်ကုန်မြို့ ၅၁ လမ်းရှိ အိမ်တစ်အိမ်တွင် ပုန်းနေကြလေသည်။ ၎င်းရက်အတွင်း မစ္စတာဇေဗီးယားက–

"သခင်အောင်ဆန်းအား ဖမ်းပေးလျှင် သို့မဟုတ် သတင်းပေးနိုင်လျှင် ဆုငွေ ၅ိ ကျပ်ပေးမည်"


ဟု ကြေညာအမိန့်ထုတ်လေတော့၏။

(သခင်အောင်ဆန်းတို့ တရားဟောခဲ့သည့်နေ့က ၁၉၄၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့ ဖြစ်ပြီး၊ မစ္စတာ ဇေဗီးယား ဝရမ်းထုတ်သည့်နေ့မှာ ဇွန်လ ၂၉ ရက် ဖြစ်လေ၏။)

❐

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းမိသားစုနှင့် ဗိုလ်ချုပ်မိခင်ကြီး ဒေါ်စု



လန်ဒန်လေဆိပ်တွင် ဗြိတိန်ဝန်ကြီးချုပ် မစ္စတာအက်တလီက
ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့အားကြိုဆိုစဉ်

## ဗိုလ်ချုပ်၏ မင်္ဂလာပွဲ

● မြန်မာ့လွတ်လပ်ရေး၏ ဗိသုကာကြီးဖြစ်သော ဗိုလ်ချုပ်သည် ကျန်းမာရေးအတွက် ဆေးကုသရင်းမှ သူနာပြုဆရာမဖြစ်သော ဆရာမ ဒေါ်ခင်ကြည်နှင့် ဖူးစာဆုံခဲ့ပါသည်။ ရိုးရိုးရှင်းရှင်း ဘွင်းဘွင်းသမားဖြစ်သော ဗိုလ်ချုပ်အပေါ် ဒေါ်ခင်ကြည်ကလည်း မေတ္တာတုံ့ပြန်ခဲ့ပါသည်။ ဤတွင် ၁၉၄၂ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့၊ နေ့လယ် ၂ နာရီ အချိန်တွင် လက်ထပ်ပွဲ ကျင်းပခဲ့ပါသည်။

အဆိုပါ လက်ထပ်မင်္ဂလာအခမ်းအနားကို ဝဏ္ဏကျော်ထင် ဒေါက်တာ ဦးမြင့်ဆွေက သူ ရေးသားပြုစုခဲ့သော "မှတ်မိသေးတယ် ဂျပန်ခေတ်ဆေးရုံကြီးဝယ်" အမည်ရှိစာအုပ်၌ မှတ်တမ်းတင်ခဲ့ပါသည်။

* * *

● စင်မြင့်ပေါ်တွင် ဗိုလ်ချုပ်နှင့် ခင်ကြည်တို့အတွက် နှစ်ယောက်ထိုင် ဆိုဖာကြီး ခစ်လုံး ခင်းထားပါသည်။ စင်မြင့်၏

www.burmeseclassic.com

www.burmeseclassic.com



အောက်နားတွင် စစ်ဗိုလ်ကြီးများ၊ ထင်ရှားသော နိုင်ငံ၏ ခေါင်းဆောင်ကြီးများအတွက် သီးသန့်နေရာများ ထားလိုက်ပါသည်။ အလယ်ပိုင်းနှင့် နောက်ပိုင်းမှာ ဆေးရုံအလုပ်သမားများနှင့် ပြင်ပမှ မိတ်ဆွေသင်္ဂဟများအတွက် ဖြစ်ပါသည်။ ကျွန်တော်မှတ်မိသလောက်ဆိုလျှင် ထိုစဉ်က ခင်းကျင်းထားပုံမှာ ယနေ့ထင်ရှားသော မင်္ဂလာဧည့်ခံပွဲများအတွက် စထရင်းဟိုတယ်ကြီး၌ ခင်းကျင်းပြင်ဆင်ထားပုံများနှင့် အသွင်သဏ္ဌာန်တူပါသည်။

ထို့နေ့မှာ အလုပ်သမားများအတွက် အပျော်ရွှင်ဆုံးနေ့တစ်နေ့ ဖြစ်ခဲ့ပါသည်။ သူနာပြုဆရာမလောင်းလေးများသည်လည်း မမောနိုင်မပမ်းနိုင်ဘဲ မင်္ဂလာအခမ်းအနားကို မလှ လှအောင်၊ မယဉ် ယဉ်အောင် အမျိုးမျိုး ပြုပြင်မွမ်းမံနေကြပါသည်။ စင်မြင့်ပေါ်တွင် မဟော်ဂနီရောင် ပြောင်လက်နေသည့် စန္ဒရားတစ်လုံးနှင့် ခန်းမကြီး၏ အနောက်ဘက်နံရံ၌လည်း စန္ဒရားတစ်လုံး ပြင်ဆင်ထားပါသည်။

လက်ထပ်ပွဲအတွက် ဆေးရုံအလုပ်သမားများ အားလုံးလိုလို အလုပ်များနေကြသော်လည်း ကျွန်တော်နှင့် ကိုစံမြင့်တို့မှာမူ ဝတ္တရားမပျက်ရအောင် လူနာများအား လိုအပ်သလို ပြုစုကုသပေးနေကြရပါသည်။ အထွေးမှာမူ ဒေါ်ခင်ကြည် ဖြီးလိမ်းဝတ်စားပြင်ဆင်ရာတွင် ကူညီလုပ်ကိုင်ပေးနေပါသည်။ နေ့လယ် (၁) နာရီခွဲအချိန်တွင်မူ ကားကြီးကားငယ် အသွယ်သွယ်တို့ အလံပြဘုရားလမ်းတစ်လျှောက်မှ ဆေးရုံရှိရာသို့ ရောက်လာကြပြီး အသီးသီး နေရာယူကြပါသည်။ လုပခန့်ညားသည့် စစ်ဝတ်စုံ



များကို ဝတ်ဆင်ထားကြသည့် စစ်ဘက်ပုဂ္ဂိုလ်ကြီးများသည်လည်း သတို့သမီးနှင့် သတို့သားတို့၏ရှေ့နားတွင် နေရာယူပြီးကြပါပြီ။

(သစ္စာမဏ္ဍိုင်×××× မြဲခိုင်ခဲ့ပေ×××× မေတ္တာမိုးတွေ×××
သွန်းဖြိုး ရွာစေ×××× အသည်းမှာစွဲမက်×××× အသက်ကို
ပုံတယ်လေ×××× )၂

တစ်ကိုယ်လုံး သိမ်းကျုံး ××××လိုရာသုံး သက်ဝေ××××
×× အပြုံးမပျက်ပေါင်×××× စိတ်ရှည်လက်ရှည်××××
အချစ်အတွက်ဖြင့်×××× အသက်ပင်သေသေ ×××× အသွေး
ယူ×××××အသားကို လှူလှူ×××× စိတ်တူတယ် ရယ်ရယ်
ပြုံးပြုံး×××× မဒ္ဒီဒေဝီ ဝေဿန်ထုံးလို နှလုံးပြုကာ××××
ကြည်ဖြူမှာတွေ×××× သက်ဝေ အလိုကျ×××× ဆိုသမျှ××××
ကိုယ်ရောစိတ်ပါ×××× လိုက်လျှောရပါမယ်××× လေ××××"

... စစ်မဖြစ်မီက အေဝမ်းရုပ်ရှင်ကုမ္ပဏီမှ နာမည်ကျော် အဆိုတော် ပြည်လှဖေနှင့် မေရှင် သီဆိုခဲ့သည့် လူတိုင်းနှုတ်ဖျား၌ ရေပန်းစားခဲ့သည့် "သက်ဝေ"သီချင်းသံလေးသည် ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည်တို့၏ မင်္ဂလာလက်ထပ်ပွဲတွင် သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာခဲ့ပါသည်။ သီဆိုသူကား အခြားမဟုတ်။ ကျေးဇူးရှင်ဆရာကြီး ဦးဘသန်းကိုယ်တိုင်ပင် ဖြစ်ပါတော့သည်။ သီချင်းဆုံးသွားလျှင် ဩဘာလက်ခုပ်သံများ ခန်းမကြီးတစ်ခုလုံးလည်း ဆူညံသွားပါတော့သည်။

ထိုအခိုက်တွင်ပင် ခမ်းနားလှသည့် စစ်ဝတ်စုံကို ကော်လျက်

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်စစ်ဦးထုပ်ကို ဆောင်းထားသည့် သတို့သား ဗိုလ်ချုပ်အောင်ဆန်းသည် သတို့သမီး ဒေါ်ခင်ကြည်နှင့် ယှဉ်တွဲကာ အပျိုရံ လူပျိုရံများ ခြံရံလျက် အခန်းဝတွင် ပေါ်လာပါတော့သည်။

ဧည့်ပရိသတ်အားလုံးထကြပြီး သတို့သားနှင့် သတို့သမီးတို့အား အရိုအသေ ပြုကြပါသည်။

အခန်းဝတွင် ရပ်လာသည့် သတို့သားနှင့် သတို့သမီးအား အခန်းထဲသို့ မဝင်မီ ဆေးရုံမှ ကိုကျော်မောင်နှင့် အခြားတစ်ဦးက အပေါက်ဝမှ ဆီးပြီး ရွှေကြိုးဖြင့် တားတော့သည်။ ဖြစ်ပျက်ပုံမှာ လျှင်မြန်လွန်းလှပါသည်။

တိုင်းပြည်လွတ်လပ်ရေးအတွက် အစဉ်တစိုက် အာရုံပြုပြီး အခြားဘာကိုမှ စိတ်မဝင်စားခဲ့သည့် ဗိုလ်ချုပ်၊ လောကဝတ်ထုံးတမ်းများကို လုံးဝဂရုမစိုက်ခဲ့သည့် ဗိုလ်ချုပ်၊ တိုင်းပြည်လွတ်လပ်ရန် အရေးကလွဲပြီး အခြားသော အမှုကိစ္စများကို အာရုံမပြုနိုင်ခဲ့သည့် ဗိုလ်ချုပ်သည် သူ့ရှေ့တွင် တားလာသည့် ရွှေကြိုးကို သူ၏ညာလက်ဖြင့် ဆောင့်ပြီးဆွဲလိုက်ကာ ဘေးသို့လွှင့်ပစ်လိုက်ပါတော့သည်။

ဗိုလ်ချုပ်၏ အပြုအမူကို အားလုံးအံ့အားသင့်ကာ ကြည့်ရှုနေမိကြသော်လည်း ဗိုလ်ချုပ်မှာမူ ဘာမှမဖြစ်သလိုပင် သတို့သမီးလက်ကို ဆွဲပြီး တည်ကြည်သော မျက်နှာပေးနှင့် ဣန္ဒြေရရ ခြေလှမ်းမှန်မှန် စင်မြင့်ဆီသို့ ဆက်လက်လျှောက်သွားပါသည်။

ဗိုလ်ချုပ်တို့ စင်မြင့်ပေါ်တွင် နေရာယူပြီးသည့်နောက်မှာမှ ဧည့်ပရိသတ်များလည်း အသီးသီး ပြန်ထိုင်ကြပါသည်။



ကစ်တီဘသန်း (ယခင်ဗိုလ်ချုပ်ကြီးနေဝင်း၏ဇနီး ဒေါ်ခင်မေသန်း)သည် စင်မြင့်ပေါ်ရှိ စန္ဒရားရှေ့တွင်ထိုင်ပြီး ဖခင်ဖြစ်သူ ဆရာကြီး ဦးဘသန်း၏ သီချင်းသံကို စောင့်နေပါသည်။ စင်မြင့်ပေါ်ရှိ သတို့သားမှာ တည်ငြိမ်စွာဖြင့် ရှေ့သို့သာ အာရုံစိုက်ပြီး ကြည့်နေပါသည်။

ကျွန်တော်အပါအဝင် ဧည့်ပရိသတ်အပေါင်းမှာကား ဒုတိယအကြိမ် ပြန်လည်သီဆိုနေသည့် ဆရာကြီးနှင့်သမီးဖြစ်သူ ကစ်တီတို့၏ "သက်ဝေ"သီချင်းသံကို အာရုံစိုက်နေကြပါသည်။ ဘီ–အိုင်–အေ ဆေးရုံကြီးနှင့် ဆေးရုံအမှုထမ်းများကိုသာမက လူနာများအားလုံးအပေါ်တွင်လည်း သံယောဇဉ်ကြီးလှသည့် သတို့သမီး ဒေါ်ခင်ကြည်မှာမူ ငေးမောတွေဝေနေဟန် ရှိပါသည်။

... သည့်နောက် ကိုမောင်အေး (ယနေ့ အလင်္ကာကျော်စွာ ရွှေပြည်အေး) ခေါင်းဆောင်သော ရန်အောင်မင်္ဂလာတူရိယာအဖွဲ့က မင်္ဂလာအခမ်းအနားအတွက် အောင်မင်္ဂလာတေးသီချင်းဖြင့် ပရိသတ်တို့အား ဖျော်ဖြေပါသေးသည်။ ထိုတေးသီချင်းကလေးကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ မင်္ဂလာအခမ်းအနားအတွက် ရွှေပြည်အေးကိုယ်တိုင် ရေးသားသီကုံးပါသည်။

..."မင်းကပိန္နနဲ့ အနော်ဇာပုံပမာ xxxx ဘိသိက်
လောင်းကာ xxxx ပေါင်းသဟာ အောင်ကြောင်းနို့ဖြင့်
xxxx ဆုတောင်းမယ်သည်အခါ... ရတနာရွှေဘုံးရှာxxxx

www.burmeseclassic.com

www.burmeseclassic.com



ရက်မြတ်ပါ အထက်နတ်ပါ xxxx လက်ထပ်ပွဲကို နွဲ့မယ်

လာxxxx နှစ်ဦးမကွာxxxx ဖူးစာစုံကြတာ xxxx ”

... ဤသို့နှင့်ပင် ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည်တို့၏ လက်ထပ်ပွဲပြီးသည့်နောက် ဆေးရုံတွင် ကျန်ရစ်ခဲ့ကြသူများ၏ စိတ်တွင် ဟာတာတာကြီး ဖြစ်နေခဲ့ကြပါသည်။ လွမ်း၍ ကျန်ရစ်ခဲ့ကြပါသည်။

❒



လော့ဒ်မောင့်ဘက်တန်နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့
ရင်းရင်းနှီးနှီး ပြုံးပြုံးရွှင်ရွှင်



ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)တွင် ဓားခုတ်သင်တန်းဆင်းစဉ်က
ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်ချုပ်၏ အိမ်ထောင်ရေး သဘောထား

● ၁၉၄၅ ခု၊ ဒီဇင်ဘာလ။

ဗိုလ်ချုပ်သည် မဟာမိတ် သေနာပတိချုပ် မောင့်ဘက်တန်က ပေးအပ်သော စစ်ဗိုလ်တပ်မင်းကြီးရာထူးကို လက်မခံဘဲ၊ ဖ–ဆ–ပ–လ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ် ဗမာ့လွတ်လပ်ရေး တပ်ဦးကို ပဲ့ကိုင်လျက်ရှိလေသည်။

ကျွန်ုပ်တို့မှာ ဗိုလ်မှူးအောင် ဦးဆောင်လျက် ပြည်သူ့ရဲဘော် တပ်မတော်ကြီးကို တပင်တပန်း တည်ဆောက်နေကြဆဲ ဖြစ်သည်။ တစ်နေ့သောနံနက် ကျွန်ုပ် ဗိုလ်ချုပ်နေအိမ်သို့ ရောက်သွားလေသည်။

"ဟော့ကောင်... မင်း... ငါ့အိမ် လာနေပါလားကွ"

"မဖြစ်ဘူးထင်တယ် ဗိုလ်ချုပ်"

"ဘာဖြစ်လို့လဲ..."

"ကျွန်တော်အခု မိန်းမရနေပြီ"



"ဟေ... ဟုတ်လား၊ ငါ့လခွေး... မင်းဟာက မြန်လှချည်လား။ ဘယ်တုန်းက ရလိုက်တာလဲ။ တို့တောင် မသိဘူး။ ဘယ်မှာ လက်ထပ်သလဲ"

"လက်ထပ်တာ မဟုတ်ဘူး။ ခိုးပြေးတာ"

စင်စင် ကျွန်ုပ်မှာ မိန်းမယူသည့်အတွက် ဗိုလ်ချုပ်က ကြိမ်းမှာ ကြောက်နေလေသည်။ လွန်ခဲ့သော ၆ လကပင် နတ္တလင်းမှာတုန်းက ဗိုလ်ချုပ်သည် လူပျိုရဲဘော်တွေ မိန်းမ မယူကြဖို့ ပြောခဲ့၏။

"မင်းအသက် ဘယ်လောက်ရှိသလဲ"

"နှစ်ဆယ့်ခြောက်နှစ်"

"ဟာ... ဒါဖြင့် အောရိုက်ပဲ။ အမှန်ကတော့ စောစော အိမ်ထောင်ပြုတဲ့ (Early Marriage) စနစ်ဟာ ကိုယ့်မှာ အလုပ်အကိုင် အတည်တကျနဲ့ ဝင်ငွေမရှိသေးလို့ ဘိုင်ကျတာကလွဲရင် အဖက်ဖက်က သာတာချည်းပဲ။

တို့မြို့ကြီးပြကြီးတွေမှာသာ ဂွကျနေတာ။ တောအရပ်ဒေသတွေမှာဆိုရင် ရှေးစနစ်အတိုင်း စောစောစီးစီး အိမ်ထောင်ပြုကြတာချည်းပဲ။ အဲဒါသိပ်ပြီး ကျန်းမာသန့်ရှင်းပြီး အစစအရာရာ ကောင်းတဲ့နည်းပဲကွ။ မြို့က လူတွေမှာသာ အင်္ဂလိပ်ပညာသင်လို့ အချိန်ကုန်ရတဲ့အထဲ အလုပ်အကိုင်နေရာကျဖို့ စောင့်ရ၊ ဟိုငဲ့ရ သည်ငဲ့ရနဲ့ အချိန်တွေ ကုန်သထက် ကုန်ပြီး လူလည်း ဟိုင်းဆွေးပြီး မဟုတ်တာ ဖြစ်ချင်တဲ့လူလည်း ဖြစ်ကုန်တော့တာပဲ။ ဒါကြောင့် ငါ

www.burmeseclassic.com

www.burmeseclassic.com



လည်း သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဖွတ် မိန်းမ ယူလိုက်တာပဲ... ဟား... ဟား"

ရယ်ရယ်မောမောနှင့် ဗိုလ်ချုပ်သည် အိမ်ထောင်ပြုတရား ဟောနေလေသည်။

"နောက်ပြီး ငါတစ်ခု မကြိုက်တာရှိသေးတယ်။ ဗမာ့ ထုံးစံဆိုပြီး မင်္ဂလာဆောင်အခမ်းအနား အကြီးအကျယ် လုပ်ပြီး ငွေတွေ နင်းကန်ဖြုန်းတာဟာ အမိုပဲ။ လက်ထပ် တယ်ဆိုရင် ဘယ်သူမှ ရိုးရိုးနဲ့ ကျဉ်းကျဉ်း မလုပ်ချင်ကြ ဘူး။ ပိုက်ဆံဖြုန်းပြီး လက်ထပ်မှ ဟုတ်တယ်ထင်ကြတယ်။ ဒါကြောင့် ငါတော့ ခိုးယူတာ အအေးဆုံးပဲလို့ထင်တယ်။ ဘာမှသိပ်မကုန်ဘဲနဲ့ လိုရင်းရောက်တာပဲ မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ် ဗိုလ်ချုပ်။ ဒါပေမယ့် လူတွေက ဒါလောက် ခေတ်မမီသေးတော့ ခက်တာပါပဲ။ အခု ကျွန်တော် မိန်းကလေးအိမ်ကို လူကြီးများနဲ့ ပြန်အပ်ဖို့ စီစဉ်နေတယ်"

"ဟ... ဒီပြန်အပ်တာလည်း ငါတော့ ပိုတယ်ထင် တာပဲ။ မိန်းမနဲ့ယောကျ်ား နှစ်ဦးသဘောတူကြရင်၊ လူသိ နတ်ကြား လင်မယားအဖြစ်နေလိုက်ရင် ပြီးရောပေါ့ကွ"

ဟု ဗိုလ်ချုပ် တအားမှုတ်နေသည်ကို သူ့ချစ်ဇနီး ဒေါ်ခင် ကြည်က ပြုံးရင်း နားထောင်နေသည်။

၎င်းတစ်ကြိမ်သာမဟုတ်။ သူ ရေတိမ်နစ် မကျဆုံးမီကလေး တွင် ကာကွယ်ရေးအတွင်းဝန် ဦးဘတင့်၏ မင်္ဂလာဆောင်သို့



ဗိုလ်ချုပ်နှင့် ကျွန်ုပ်တို့ သွားကြရာ တကယ့်ရန်ကုန်မြို့ မျက်နှာ ကြီး မင်္ဂလာဆောင်ဖြစ်သည့်အတိုင်း အပိုဆာဒါးတွေက အလွန် ရှုပ်ပြီး တစ်ယောက်ကိုတစ်ယောက် ဂုဏ်ပြိုင်ကာ အရမ်းဝတ်စား လာကြသော မင်းပရိသတ်အပေါင်းကို သူ အလွန်မျက်စိနောက် ဟန် ရှိလေသည်။ လက်ထပ်မင်္ဂလာပွဲမှ အပြန် ကားထဲတွင် ဗိုလ်ချုပ်နှင့် ကျွန်ုပ်တို့ ဇနီးမောင်နှံ ပေါင်း ၃– ယောက် ပါ လာရာ တစ်လမ်းလုံး မျက်မှောင်ကုတ်၍ စကားမပြောဘဲ လာခဲ့ သော ဗိုလ်ချုပ်သည် တာဝါလိန်းထဲသို့ မော်တော်ကား ချိုးဝင် ကာနီးသောအခါ–

"ယောကျ်ားနဲ့ မိန်းမ အိမ်ထောင်ပြုတဲ့နေရာမှာ ခိုးယူတာ အကောင်းဆုံးပါပဲကွာ"

ဟု ဗိုလ်ချုပ်က ဇနီးဖြစ်သူအား လိုက်ပြောလိုက်လေသည်။

ဤကား အိမ်ထောင်ပြုရေးနှင့် ပတ်သက်၍ ဗိုလ်ချုပ်၏ အယူအဆ (Philosophy) ပင်တည်း။ ထိုအကြောင်းအရာကို မှတ်တမ်းတင်ခဲ့သူကား ဗိုလ်ချုပ်၏ အပါးတော်မြဲဖြစ်သည့် ဗိုလ်ထွန်းလှ (စာရေးဆရာ တက္ကသိုလ်နေဝင်း) ပင် ဖြစ်ပါ၏။

❐

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသားဘဝက သခင်အောင်ဆန်း



အစိုးရအဖွဲ့ဝင်လူကြီးများ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆာပာ့ဘတ်ရှန်

## ဗိုလ်ချုပ်နှင့် အနုပညာ

● ဗိုလ်ချုပ်ကို နာမည်သာ ကြားဖူးကြသူများသည်လည်းကောင်း၊ လူကိုယ်တိုင် သိကျွမ်းခဲ့သူများသည်လည်းကောင်း... စိတ်မြန်ကိုယ်မြန် ဒေါသကြီးတတ်သူအဖြစ်၊ လောကကြီးအား တိတိကျကျ မာကျောသော အကောင်အထည် ရုပ်ဝါဒမျက်စိဖြင့် ကြည့်တတ်သူတစ်ယောက် အဖြစ်သာ မြင်တတ်ကြပြီး စာပေ ကဗျာ၊ ဂီတ၊ တူရိယာစသော ယဉ်ကျေးမှုအနုပညာနှင့်ပတ်သက်၍ သူ၏အယူအဆသဘောတရားများကို သိသူရှားပေလိမ့်မည်။

တကယ်တော့ ဗိုလ်ချုပ်၌ လူသာမာန်တို့၏ နူးညံ့သိမ်မွေ့သော စိတ်ထားများ၊ ယဉ်ကျေးမှု အနုပညာကို သုံးသပ်လိုစိတ်များ အပြည့်အဝရှိသည့် လူပီသသောလူ ဖြစ်ပါ၏။ ဗိုလ်ချုပ်၏ လူပီသခြင်း၊ အနုပညာဆိုင်ရာများအပေါ် ထိတွေ့၊ ခံစားရုံမျှမက ဝေဖန်သုံးသပ်နိုင်ခြင်းများနှင့် ပတ်သက်၍ ဗိုလ်ချုပ်၏ အပါးတော်မြဲ တာဝန်ကို ထမ်းဆောင်ခဲ့သည့် (စာရေးဆရာ

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်နေဝင်း)၏ ရှုမြင်သုံးသပ်ချက် အချို့အား ကောက်နုတ်တင်ပြလိုက်ရပါသည်။

* * *

● ၁၉၄၆ ခု၊ ဒီဇင်ဘာလ... တစိမ့်စိမ့်အေးလှသော အခါသမယဖြစ်သည်။

မိတ္ထီလာမှ တောင်ကြီးသွား မော်တော်ကားလမ်းများပေါ်စတွင် တောင်ကမ်းပါးယံများကို ဝင်ပါလှည့်သကဲ့သို့ ကွေ့ကောက်ကာ ပြေးတက်လျက်ရှိသော "စတေးရှင်ဝက်ဂွန်း" ကားစိမ်းတစ်စီးတွင် ကျက်သရေရှိလှသော ကြယ်ဖြူနှင့် အနီရင့်ရောင် ဖ–ဆ–ပ–လ အလံတစ်ခု လွှင့်ထားသည်ကို အခြားခရီးသွား မော်တော်ကားများက သတိပြုမိကြလေ၏။ ထိုအချိန်က ဖ–ဆ–ပ–လ အလံတော်ကို မော်တော်ကား၌ လွှင့်ထူလေ့ရှိသူ တစ်ဦးသာ ရှိလေသည်။

ထိုသူကား... ဖ–ဆ–ပ–လ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းပင်တည်း။

ဒီဇင်ဘာလ ၂၃ ရက်နေ့က သံဖြူဇရပ်တွင် ကျင်းပခဲ့သည့် ကျဆုံးခဲ့ရသော စစ်သည်တော်များ အလေးပြုပွဲ အခမ်းအနားသို့ တက်ရောက်ရင်း တနင်္သာရီတိုင်း ကရင်အမျိုးသားများ နှစ်ပတ်လည်ပွဲ ကျင်းပရာ ကပ္ပလီရွာသို့ ပင်ပန်းစွာ သွားခဲ့ပြီးနောက်၊ ကရင်နှစ်သစ်ကူးအမီ ကရင်နီနယ် လွိုင်ကော်မြို့သို့ ခရီးပြင်းနှင်ရန်အတွက် ရန်ကုန်မြို့မှ မိတ္ထီလာသို့ လေယာဉ်ခရီးဖြင့် လာခဲ့ပြီး မိတ္ထီလာမှ ရှမ်းပြည်နယ်သို့ ကားနှင့်တက်နေခြင်း ဖြစ်လေသည်။



တနင်္သာရီတိုင်းတွင် ဆင်းရဲပင်ပန်းစွာ ခရီးကြမ်းများ သွားခဲ့ရသော ဗိုလ်ချုပ်မှာ သင်းပျံ့သော ထင်းရှူးပင်နံ့များ လှိုင်နေသည့် ရှမ်းကုန်းမြင့်ဒေသမှ လေကောင်းလေသန့်များကို ရှူရှိုက်ရသောအခါ တိုင်းပြည်ရေးရာကိစ္စများဖြင့် အလွန်အလုပ်များခဲ့သော သူ၏ဦးနှောက်တွင် အနည်းငယ်ကြည်လင်၍လာဟန်ရှိလေသည်။ သူ၏စိတ်ထဲဝယ် သည်တစ်ခါ ရှမ်းပြည်နယ်တက်ရသည်မှာ ပို၍ပျော်စရာကောင်းလျက် ကားလမ်းဘေး တစ်ဘက်တစ်ချက်တွင် ရံလျက်ရှိသော တောင်တန်းကြီးများ၊ သစ်ပင်ဝါးပင်များ၏ ရှုမျှော်ခင်းများလည်း ပို၍သာယာသည်ဟု ထင်မြင်မိလေသည်။ အကြောင်းမူကား အခုတစ်ကြိမ် ခရီးထွက်ရာ၌ သူ၏နံဘေးတွင် ကပ်လျက် ချစ်ဇနီး ဒေါ်ခင်ကြည်သည် လိုက်ပါလာသောကြောင့်ပေတည်း။

ဥပမာ... လမ်းခရီး၌ နှာစေးချောင်းဆိုးမှစ၍ နေထိုင်မကောင်းဖြစ်ခဲ့ပါလျှင် သူနာပြုအတတ်၌ ဝါရင့်ပြီးဖြစ်သော ဆရာမ ဒေါ်ခင်ကြည်က သူ့အား ပြုစုယုယလိမ့်မည် ဖြစ်သတည်း။

"ဂန္ဓာမာတောင် ×××× လိုဏ်ချောင်မှခ်နန်းဆီ ××××
ဂုမ္ဘာန် တစ်ထောင်×××× စောင့်ကြပ်ကာဆီးသည်××××
နတ်ပန်း ကလေးနှင့် ×××× သဏ္ဌာန်တူညီ ×××× လေယူရာ
××××သင်း မွှေးလို့လှိုင်ကြည် ×××× ဘုန်း×××× သမ္ဘာရှင်
×××× မျှော်ကိုးကာ စောင့်ခဲ့ပြီ..."

လား... လား၊ မော်တော်ကားသည် ကလော[မြို့]သို့ နီးလာ

www.burmeseclassic.com

www.burmeseclassic.com



လျက် ပတ်ဝန်းကျင် ရှမ္မောဒ်ခင်းမှာလည်း ပိမိစိမ်းစိုသာယာလေရာ ဗိုလ်ချုပ်မှာ သူ၏လက်ဝဲဘက်ရှိ ချစ်ဇနီး၏ ပေါင်ကို လက်ဝါးဖြင့်ပုတ်ကာ စည်းချက်လိုက်ရင်း အထက်ပါ မသန်းအေး၏ "မြပန်းခွေ"သီချင်းကို တူရိယာမဆန်သော သူ၏ အသံသြသြကြီးဖြင့် သီဆိုနေခြင်း ဖြစ်လေသည်။

ကျွန်ုပ်သည် မော်တော်ကား ရှေ့ဆုံးတန်းမှနေ၍ ဗိုလ်ချုပ်၏ နောက်တည့်တည့်တွင် ထိုင်ကာ ခပ်ကုပ်ကုပ် လိုက်ပါလာသော သတင်းထောက်ကြီး ဦးပုကလေးအား လှမ်း၍ကြည့်လိုက်ရာ အဘိုးကြီးက ပြုံးစိစိနှင့် သူ၏ကော်ကိုင်းမျက်မှန်ကြီးထဲမှ မျက်စိတစ်ဖက် မှိတ်ပြလိုက်လေသည်။

ဗိုလ်ချုပ်သည် သည့်လိုသီချင်းဆိုသည်ကို ဘယ်သူက ယုံမည်နည်း။

တက္ကသိုလ် အင်းဝဆောင်တုန်းက ကျွန်ုပ်၏ မိတ်ဆွေတစ်ဦးသည် ကျွန်ုပ်တို့တတွေ တူရိယာဂီတ တီးမှုတ်ဆိုသမျှအနားမှလာ၍ နားထောင်လေ့ရှိ၏။ သူကိုယ်တိုင်ကား ဘယ်တော့မှ သီချင်းဆိုလေ့မရှိ။ သူများက ဆိုခိုင်း၍လည်း မရ။ ရေချိုးခန်းတွင် လူတကာ နင်းအော်လေ့ရှိသလောက် ထိုသူမှာ ရေချိုးရာတွင် သီချင်းတစ်ပုဒ်မှ ညည်းလေ့ရှိသူ မဟုတ်ပေ။ အကြောင်းကို မေးသောအခါ "ကျွန်ုပ်အသံက သီချင်းဆိုလို့ကို မဖြစ်လို့ပါ"ဟု အဖြေပေးလေသည်။ ၎င်းမိတ်ဆွေကဲ့သို့ လူမျိုးအများပင် ရှိလေသည်။ ထိုသူများနှင့်စာလျှင် ဗိုလ်ချုပ်ခမျာ



သူစိတ်ကူးရသည့်အခါ သီချင်းဆိုဖော်ရ၍ တော်လှပြီ မဟုတ်ပါလော။

"ဒီရာသန်းဇ အသံကလေးက ကောင်းတော့ အတော်ကောင်းတယ်ကွ။ ငါတော့ သူ့အသံရယ်၊ မေရှင်အသံရယ် အကြိုက်ဆုံးပဲ"

ဟု ကလော့မြို့အဝင်တွင် ဗိုလ်ချုပ်က လှပ်လိုက်သေးသည်။

ကိုင်း... ကဗျာမဆန်၊ တူရိယာမဆန်... အနုပညာနှင့် ဘယ်လိုမှ ဆက်စပ်၍ မရသော ဗိုလ်ချုပ်အောင်ဆန်းသည် ယခု သူ့စိတ်ထဲတွင် ထင်မြင်သည့်အတိုင်း ဗမာတူရိယာ တေးသံရှင်များကို ထုတ်ဖော်ဝေဖန်လိုက်လေပြီ။

'ဘိလပ်ပြန်သန်း'နှင့် 'မေရှင်'တို့၏ ညုတုတု တေးသီသံသည် စိတ်ကူးယဉ်ကာ ရူးနေသော လူပျိုပေါက်ကောင်ကလေးများကဲ့သို့ပင် ဗိုလ်ချုပ်ကြီးအား နားဝင်ပီယံ ဖြစ်ကာ ဘဝင်နှလုံး ရွှင်ပြုံးစွဲမက်စေခဲ့ပေသည်။

၎င်းအကြိမ်တွင်သာ မဟုတ်။ သူ ခရီးထွက်တိုင်းလိုပင် စိတ်ကူးပေါက်သည့်အခါ သူရသလောက် တစ်ပိုင်းတစ်စ ကာလပေါ် တေးချင်းများကို သူ၏အသံသြကြီးများဖြင့် ညည်းလေ့ရှိကြောင်း၊ သူနှင့်အမြဲလိုလိုပါသော ရဲဘော် ဗိုလ်မင်းလွင်၊ ဒရိုင်ဘာ ခင်မောင်နှင့် သတင်းထောက်ကြီး ဦးပုကလေးတို့သည် ကောင်းစွာ သတိထားမိကြလေသည်။

၁၉၄၇ ခုနှစ်၊ နွေဦးတွင် ရွေးကောက်ပွဲများ မတိုင်မီ ဖ-

www.burmeseclassic.com

www.burmeseclassic.com



ဆ–ပ–လ အမတ်လောင်းတွေ မဲရဖို့အတွက် ဗိုလ်ချုပ်သည် မြိတ်မှ မြစ်ကြီးနားထိအောင် ခရီးပြင်းများ ဒလကြမ်းသွားကာ ပင်ပန်းဆင်းရဲစွာ မဲဆွယ်ခဲ့ရသည်ကို စာဖတ်သူများ မှတ်မိပေလိမ့်မည်။ ဗန်းမော်မှ ကသာသို့ ဧရာဝတီမြစ်ကြောင်းမှ စုန်ဆင်း၍ လာစဉ် သာယာစိမ်းစိုသော အထက်အညာမှ ဧရာဝတီပတ်ဝန်းကျင်ရှိ ကြည်နူးဖွယ် ရှုမျှော်ခင်းများကို ကြည့်ရင်း လက်ဝဲသုန္ဒရ ရေး မဲဇာတောင်ခြေ ရတုကြီးကို ဗိုလ်ချုပ်သည် တစ်ပိုင်းတစ်စ ညည်းခဲ့သေးသည်။

"လေှကလေးကို လော်မည်xxxx သောမသန်းဘဲ xxxx အေးချမ်းတော့သည်"ဟူသော မသန်းဇ၏ သီချင်းသည် လည်းကောင်း၊ "လှိုင်းကလေးတွေxxxx ဖွေးလို့ရယ်xxxx မြစ်ပြင်ဧရာဝယ်xxxx" ဟူသော မေရှင်၏ တေးသွားသည် လည်းကောင်း ဗိုလ်ချုပ် ခဏခဏညည်းလေ့ရှိသော သီချင်း တစ်ပိုင်းတစ်စအချို့ပင်တည်း။

"သစ္စာမဏ္ဍိုင်xxx မြဲခိုင်ခဲ့ပေxxx မေတ္တာမိုးတွေ သွန်းဖြိုး ရွာစေ" ချီ ပြည်လှဖေနှင့် မေရှင်တို့ စုံတွဲညသော (သက်ဝေ) သီချင်းကား ဗိုလ်ချုပ်သဘောအကျဆုံး ကာလပေါ်သီချင်းတစ်ပုဒ် ဖြစ်ပေသည်။ သက်ဝေသီချင်း ရေဒီယိုမှလာခိုက်တွင် သူအိမ်မှာ ရှိသည့်အခါများ၌ အိပ်ရာပေါ်တွင် မိမ်နှင့်မှိန်း၍ နားထောင်လေ့ ရှိသည်။ တော်လှန်ရေးတုန်းက ဧရာဝတီမြစ် အနောက်ဘက် ကမ်း သရက်ချောင်းရွာကလေး၏ ရှေ့တန်းစစ်ဌာနချုပ် ခေတ္တ ရုံးစိုက်ထားစဉ် မိုးမှာ တဖြောက်ဖြောက် ရွာနေသော ပျင်းရိ



ငြီးငွေ့ဖွယ် တစ်ညနေ၌ ဗိုလ်ချုပ်က–ကျွန်ုပ်အား (သက်ဝေ) သီချင်း သီဆိုခိုင်းခဲ့သည်ကို ကျွန်ုပ်မှတ်မိပါသေးသည်။

၁၃၀၉ ခုနှစ်၊ မိုးဦးကျ တစ်ညသ၌ ဗိုလ်ချုပ်သည် အိပ်ရာပေါ်တွင် လဲလျောင်းကာ အပမ်းဖြေရင်း ရေဒီယိုကို သူ၏ဇနီးက ဖွင့်လိုက်ရာ "မူဝံကြယ်xxxx မြေမှာခကြွေ xxxx ကောင်းကင်မှာ နေလတွေကွယ်စေxxxx" အစချီသော သက်ဝေသီချင်း၏ (Chorus) အပိုဒ်ကလေးကို စတင်ကြားရသဖြင့် ဗိုလ်ချုပ်မှာ သူ့အကြိုက်သီချင်းဖြစ်၍ အထူးဂရုစိုက်ကာ နားထောင်လေ သည်။

"xxxx ခိုင်းတော့ သက်ဝေ xxx အချစ်စမ်းချင် xxxx မစမ်းချင်နေ xxxx ထူးတဲ့ ခင်မင်တာတွေxxxx အသက်ကို စွန့်ရတာတောင် မငြိုငြင်ဘူးရှင့် အသင့် လို ရာစေxxxx"

ဟူသော မေရှင်၏ သစ္စာတိုင်ချက်ကလေးများကို သူ့စိတ် ထဲမှာ ယုံချင်သလိုလို၊ သဘောကျချင်သလို ဖြစ်နေလေသည်။ တူရိယာသံ ဆုံးသွားပြီးနောက် တက္ကသိုလ်နေဝင်း အပျော်တမ်း အဖွဲ့မှ ကာလပေါ်သီချင်းများဖြင့် ဖျော်ဖြေ၍ ပြီးဆုံးကြောင်း ကြေညာချက်ကို ကြားလိုက်ရသောအခါ ဗိုလ်ချုပ်မှာ အံ့အား သင့်သွားလေသည်။ နောက်တစ်နေ့ နံနက် ထမင်းစားပွဲတွင် ကျွန်ုပ်နှင့်ဆုံရာ သူက–

"ဟေ့ကောင်... ညက မင်းတို့တူရိယာဝိုင်းအတော် ဟုတ်သားပါကလား။ သက်ဝေသီချင်း ဆိုတာ ဘယ်သူလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ငါဖြင့် တကယ့်မေရှင်ဓာတ်ပြားမှတ်လို့…”

ဟု မေးလေသည်။

“ဆိုတာကတော့ ကျွန်တော့်မိန်းမပဲ ဗိုလ်ချုပ်။ စန္ဒရားက ဒဂုန်တာရာ၊ တယောက ကျွန်တော်ပဲ…”

“ဟော–ဟုတ်လား၊ ဒီလိုဆိုတော့ အနိုပ်သားပဲကွ။ အေးလကွာ… ငါ့မိန်းမကိုလည်း သီချင်းဆို သင်ခိုင်းဦးမှပဲ”

ဟု ရယ်သွမ်းသွေးရင်း အနီးရှိ ဒေါ်ခင်ကြည်ဘက်သို့ လှည့်၍ ပြောလိုက်ရာ၊ ဇနီးဖြစ်သူက–

“အမလေး… မလုပ်ပါနဲ့တော်၊ မေရှင်တို့… ဒိုရာသန်းတို့ ဓာတ်ပြားတွေ နားထောင်ပြီး သဘောကျနေတော်ရောပေါ့”

ဟု ပြန်ပြောလိုက်လေသည်။ သူ့တပည့်ရဲဘော်တစ်ယောက်၏ ဇနီးက ရေဒီယိုမှ အသံလွှင့်သီချင်းဆိုကြောင်း သိရသောအခါ သူ၏ဇနီးကိုလည်း သီချင်းဆိုတတ်စေချင်သည့် အားကျစိတ်များ ရှိကြောင်း ရယ်သလို မောသလိုနှင့် သူ ထုတ်ဖော်ပြောလိုက်ခြင်း ဖြစ်လေသည်။

သည်ဟာကော သဘာဝကျသော လူစိတ်၊ အနုပညာဒ္ဓိဝါသနာထုံသော စိတ်များ မဟုတ်ပါလော။

(သက်ဝေ) သီချင်းကို ဗိုလ်ချုပ် ဘယ်လောက်ထိ စွဲခဲ့သနည်းဆိုသော် ၁၉၄၇ ခု၊ နှစ်ဆန်းက သူ ဘိလပ်သို့ ရောက်သွားစဉ် သူ့အသည်းစွဲ အဆိုတော်တစ်ဦးဖြစ်သူ “ဒေါ်သန်းဇေ” ကို လန်ဒန်မြို့၌ သွားတိုးလေရာ၊ ဗမာကိုယ်စားလှယ်အဖွဲ့ဝင်များ



ဆွေးနွေးပွဲအပြီး ဗမာပြည်မပြန်မီညက (ဒေါ်ချက်စတာ)ဟိုတယ် ညစာစားပွဲကျင်းပရာ ထိုညက “ဘိလပ်ပြန် သန်း”သည်လည်း ဗိုလ်ချုပ်၏ဆားတွင် ကပ်လျက်ထိုင်နေသည်ကို တွေ့ရလေသည်။

ထမင်းစားပွဲအပြီးတွင် ထုံးစံအတိုင်း အဆိုကျော် ဒေါ်သန်းဇေအား သူ၏ချိုတေးသံသာဖြင့် ဖြေဖျော်ရန် ဝိုင်း၍ ပွဲတောင်းကြလေသည်။ မသန်းဇေအား သူ၏ ဖေးဘာရိတ်သီချင်းများဖြစ်ကြသော မြပန်းခွေ၊ မိဖုရားစော၊ ဟောဝန်နန်း၊ မိန်းမမြတ်တို့ကို တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုကြပြီးနောက်၊ အနီးဆုံးလူဖြစ်သော ဗိုလ်ချုပ်က–

“ဒိုရာ… ဟိုသီချင်းဟာလေ ရှုစံကြယ် မြေမှာ, ခကြွေ… အဲ… အဲ သက်ဝေသီချင်း ဆိုစမ်းပါ”

ဟု ဝင်၍ အော်ဒါပေးလိုက်သဖြင့် မသန်းဇေမှာမှာ မနေသာဘဲ သူ့သီချင်းလည်း မဟုတ်၊ သူဆိုနေကျလည်း မဟုတ်၊ ဗမာသံသက်သက်ဖြစ်သော မန္တလေး ငြိမ်းချမ်းရေး သက်ဝေသီချင်းကို ဆိုပြရလေတော့သည်။

သံပြိုင်သီဆိုရမည့် “ရှုစံကြယ်… မြေမှာခကြွေ…”အပိုဒ်သို့ ရောက်လေလျှင် မသန်းဇေသာ မဟုတ်။ ဗိုလ်ချုပ်ကိုယ်တိုင်ပါဝင် သံပြိုင်ဆိုနေကြောင်း တွေ့ရသဖြင့် ကျွန်ုပ်တို့တတွေမှာ သဘောမကျဘဲ မနေနိုင်တော့ချေ။

အခြားနိုင်ငံရေး ခေါင်းဆောင်များနှင့်မတူသော နောက်တစ်ချက် ဗိုလ်ချုပ်မှာ ရှိသေးသည်။ ယခုခေတ်တွင် လူငယ်နိုင်ငံရေးသမားများပင် ပျော်ရွှင်မှုတစ်ခုဖြစ်သော ရုပ်ရှင်၊ ပြဇာတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပွဲလမ်းသဘင်များသို့ မှန်မှန်သွားလေ့ မရှိကြချေ။ အချို့က ဝါသနာမပါ။ အချို့က အချိန်ဖြုန်းသည်ထင်၍ မသွားကြခြင်း ဖြစ်လေသည်။ ဗိုလ်ချုပ်ကတော့ ရုပ်ရှင်,ပြဇာတ်များကို မှန်မှန်ကြီး ကြည့်လေ့ရှိသည်။

ရုပ်ရှင်ဆိုလျှင် စစ်မဖြစ်မီ လူမွဲနိုင်ငံရေးသမား သခင်အောင်ဆန်းဘဝက တစ်မတ်တန်းတိုး၍ ကြည့်ခဲ့သည်မှအစ၊ နောက်ဆုံးသူမသေမီအထိ ရုပ်ရှင်ကားကောင်းများကို သူ မလွတ်တမ်း ကြည့်ခဲ့၏။ နက်နဲသိမ်မွေ့သော စိတ္တဗေဒနှင့် ယှဉ်သည့် ဇာတ်ကားများ (Charactor Story) သရုပ်ပြ ဇာတ်လမ်းများ၊ ရာဇဝင်သမိုင်းကို နောက်ခံကိုးကားပြသည့် ရုပ်ရှင်များကို သူ အထူးသဘောကျလေသည်။

စစ်မဖြစ်မီက ရန်ကုန်တွင် ပြသွားသော Wuthering Heights, Rebecca, Gone with the wind, Lady Hamilton, Waterloo Bridge, The good Earth Suez စသည်တို့မှာ ဗိုလ်ချုပ်နှစ်သက်သော ရုပ်ရှင်အချို့ပင်တည်း။ ၁၉၄၇ နှစ်ဦးက ရန်ကုန်တွင်ပြသော စပိန်ပြည်တွင်းရေးစစ်ကို နောက်ခံကားပြုသည့် (For whom the bell tolls) ဇာတ်ကားကိုကား ဗိုလ်ချုပ် အထူးသဘောကျလေသည်။

ဟာသနှင့်ယှဉ်သော ဇာတ်ကားများကိုလည်း သူ ကြည့်လေ့ရှိ၏။ ခေတ်သစ်လူရွှင်တော်များဖြစ်သော Bod Abbot နှင့် La Costello Red Skelton တို့ပါဝင်သော ဇာတ်ကားများကို သူ အတော်ကြိုက်လေသည်။ စစ်အတွင်းက စတင် ခေတ်စားလာ



သော ဗမာပြဇာတ်များကိုလည်း ဗိုလ်ချုပ်သည် စိတ်ဝင်စားခဲ့ပေသည်။ မြိုင်အဖွဲ့၏ (ဤစစ်ကြီးမှာ)၊ (ဗမာ့သွေးခဲ) ပြဇာတ်များမှ အစပြု၍ ရန်ကုန်တွင်ကသော ပြဇာတ်ဟူသရွေ့ကို မလွတ်တမ်း ကြည့်ခဲ့သည်။

ရုပ်ရှင်နှင့်ပြဇာတ်သည် တိုင်းပြည်ရေးရာနှင့် နိုင်ငံရေး ဗဟုသုတကို လူထုသို့ ဖြန့်ချီရာ၌ အကောင်းဆုံး ယန္တရားလက်နက် ဖြစ်ကြောင်းကို တက္ကသိုလ်သမဂ္ဂထဲက ယူဆခဲ့သော ဗိုလ်ချုပ်သည် ဘဆွေလေး၏ (စစ်ပြန်)ပြဇာတ်ကို ကြည့်ရသောအခါ၌ကား ၎င်းသူ၏ယူဆချက်ကို တစ်ထစ်ချ ယုံကြည်မိလေတော့၏။

ဗမာ့ရုပ်ရှင်နှင့် ပြဇာတ်လုပ်ငန်း၌ ဗိုလ်ချုပ်မည်မျှ စိတ်ဝင်စားကြောင်းကိုကား ရုပ်ရှင်နှင့် ပြဇာတ် အစည်းအရုံးကြီး၏ အမှုဆောင်အဖွဲ့ဝင်များ အသိဆုံး ဖြစ်ပေသည်။ တစ်ခါသော် ဗိုလ်ချုပ်သည် ရယ်စရာဇာတ်ကား ကြည့်ချင်သည်ဆိုပြီး လော်ရယ်နှင့် ဟော်ဒီတို့ပါဝင်သော (Beau Aunks) ရုပ်ရှင်သွားကြည့်၍ အပြန်တွင် ကျွန်ုပ်က–

"ဘယ့်နှယ်လဲ ... ဗိုလ်ချုပ်၊ ကောင်းရဲ့လား"

ဟု မေးရာ...

"မနိုပ်ပါဘူးကွာ။ ဒီကောင်တွေ ရယ်စရာလုပ်တာကလည်း သဘာဝမကျတဲ့ (very silly joke) ဟာတွေချည်းပဲ။ ငါဖြင့် တို့ဗမာ လူရွှင်တော်ကြီး ဖိုးပါကြီးလောက်ကို ကောင်းတယ် မထင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဝေဖန်လိုက်လေသည်။ ဟုတ်ပါသည်။ မြို့ပြဇာတ်အဖွဲ့မှ မျက်မှန်ဝိုင်းကြီးနှင့် ဖိုးပါကြီးသည် နိုင်ငံရေးကိစ္စတွေကြောင့် အလုပ်များသော ဗိုလ်ချုပ်၏ ဦးနှောက်အား ကြည်လင်ရွှင်ပျစေသည့် ပျော်တော်ဆက်တစ်ဦး ဖြစ်ပေသည်။ ဖိုးပါကြီးပါဝင်သည့် ပြဇာတ်များတွင် ဗိုလ်ချုပ်သည် (မြင်ရုံ) ရှေ့ဆုံးတန်းမှ ထိုင်ကြည့်လျက် ဖိုးပါကြီး၏ အမူအရာ ပြက်လုံးများကို အားရပါးရ ဘေးလူတွေအားလုံးထက် ကျယ်အောင် ရယ်မောသဘောကျလေ့ရှိကြောင်းကို မြင်ရပရိသတ်နှင့် ဗိုလ်ချုပ်ရှေ့တွင် ကပ်လျက်ရှိသော (ရွှေပြည်ဖေ)တို့ တီးဝိုင်းမှ လူများ ကောင်းကောင်းကြီး မှတ်မိကြပေလိမ့်မည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး စာပေတော်လျက်ရှိသော ခေတ်တွင် ပေါ်ထွက်လာသည့် ဇဝနဂျာနယ် ပထမစာစောင်တွင် ဗိုလ်ချုပ်၏တစ်ကြောင်းဆွဲပုံတစ်ခု ပါလေသည်။ ၎င်းပုံကို ဆွဲသူ၏ အမှတ်အသားကား ပုံအောက်နားတွင် (z) အင်္ဂလိပ်အက္ခရာတစ်ခုပင် ဖြစ်လေရာ ၎င်းပုံဆွဲသူမှာ အခြားမဟုတ်၊ ဟာသဝိဇ္ဇာ ဇဝန ကိုယ်တိုင်ပင် ဖြစ်ကြောင်း သိရသောအခါ ဗိုလ်ချုပ်မှာ အထူးသဘောကျခဲ့လေသည်။

"ဒီဇဝနဆိုတဲ့ငတိဟာ စာအရေးအသားတင် မဟုတ်ဘူး။ ကာတွန်းဆွဲလည်း မခေဘူးကွ။ ပန်းချီပညာမြောက် အစွမ်းအစ သူ့မှာရှိတယ်။ ဒါပေမယ့် ဒီလူက ကောင်းကောင်းမနေဘဲ တေတာက ခက်တယ်"

ဟု ကရုဏာဒေါသောနှင့် မှတ်ချက်ချခဲ့ဖူးလေသည်။



ဗိုလ်ချုပ်ကား ပန်းချီဘက်၌လည်း လုံဝ ဝါသနာမပါသူ မဟုတ်ချေ။ ဗမာဝတ္ထုမဂ္ဂဇင်းတွင်ပါသော ပန်းချီရုပ်များကို သူသေသေချာချာကြည့်ကာ ဝေဖန်လေ့ရှိသည်။

"ဒီပုံက အင်္ဂလိပ်မ မျက်နှာကို ကူးဆွဲပြီး ဗမာဆံထုံး တပ်ထားတာပဲကွ"


ဟူ၍ တစ်ခါက (ကောလိပ်ကျောင်းသား) ဝတ္ထုစာအုပ်မျက်နှာဖုံးမှ မိန်းမရုပ်တစ်ခု ကြည့်ဝေဖန်ခဲ့ဖူးလေသည်။ မင်းသုဝဏ်ရေးပြီး ဆရာဦးခင်ဇော် တူရိယာသွင်းသော (မောင်ခွေးဖို့) ကလေးချော့စာအုပ်မှ ဆရာဦးဘဉာဏ်၏ ပုံများသည် တကယ့်အဆင့်အတန်းမြင့်သော ပန်းချီဂုဏ်မြောက်များ ဖြစ်ကြောင်းကို ဗိုလ်ချုပ်သည် ကောင်းစွာ သိခဲ့သည်။ ထို့ကြောင့် ပန်းချီလက်ရာကောင်းများ အရသာကို သုံးသပ်ခံစားတတ်သည့် (Sense of Appreciation) အရည်အချင်း သူ့မှာရှိကြောင်း ကျွန်ုပ်တို့ ဆိုဝံ့လေသည်။

ဆရာဦးငွေကိုင်၊ ဦးဘကြည်တို့၏ လက်ရာများကိုလည်း ဗိုလ်ချုပ်မကြာခဏ ချီးမွမ်းလေ့ရှိသည်။

❐

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရေတပ်သို့ လှည့်လည်စစ်ဆေးစဉ်က



ပန်းခြင်းလက်ဆောင်ဖြင့် ပြုံးနေသည့် လွတ်လပ်ရေးဖခင်ကြီး



ပြင်ဦးလွင် လူထုတွေ့ဆုံပွဲ၌ မိန့်ခွန်းပြောကြားနေသည့် ဗိုလ်ချုပ်အောင်ဆန်း




မြန်မာပြည်ဘုရင်ခံ ဆာဟူးဘတ်ရန်နှင့် ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်ဗိုလ်များနှင့် ဗိုလ်ချုပ်အောင်ဆန်း



ဗိုလ်ချုပ်နေဝင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ တွေ့ဆုံကြစဉ်

## လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်ဘာတွေပြောခဲ့သလဲ

● ဂျပန်တို့သည် ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် မြန်မာနိုင်ငံအား ရွှေရည်စိမ် လွတ်လပ်ရေးကို ပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းလည်း စစ်ဝန်ကြီး ဖြစ်လာပါသည်။ ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီ၊ ဒီ၊ အေ) သည်လည်း "ဗမာ့တပ်မတော်" (Burma National Army or B.N.A) ဖြစ်လာပါသည်။ ဒေါက်တာဘမော်သည် နိုင်ငံတော် အဓိပတိနှင့် ဝန်ကြီးချုပ်၊ သခင်မြသည် ဒုတိယဝန်ကြီးချုပ် ဖြစ်လာခဲ့၏။

ထိုသို့အဓိပတိနှင့် ပုဂ္ဂိုလ်တော်တော်များများသည် ဂျပန်ပေးသော လွတ်လပ်ရေးကို သာယာနေကြစဉ် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျူဗလီဟော၌ ကျင်းပသော လွတ်လပ်ရေး တစ်နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားတွင် ဂျပန်ပေးသော လွတ်လပ်ရေး၏ အနှစ်သာရ ကင်းမဲ့ပုံကို အောက်ပါအတိုင်း ပြောင်ဖွင့်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"...ကနေ့ လွတ်လပ်ရေးရကြလို့ တစ်နှစ်ပြည့်တဲ့ အထိမ်းအမှတ်ပွဲနေ့၊ ဒီပြည်သူ့အစည်းအဝေးကြီးမှာ ကျွန်တော်ဟာ အစိုးရအဖွဲ့ဝင်တစ်ဦးအနေနဲ့ မဟုတ်ဘဲ ပြည်သူပြည်သားတစ်ဦးအဖြစ် အရေးကြီးတဲ့ စကားတွေကို ပြည်သူအများရဲ့အကျိုးကို မျှော်ကိုးပြီး ပြောပြလိုပါတယ်။

အခု ဗမာပြည်လွတ်လပ်ရေးရတာ တစ်နှစ်စေ့လာပြီ။ ဒီအတောအတွင်းမှာ ကျုပ်တို့ဘာတွေ ရကြသလဲ။ အမှန်ပြောရရင်တော့ ကျုပ်တို့ တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေး အရသာဆိုတာ မခံစားရသေးဘူး။ ခံစားရတဲ့ လူတွေဟာလည်း လူနည်းစုသာ ဖြစ်တယ်။ အဲဒီလူနည်းစုတွေထဲမှာ ဘယ်သူတွေလဲဆိုလို့ရှိရင် ကျွန်တော်အပါအဝင် ကျုပ်တို့အထက်က အစိုးရ အရာရှိကြီးတွေ၊ ဒီလူတွေကို ကပ်မြှောင်စားနေတဲ့လူတွေ၊ အမြတ်အစွန်း ကြီးကြီးယူပြီး လူတွေရဲ့ဒုက္ခကို ရင်းနှီးပြီး စီးပွားရှာနေကြတဲ့ ခေတ်ပျက်သူဌေးတွေ၊ အဲဒါတွေလောက်ပဲ။

အဲဒီတော့ တိုင်းသူပြည်သားတွေအဖို့မှာ လွတ်လပ်ရေး ရပေမဲ့ ဟာတာတာကြီး ဖြစ်နေမှာပဲ။ လွတ်လပ်ရေးဆိုတာ ဘယ်မှာလဲလို့ စိတ်ထဲမှာ မေးကြမြန်းကြလိမ့်မယ်။ အမှန်ကတော့ အခုလွတ်လပ်ရေးဟာ အများသိကြတဲ့အတိုင်း စာပေါ်လွတ်လပ်ရေးပဲ ရှိသေးတယ်။ လက်တွေ့သဘော အထည်နဲ့ ကိုယ်နဲ့၊ ဒြပ်နဲ့ အကောင်အထည်ကို မမြင်ရ၊ မတွေ့ရ၊ မခံစားရသေးဘူး။ ကျုပ်တို့ ရှေ့ဆက်ပြီး စခန်းသွားနိုင်ဦးမှ လွတ်လပ်ရေးအကောင်အထည်ကို မြင်ရလိမ့်မယ်။ အခု မမြင်ရသေးဘူး..."



* * *

၁၉၄၃ ခု၊ နှစ်ဝက်လောက်ကပင် ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို စီစဉ်ခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ပြီးကာစ ၁၉၄၅ ခုနှစ်၊ သြဂုတ်လ ၉ ရက်နေ့၊ ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသော "အရှေ့အနောက်အသင်း" (East and West Association) အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်ဘာသာဖြင့် အောက်ပါအတိုင်း ထည့်သွင်းဟောပြောခဲ့ပါသည်။

"... ကျွန်ုပ်တို့သည် ဂျပန်ပေးသော လွတ်လပ်ရေးနှင့် ပတ်သက်၍ အထင်မကြီးခဲ့ပါ။ ကျွန်ုပ်သည် တိုကျိုမှ ပြန်ရောက်လာပြီးနောက် ညှိခံပွဲတစ်ခုတွင် "ဂျပန်ပေးမည့် လွတ်လပ်ရေးသည် နာမည်မျှသာ ဖြစ်မည်"ဟု ပြောခဲ့ပါသည်။

၁၉၄၃ - ခုနှစ်၊ သြဂုတ်လ ၁ ရက်နေ့တွင် "လွတ်လပ်ရေး" ကြေညာပြီးနောက် များမကြာမီ ကျွန်ုပ်တို့သည် သခင်ထွန်းစိန်အိမ်တွင် စည်းဝေးတိုင်ပင်ကြပြီးနောက် တော်လှန်ရေးကို ဆင်နွှဲရန် စီစဉ်ကြပါသည်။ ကျွန်ုပ်တို့သည် ၁၉၄၃ ခုနှစ် အကုန်လောက်တွင် တော်လှန်ရေးကို စတင်နိုင်ကြလိမ့်မည်ဟု ထင်ခဲ့ကြပါသည်။

သို့သော်လည်း ကျွန်ုပ်တို့သည် စိတ်ကူးယဉ်ခဲ့ခြင်းမျ

www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်ကြောင်း ဖြစ်ရပ်များက သက်သေခံခဲ့ပါသည်။ တော်လှန်ရေးအင်အားစုများသည် တကွဲတပြား ဖြစ်နေရုံမက စနစ်တကျ စည်းရုံးထားခြင်းလည်း မရှိသေးပါ၊ အိန္ဒိယပြည်နှင့် လည်းကောင်း၊ တရုတ်ပြည်နှင့် လည်းကောင်း အဆက်အသွယ် မရသေးပါ။ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ လက်နက်၊ ရိက္ခာစသည်တို့မှာလည်း ပြဿနာကြီးများ ဖြစ်နေပါသည်။ အရေးအကြီးဆုံးမှာကား ကျွန်ုပ်တို့သည် ပြည်သူလူထုကို မစည်းရုံးရသေးပါ။ ပြည်သူ လူထု၏ ကူညီထောက်ပံ့မှု ရမှသာလျှင် ကျွန်ုပ်တို့သည် အောင်မြင်နိုင်မည် ဖြစ်ပါသည်။

* * *

ဗိုလ်ချုပ်အဖို့ စည်းရုံးရေးဆင်းလေရာ ဒေသတိုင်းရှိ တိုင်းရင်းသားအများစုသည် ဗိုလ်ချုပ်၏ လောကွတ်မပါ ဒဲ့ဒိုး ပြောတတ်သော စိတ်ရင်းအမှန်ကို ယုံကြည်လာကြ၏။ ၁၉၄၆ ခု၊ နိုဝင်ဘာလ ၂၈ ရက်၊ မြစ်ကြီးနားတွင်–

"ဗမာပြည်ကို လွတ်လပ်တဲ့တိုင်းပြည်ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်။ လွတ်လပ်မှာတော့ အနေးနဲ့ အမြန်ပဲ သေချာနေပါတယ်။

ကချင်အမျိုးသားများဟာလည်း ကျွန်တော်တို့ရဲ့ သွေးရင်းသားရင်းများ ဖြစ်သည့်အတွက် ဗမာများနှင့် ဆိုးတူကောင်းဖက် ပူးပေါင်း ဆောင်ရွက်ကြစေချင်ပါတယ်။ ဒါမှလည်း ခေတ်ကြီးပြောင်းလဲနေသည့်အလျောက် ကချင်



အမျိုးသားများလည်း တိုးတက်နိုင်ပါမယ်။ ကချင်အမျိုးသားများဟာ ရိုင်းသေးတယ်ဆိုပြီး ခွဲခြားထားတာဟာ နှစ်ပေါင်း ၆၀ ကျော်သော်လည်း ဘာများတိုးတက်ခြင်း ရှိသေးသလဲ။ ဗမာပြည်နဲ့ပူးပေါင်းလိုက်ရင် ဗမာများနဲ့အတူ ရင်ဘောင်တန်း လိုက်နိုင်ကြမယ်။

ဗမာပြည်နဲ့ ပူးပေါင်းလိုက်ရင် ခင်ဗျားတို့အပေါ် အင်္ဂလိပ်များ မအုပ်ချုပ်ရတော့ဘူး။ ခင်ဗျားတို့နယ်ကို ခင်ဗျားတို့ အုပ်ချုပ်ရမယ်။ ဥပမာ စတီဗင်ဆင်လို အင်္ဂလိပ်အရာရှိက ခင်ဗျားတို့ကို အုပ်ချုပ်စေခိုင်းနေတယ်။ ဟိုအခါကျရင် သူလိုလူကို ခင်ဗျားတို့က အုပ်ချုပ်စေခိုင်းနိုင်တယ်။

ဗမာများဟာ ကချင်များအပေါ်မှာ အုပ်ချုပ်စိုးမိုးမှာလည်း မဟုတ်ဘူး။ ကချင်တောင်တန်းနယ်ကို ကချင်များသဘောကျ အုပ်ချုပ်ရမယ်။ သို့ရာတွင် တစ်ပြည်လုံးနဲ့ ပတ်သက်တဲ့ ဘဏ္ဍာရေး၊ ကာကွယ်ရေး၊ စီးပွားရေး စသည်တို့ကိုတော့ ကချင်ဝန်ကြီးများ ပါဝင်သော အစိုးရအဖွဲ့တစ်ဖွဲ့က တိုင်ပင်ဆောင်ရွက်သွားမှာပဲ။ ဘာသာရေးဆိုတာမှာလည်း လွတ်လပ်စွာ ကိုးကွယ်ချင်တာကို ကိုးကွယ်နိုင်တာပဲ"

* * *

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ ကရင်နီပြည်နယ် လွိုင်ကော်မြို့မှအပြန် ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်၊ ဆောင်ကြီးမြို့၊ ညောင်ရွှေဟော်တွင် စော်ဘွားကြီးများနှင့် ပထမ

www.burmeseclassic.com

www.burmeseclassic.com



ဆုံး တွေ့ဆုံဆွေးနွေးရာ... ပြတ်သားစွာ မိန့်ကြားခဲ့သည်။

"ဘိလပ်အစိုးရက ဗမာပြည်ရေးကိစ္စတွေ ဆွေးနွေးဖို့ ကျွန်တော်တို့ကို ဖိတ်ကြားတဲ့အတွက် ဇန်နဝါရီလ ၂ ရက် နေ့မှာ ဘိလပ်သွားရပါလိမ့်မယ်။

အဲဒီအခါမှာ ရှမ်းပြည်နယ်နဲ့ ဗမာပြည်ပူးပေါင်းရေး ပြောရပါလိမ့်မယ်။ ဒါကြောင့် စော်ဘွားများရဲ့ သဘော တူညီချက်ကို အလိုရှိပါတယ်။ အကြမ်းမူကို ရေးဆွဲပေးခဲ့ ပါ့မယ်။ လက်မှတ်ထိုးပြီး တစ်ပါတည်း ယူသွားနိုင်ပါက သာ၍ ကောင်းပါမယ်။ ယခုလို ကျွန်တော်အကြံပေးတာ ကိုမှ သဘောမတူဘဲ အင်္ဂလိပ်လက်အောက်မှာ နေချင် သေးတယ်။ သူတို့ပြုသမျှပဲ ခံချင်သေးတယ်ဆိုရင်တော့ ခင်ဗျားတို့ရဲ့ သဘောအတိုင်းပဲ။ သို့သော် နောင်ကို ကျွန်တော်တို့အဆိုး မဆိုပါနဲ့။

ကျွန်တော်တို့က နယ်ချဲ့သမားများကို အပြင်းအထန် ချတော့မှာ ဖြစ်လို့ နယ်ချဲ့သမားများနဲ့ ပူးနေတဲ့လူများကို လည်း ချရမှာပါ"

(ထိုမိန့်ခွန်းကို မိန့်ကြားပြီးနောက်ရက်၌ ညောင်ရွှေမြို့၌ ထပ်မံ ဆွေးနွေးကြပြန်၏။ ထိုညတွင် ဗိုလ်ချုပ်က စော်ဘွား များသဘော၎ပေါက်အောင် ရှင်းပြရာ ကျေနပ်ဖွယ် နှုတ်ကတိများ ရခဲ့လေ၏။)

* * *

၁၉၄၇ ခု၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ဗိုလ်ချုပ်ဦးဆောင်



သော အဖွဲ့သည် ဗြိတိသျှဝန်ကြီးချုပ် အက်တလီခေါင်းဆောင် သော အဖွဲ့နှင့် လန်ဒန်မြို့၊ အမှတ် (၁၀)၊ ဒေါင်းနင်းလမ်းရှိ ဗြိတိသျှဝန်ကြီးချုပ်ဂေဟာ၌ ဆွေးနွေးပွဲကျင်းပလေ၏။ ဤတွင် ဗိုလ်ချုပ်က အင်္ဂလိပ်ဘာသာဖြင့် မြွက်ကြားခဲ့လေ၏။

"ယနေ့မှစ၍တစ်နှစ်အတွင်း မြန်မာပြည် လွတ်လပ် ရေး ရသင့်ပါသည်ဟု ကျွန်ုပ်တို့ ယူဆပါ၏။ ဝန်ကြီးချုပ် က ဒီဇင်ဘာလ ၂၀ ရက်နေ့ ပါလီမန် အောက်လွှတ်တော် တွင် ပေးခဲ့သည့်ကတိကို ထပ်လောင်းကြေညာသည်ကို ကြားရသည့်အတွက် ကျွန်ုပ်တို့ ကျေနပ်ပါသည်။

မြန်မာပြည်အား ဗြိတိသျှ ဓနသဟာယအတွင်းတွင် ဖြစ်စေ၊ အပြင်အပတွင် ဖြစ်စေ မိမိတို့သဘောအတိုင်း လွတ်လပ်ရေးကို ရွေးချယ်ခွင့်ပေးရန်လည်းကောင်း ကျွန်ုပ် တို့၏ လိုလားချက်များကို လျင်မြန်စွာ ရရေးအတွက် ကူညီရန်လည်းကောင်း... ကြံရွယ်ကြောင်း ပြောဆိုသည့် အတွက် ဘုရင်မင်းမြတ်၏ အစိုးရကို ကျွန်ုပ်တို့က ကျေးဇူး တင်ပါသည်။ အမြင့်မြတ်ဆုံးဖြစ်သော ရည်ရွယ်ချက်များ နှင့် ကျယ်ပြန့်သောကျင့်စဉ်များပင် ဖြစ်စေကာမူ လက်တွေ့ အကောင်အထည်ဖော်ရာတွင် တစ်ခါတစ်ရံ မအောင်မြင် တတ်သည်ကို ရာဇဝင်တွင် တွေ့ရပါသည်။

ကျွန်ုပ် ဤသို့ပြောရခြင်းသည် မြန်မာပြည်တွင် ကျွန်ုပ် တွေ့ကြုံဖူးသော အတွေ့အကြုံများကြောင့် ဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဝန်ကြီးချုပ်နှင့် ဘုရင်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်၏ စေတနာကို လေးစားပါသည်။ ကျွန်ုပ်ဘက်မှလည်း ထိုစေတနာကို တုံ့ပြန်မည်ဖြစ်ကြောင်း ကျွန်ုပ်ကတိပေးနိုင်ပါသည်။

... ကျွန်ုပ်တို့ကိုယ်စားလှယ်အဖွဲ့သည် ကျွန်ုပ်တို့၏ကိစ္စအဝဝကို ဆောင်ရွက်နိုင်၍ လွတ်လပ်ရေးသို့ ပို့ဆောင်ပေးမည့် စီမံကိန်းအသစ်ကို ဘုရင်မင်းမြတ်၏ အစိုးရထံမှ ရလာလိမ့်မည်ဟု ကျွန်ုပ်တို့ ပြည်သူများသည် မျှော်လင့်နေကြပါသည်။

* * *

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလသည် မြန်မာနိုင်ငံအတွက် အထူးအရေးပါလှသော "ပြည်ထောင်စုနေ့" ဖြစ်ပေါ်ရာ ပင်လုံစာချုပ် ချုပ်ဆိုသည့် နေ့ထူးနေ့မြတ် ဖြစ်ပေ၏။ ဗိုလ်ချုပ်သည် နယ်ချဲ့လက်ပါးစေများ၏ ခြေထိုးမှုကို ဂရုမစိုက်ဘဲ ရိုးသားသော စိတ်ဓာတ်အခြေခံလျက် ပင်လုံမိန့်ခွန်းကို မြွက်ကြားခဲ့၏။ ထိုမိန့်ခွန်းကြောင့်ပင် နယ်ချဲ့လက်ပါးစေများသည် ခဲလေသမျှ သဲရေကျ ဖြစ်ခဲ့ရ၏။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်လျက် ပြည်နယ်ပြည်မ တောင်တန်းနယ် ခေါင်းဆောင်များ စုပေါင်းလက်မှတ်ရေးထိုးနိုင်ခဲ့ကြ၏။

ဤ၌ ဗိုလ်ချုပ်မြွက်ကြားသော ပင်လုံမိန့်ခွန်းကို အနည်းငယ်ကောက်နုတ်တင်ပြပါမည်။

..."ဘိလပ်ဆွေးနွေးပွဲ၌ မြန်မာပြည်ကိုယ်စားလှယ်များက တောင်တန်းနယ်လွတ်လပ်ရေးကို တစ်ချိန်တည်း



မပေးခဲ့လျှင် တကယ့်လွတ်လပ်ရေး မဖြစ်နိုင်ဟု ပြောဆိုခဲ့ကြောင်း၊ တောင်တန်းနယ်ကို ဗြိတိသျှတို့ တိုက်ရိုက်အုပ်ချုပ်ခြင်းကို မြန်မာလူမျိုးတို့က မကြိုက်ကြောင်း၊ တောင်တန်းနယ်ကို တောင်တန်းလူမျိုးများသာ အုပ်ချုပ်စိုးမိုးခြင်းကို မြန်မာများက ကြိုက်ကြောင်း။

... မြန်မာများသည် ဗြိတိသျှ၏ကျွန် မဖြစ်လိုကြောင်း၊ ထိုနည်းတူ တောင်တန်းလူမျိုးများလည်း ဗြိတိသျှကျွန်များအဖြစ် မရောက်စေလိုကြောင်း၊ ထို့ပြင် တောင်တန်း လူမျိုးများသည် မြန်မာကျွန်အဖြစ် မဖြစ်စေလိုကြောင်း။

... တောင်တန်းနယ် စီမံအုပ်ချုပ်ရေ မှာ ကောင်စီ၏လက်ထဲ၌ ရှိလိမ့်မည် ဖြစ်ကြောင်း၊ ထိုကောင်စီအဖွဲ့ထဲ၌ တောင်တန်းနယ်မှ ကိုယ်စားလှယ်တစ်ယောက် ရှိလိမ့်မည်ဖြစ်ရာ ၎င်း၏လက်ထဲမှာကား ထိုအုပ်ချုပ်ရေး ရှိမည်ဖြစ်ကြောင်း။

... ဗြိတိသျှတို့မှာ မြန်မာပြည်၌ ကြာရှည်စွာ အုပ်စိုးရန် အခွင့်အခါ မရှိတော့ကြောင်း၊ စောစော သို့မဟုတ် အနည်းငယ်ကြာလျှင် မြန်မာပြည်ကို စွန့်လွှတ်ရတော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ အားကိုးအားထားပြုလုပ်မည် ဖြစ်ကြောင်း၊ ထိုနေရာ၌ ညီညွတ်ရေးမှာ လွန်စွာပင် လိုကြောင်း။

... လွတ်လပ်ရေးရပြီးသောအခါမှပင် အဆင့်အတန်း

www.burmeseclassic.com

www.burmeseclassic.com



မြင့်နိုင်ကြောင်း၊ လွတ်လပ်ရေးမရလျှင် လက်ရှိ အောက်ကျ၊ နောက်ကျ ဖြစ်နေသော အဆင့်အတန်းကို မြှင့်တင်ရန် မဖြစ်နိုင်ကြောင်း။

... လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ ... မည်သူ့ကို မဆို မကြောက်မရွံ့နှင့် ၎င်းတို့က တောင်တန်းလူမျိုးများကို မေးခဲ့လျှင် တောင်တန်းလူမျိုးများက လွတ်လပ်ရေးကို လိုချင်တယ်ဟု ပြောရမည်ဖြစ်ကြောင်း၊ ခြောက်လျှင်လည်း မကြောက်ကြနှင့်၊ ချော့လျှင်လည်း မပျော့ကြနှင့်။ တောင်တန်းလူမျိုးများသည် မြန်မာပြည်ကဲ့သို့ တူညီသော အဆင့်အတန်းကို လိုချင်သည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ဒါကို ယနေ့ပြောလိုက်ရင် နက်ဖြန် အဆွေတို့လွတ်လပ်ရေးရမည် ဖြစ်ကြောင်း။"

* * *

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားရသည့် နိုင်ငံဖြစ်ပေရာ တောင်သူလယ်သမားများ၏အရေးကို ဖြေရှင်းရသည့် တာဝန်သည် အစိုးရတိုင်း၏ တာဝန်ဖြစ်ပေ၏။ သည့်အတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသော တောင်သူလယ်သမား ညီလာခံတွင် အောက်ပါအတိုင်း မွက်ကြားခဲ့ပါသည်။

..."တောင်သူလယ်သမားတွေဟာ ဗမာပြည်မှာ လူအများစု ဖြစ်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ခင်ဗျားတို့ရဲ့ လွတ်လပ်ရေး ပါလာမယ်။ တောင်သူလယ်သမား



လူများစုရဲ့ အခွင့်အရေးမပါတဲ့ လွတ်လပ်ရေးဟာ အဓိပ္ပာယ်မရှိဘူးလို့ ယူဆတယ်။

... ခုအခါမှာတော့ ဆင့်ပါးစပ် နှမ်းပက်သလိုမျိုး ဖြစ်နေတယ်။ လုပ်ချင်သလို မလုပ်နိုင်ဘူး။ ခင်ဗျားတို့ လိုချင်ကြသလို မြေရှင်စနစ်ကို ပြုပြင်ပြောင်းလဲချင်တယ်။ လယ်ပိုင်ရှင်စနစ်ကို ဖြုတ်ပစ်နိုင်ဖို့ပဲ..."

* * *

၁၉၄၇ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့၌ ကျင်းပသော မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် အလုပ်သမားများဘဝ လွတ်မြောက်ရေးအတွက် ဗိုလ်ချုပ်သည် ထည့်သွင်းမိန့်ကြားသွားပြန်ပါ၏။

..."ယခုအခါ၌မူ အလုပ်သမားများ မငြိမ်မသက်မှုများရှိလျက် သပိတ်မှောက်နေကြကြောင်း။ ထိုသို့ သပိတ်မှောက်ခြင်းမှာ အရင်းရှင်ဝါဒ၌ မလွဲမရှောင်သာဘဲ ဖြစ်ပွားရမည်ပင် ဖြစ်ကြောင်း။ အလုပ်သမားများ၏ တောင်းဆိုချက် အများပင် တရားမျှတကြောင်း။ မြန်မာပြည်ရှိ အလုပ်သမားများ အခြေအနေမှာ အခြားတိုးတက်သည့် တိုင်းပြည်ရှိ အလုပ်သမားအခြေအနေနှင့် နှိုင်းစာလျှင် များစွာ ကျေနပ်ဖွယ်မရှိကြောင်း၊ အလုပ်သမားများမှာ အခြေစိုက်ရန် မရှိ၊ ပင်စင်မရှိ၊ လုံခြုံရေးလည်း မရှိကြောင်း။

... အလုပ်သမားများ နိုးကြားလာပြီဖြစ်၍ ၎င်းတို့ လိုလားချက်ကို တောင်းရာ ပထမအကြိမ်ဖြစ်၍ များတာ၊

www.burmeseclassic.com

www.burmeseclassic.com



ပိုတာတွေ ရှိမည်ဖြစ်ကြောင်း။ အလုပ်သမားအရေးကို အပြစ်တင်ရှုံ့ချဖို့ မသင့်ကြောင်း။ ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ လုပ်ငန်းရှင်များက လက်ရှိ အလုပ်သမားသပိတ်ကို ဖြေရှင်းရာ သဘောတူပြီး အချက်များကို စိတ်ရော ကိုယ်ပါ လိုက်လျောသင့်ကြောင်း။ အစိုးရကလည်း သပိတ် အရေးပြီးအောင် အစွမ်းကုန် ကြိုးစားနေကြောင်း။ ဖြေရှင်း သဘောတူပြီး အချက်များနှင့် ပတ်သက်၍ မလိုက်နာလျှင် စက်မှု စီးပွားရေးလုပ်ငန်း အေးငြိမ်းရန် အစိုးရက ကြပ်တည်းသော အရေးယူမှုကို လုပ်ရမည်ဖြစ်ကြောင်း။"

* * *

ဗိုလ်ချုပ်သည် ကိုယ်တိုင်မယုံကြည်ပါဘဲ မိမိခေါင်းဆောင်မှု ကျဆုံးမည်စိုးသည့်အတွက် လျှော့ပေးတတ်သူ မဟုတ်ပေ။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့၌ ရန်ကုန်မြို့တော်ခန်းမတွင် ပြုလုပ်သော ညည့်ခံပွဲ၌ ဗိုလ်ချုပ်က အောက်ပါအတိုင်း ထည့်သွင်းမိန့်ကြားခဲ့လေ၏။

"... ခေါင်းဆောင်လုပ်တဲ့လူတွေဟာ နောက်လိုက်လူတွေထက်ပိုပြီး အမြင်ကျယ်ရမယ်။ ခေါင်းဆောင်ဟာ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုး၊ ယောင်ချာချာ လုပ်ရင် ခေါင်းဆောင်မဟုတ်ဘူး။ ခေါင်းဆောင်လုပ်တဲ့လူဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်။ ရှင်းပြနိုင်ရမယ်။ အသက်စွန့်သင့်တဲ့ နေရာမှာ စွန့်ရဲရမယ်။ ပရိယာယ်သုံးသင့်တဲ့နေရာမှာ သုံးရမယ်။



အချိန်အခါလိုက်ပြီး လုပ်ရမယ်။ အများယောင်လို့ ယောင်ရတယ်၊ အမောင် တောင်မှန်းမြောက်မှန်း မသိဆိုရင် ခေါင်းဆောင် မဟုတ်ဘူး..."

□

27 JUN 2012

www.burmeseclassic.com

www.burmeseclassic.com



ကရင်ပြည်နယ်သို့ စည်းရုံးရေးဆင်းစဉ်က ဗိုလ်ချုပ်အောင်ဆန်း



အိန္ဒိယနိုင်ငံခေါင်းဆောင် ဂျဝါဟာလာနေရူးနှင့် ဗိုလ်ချုပ်အောင်ဆန်း

## ဗိုလ်ချုပ်နှင့် လူသတ်မှု စွပ်စွဲချက်

● ဗိုလ်ချုပ်အောင်ဆန်း၏ ဦးစီးဦးဆောင်ပြုမှုဖြင့် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီး၏ ဩဇာမှာ ကြီးမားသည်ထက် ကြီးမားလာခဲ့လေ၏။

ဤတွင် ကိုယ့်ထက်သာ မနာလိုဟူသည့် မစ္ဆရိယ စိတ်ထားဖြင့် ဗြိတိသျှ အရာရှိကြီးများနှင့် နိုင်ငံရေးသမားဟောင်းကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းကို အပြုတ်ဖြုတ်ရန် စိုင်းပြင်းလာကြလေသည်။ နိုင်ငံရေးသမားဟောင်းကြီးများသည် ကိုယ်ကျိုးရှာသူများပီပီ၊ လူထုနှင့် ကင်းကွာနေကြသူများ ပီပီ၊ မသမာကောက်ကျစ်သောနည်းကိုသုံး၍ ဗိုလ်ချုပ်အောင်ဆန်းကို လူထုခေါင်းဆောင်ဘဝမှ ဖြုတ်ချရန် ကြိုးပမ်းကြလေသည်။

သို့ဖြင့် ၁၉၄၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဘုရင်ခံအိမ်တော်၌ ဘုရင်ခံနှင့် ၎င်း၏ ဆာပေါ်ထွန်း (စက္ကူဖြူ) အစိုးရတို့ အစည်းအဝေး ပြုလုပ်ကြလေ၏။ ထိုအစည်းအဝေး၌

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံခန့် အမတ် ၃၅ ယောက် ပါဝင်၏။ ၎င်းတို့၏ ကြံစည် ကြိုးပမ်းကြသည်ကား...

စစ်တွင်းကာလ (၁၉၄၂ ခုနှစ်)၌ ဘိအိုင်အေ တပ်မတော် မြန်မာပြည်တွင်းသို့ ဝင်လာစဉ် သထုံခရိုင်ရှိ ရွာတစ်ရွာမှ ကုလားလူမျိုး သူကြီးကို ဗြိတိသျှအစိုးရ အတွက် သူသျှိုလုပ်မှုဖြင့် ဗိုလ်ချုပ်အောင်ဆန်း သဘာပတိ အဖြစ် ဆောင်ရွက်သော စစ်ခုံရုံးတွင် စစ်ဆေး၍ သေဒဏ် အပြစ်ပေးခဲ့သည်။

ထိုသူကြီးကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ကွပ်မျက်ခဲ့၏။ သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းအား "လူသတ်မှု" ဖြင့် အရေးယူ ဖမ်းဆီးရန် သဘောတူ ဆုံးဖြတ်ကြလေ၏။

၎င်းတို့အဖို့ ဗိုလ်ချုပ်အောင်ဆန်းသာ လူသတ်မှုဖြင့် ကြိုးပေး ခံရလျှင် သူ၏နေရာကို မိမိတို့ ယူနိုင်ကြလိမ့်မည်ဟု ထင်မြင် ယူဆကြဟန်တူပေသည်။ ဗိုလ်ချုပ် ထိုသို့ဖြစ်မည့်အရေးအတွက် နိုင်ငံရေးသမားဟောင်းကြီးများက ကြိတ်၍ ဝမ်းသာနေကြလေ သည်။ သို့ရာတွင် ပြည်သူလူထုအဖို့ သူတို့ကိုသာလျှင် အကြည်ညို မဲ့သည်ထက် မဲ့လာခဲ့ကြ၏။ ဗိုလ်ချုပ်ကိုမူကား တိုး၍ တိုး၍ ကြည်ညိုလာခဲ့ကြလေ၏။ ပမာအားဖြင့် ပတ္တမြားလုံးကြီး အရောင်မထွက်စေရန် ဝက်များက ဖင်ဖြင့်ပွတ်ကြရာ ၎င်းဝက် များသည်သာ အမွေးအမျှင်များတုံးကုန်ပြီး ပတ္တမြားမှာမူ ပွတ် လေ, ပွတ်လေ အရောင်ထွက်လာလေ... ကဲ့သို့ပင်။

အဆိုပါ သတင်းကိုစွကို ကြားသိရလေသော် ဘုရင်ခံ



ဆာဒေါ်မန်စမစ်သည် ဗိုလ်ချုပ်အောင်ဆန်းကို ခေါ်၍ စုံစမ်းမေး မြန်းလေ၏။ ဗိုလ်ချုပ်ကလည်း ရိုးသားစွာ၊ ရဲဝံ့စွာပင် အဖြစ် အပျက် အမှန်ကို မကွယ်မဝှက်ဘဲ တင်ပြပြောဆိုပြီး ထိုကိစ္စ အတွက် မိမိလုံးဝတာဝန်ယူကြောင်း ပြောလိုက်လေ၏။ ထိုအခါ ဘုရင်ခံ ဆာဒေါ်မန်စမစ်သည်–

"ဗိုလ်ချုပ်အောင်ဆန်း၏ နှလုံးရည်ကို မချီးကျူးပဲ မနေနိုင်"

ဟု မှတ်တမ်းတင်ခဲ့လေ၏။ အဆိုပါ ကောက်နုတ်ချက် အရ ဗိုလ်ချုပ်အောင်ဆန်းတွင် လက်ရုံးရည်သာမက၊ နှလုံးရည် ပါ ရှိသည်မှာ ထင်ရှားပေသည်။

အရာရှိဆိုးများနှင့် ဂုဏ်သိက္ခာကျဆင်းနေပြီဖြစ်သော ကိုယ် ကျိုးရှာ နိုင်ငံရေးသမားဟောင်းကြီးများက မည်မျှပင် ဗိုလ်ချုပ် အောင်ဆန်းအား မသမာသောနည်းဖြင့် ဖြုတ်ချရန် ကြံစည်ကြ စေကာမူ ဘိလပ်ရှိ ဗြိတိသျှအစိုးရသည် လူထု အသည်းစွဲ ဗိုလ်ချုပ်အောင်ဆန်းကို မဖမ်းရဲကြပေ။ ဖမ်းဆီးရန် အမိန့်ပေးပြီး မှ ထိုအမိန့်ကို ပြန်လည်ရုတ်သိမ်းခဲ့ကြလေသတည်း။

(၁၉၄၆ ခု၊ စက်တင်ဘာလ ၅ ရက်နေ့တွင် မြန်မာနိုင်ငံ သမိုင်း၌ မတွေ့ဘူး၊ မကြားဘူးသော ပုလိပ်သပိတ်ကြီး ဖြစ်ပေါ် ခဲ့၏။ ထိုပုလိပ်သပိတ် ဖြစ်ပေါ်ပြီးနောက် များမကြာမီ စာရေး သပိတ်၊ မီးရထား သပိတ်၊ စာတိုက်သပိတ်စသည်ဖြင့် အခြား အစိုးရဌာနများမှ ဝန်ထမ်းများ သပိတ်မှောက်ကြသဖြင့် အစိုးရ အုပ်ချုပ်မှု ယန္တရားသည် ရပ်ဆိုင်းသွားရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ဘုရင်ခံအသစ် ဆာ–ဟူးဘတ်ရန့်စ် (Sir Hubert Rance) ရောက်လာကာ ဆာပေါ်ထွန်းတို့လူစုကို ရာထူးမှ ဖြုတ်၍ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖ–ဆ–ပ–လ အစိုးရအဖွဲ့အား ထိုးအပ်ရလေ၏။)

❒



ရင်သွေးကိုယ်စီပွေ့ချီထားကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်



အင်္ဂလန်မှပြန်ရောက်လာသော ဗိုလ်ချုပ်အောင်ဆန်းအား
အင်္ဂလိပ်အရာရှိများက ကြိုဆိုလာကြစဉ်

www.burmeseclassic.com


www.burmeseclassic.com



လော့ဒ်ဖောင့်ဘက်တန်ဖိတ်ခေါ်သည့် ထမင်းစားပွဲ၌
အမျိုးသားဝတ်စုံနှင့် ဗိုလ်ချုပ်အောင်ဆန်း




အိန္ဒိယနိုင်ငံခေါင်းဆောင် ဂျဝါဟာလာနေရူးနှင့် ဗိုလ်ချုပ်အောင်ဆန်း



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

BURMESE CLASSIC .com



ဒေါ်ခင်ကြည် အမေစုနှင့် ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

## ဗိုလ်ချုပ်အပေါ် ရှုမြင်ခဲ့သမျှ

● ကရင်အမျိုးသား ဗိုလ်မှူးချုပ်ဟောင်း စောကြာဒိုးက ဗိုလ်ချုပ်၏ ရိုးသားဖြိုးဖြောင့်မှုနှင့်ပတ်သက်၍ ဆောင်းပါးတစ်ပုဒ်၌ အောက်ပါအတိုင်း ရှုမြင်သုံးသပ် ရေးသားခဲ့ပါသည်။

…"ဂျပန်ခေတ် တစ်နေ့မှာ ဂျပန်သံအမတ်ဟာ ဗိုလ်ချုပ်နဲ့ ကျွန်တော်တို့ကို နေ့လယ်စာစားရန် ဖိတ်ပါသည်။ ထိုနေ့မှာ အတော်ကလေး ပူပါသည်။ ကျွန်တော်တို့ ဝတ်ထားသော ယူနီဖောင်းများမှာ အလွန်ထူပြီး ကျွန်တော်တို့အားလုံး ချွေးတစ်လုံးလုံးနှင့် ဖြစ်နေပါသည်။ ဗိုလ်ချုပ်ဝတ်ထားတဲ့ ယူနီဖောင်းမှာ ကျွန်တော်တို့ ယူနီဖောင်းထက် ပိုထူရကား ဗိုလ်ချုပ်အဖို့ ပြုတ်ထားသကဲ့သို့ ဖြစ်နေပါသည်။

… ကျွန်တော်တို့ဖြစ်အင်ကို မြင်သော ဂျပန်သံအမတ်က ကျွန်တော်တို့ အပေါ်အင်္ကျီများကို ချွတ်ထားရန်



အလိုက်သိစွာ အကြံပေးပါသည်။ ကျွန်တော်တို့လည်း မဆိုင်းမတွပင် အပေါ်အင်္ကျီများကို ချွတ်ပစ်လိုက်ပါသည်။

… ဗိုလ်ချုပ်ဟာ သူ့အပေါ်အင်္ကျီကို တော်တော်နှင့် မချွတ်ပါ။ စဉ်းစားနေပုံပေါ်ပါသည်။ နောက်ဆုံးချွတ်လိုက်သောအခါ သူ့အောက်ခံစွပ်ကျယ်အင်္ကျီမှာ ရစရာမရှိအောင် စုတ်ပြဲနေသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ စွပ်ကျယ်များလည်း စုတ်ပြဲနေပါသည်။ သို့သော်လည်း ဗိုလ်ချုပ်စွပ်ကျယ်မှာ တစ်ခုနှင့်တစ်ခု သိထားသလား အောက်မေ့ရလောက်အောင်ပင် စုတ်ပြဲနေပါသည်။"

* * *

ဗိုလ်ချုပ်အောင်ဆန်း၏ရိုးသားမှုကို ဂျပန်များကပင် ဝန်ခံခဲ့ကြပါသည်။ မြန်မာပြည်ရောက် ဂျပန်စစ်တပ်များ၏ ပထမဆုံးသေနာပတိ ဗိုလ်ချုပ်အီးဒါးက–

…"အောင်ဆန်းသည် ငွေလည်း မမက်။ အာဏာလည်း မမက်။ တစ်ကိုယ်ကောင်းလည်း မဆန်။ ဒါကြောင့် ဂျပန်တွေက သူ့ကို လေးစားသည်"

ဟု အဓိပတိ ဒေါက်တာဘမော်အား ဖွင့်ပြောဖူးလေ၏။ ထို့အတူ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ၊ အိုင်၊ အေ) ၏ ပထမသေနာပတိ ဗိုလ်မိုးကြိုးခေါ် ဗိုလ်မှူးကြီးဆူဇူကီး ကလည်း–

…"အောင်ဆန်းသည် အကြွင်းမဲ့ ရိုးသားသည်။ သူသည် သတ္တိ၊ဇွဲတို့နှင့် ပြည့်စုံသော စစ်ခေါင်းဆောင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မျိုးချစ်စိတ်လည်း ပြင်းထန်သည်။ ထို့ကြောင့်

ငါတို့ဂျပန်များသည် သူ့ကို ရိုသေလေးစားသည်”

ဟူ၍ ဖွင့်ဟဝန်ခံဖူးလေ၏။

* * *

ကရင်တိုင်းရင်းသားခေါင်းဆောင် (ထိုစဉ်က ဝန်ကြီးဖြစ်သူ) စောစံဖိုးသင်ကလည်း အဓိကရုဏ်းဖြစ်နေသော ကရင်–ဗမာ အရေးအခင်းအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးရေး စွမ်းဆောင်မှုနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြောကြားခဲ့ဖူးပါသည်။

“ကျွန်တော်တို့ ၁၉၄၂ ခုနှစ်က ဖြစ်ပျက်ခဲ့တဲ့ ကရင်–ဗမာ အဓိကရုဏ်းမှာ ကျွန်တော်လည်း ပါဝင်ပါတယ်။ ခေါင်းဆောင်ခဲ့တယ်။ အဲဒီအချိန်အခါမှာ အဲဒီ ဘီအိုင်အေ ဗိုလ်ချုပ် ခေါင်းဆောင်တဲ့ ဘီအိုင်အေဟာ ကျွန်တော့်ရဲ့ ရန်သူ ဖြစ်ခဲ့တယ်။ ကျွန်တော်အခုပြောချင်တာက ဗိုလ်ချုပ်ဟာ ရန်သူကို ဘယ်လိုမိတ်ဆွေဖြစ်အောင် လုပ်တတ်သလဲ ဆိုတဲ့ အင်မတန်ထူးကဲတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။

အဲဒီ ၁၉၄၃–ခုနှစ်၊ ဩဂုတ် ၁ ရက်နေ့ ဗမာပြည် လွတ်လပ်ပြီဆိုတာ ကြေညာတော့ ကျွန်တော် ရန်ကုန်ဆင်းလာတယ်။ ဆင်းလာတော့ ကျွန်တော့်မိတ်ဆွေတွေက ‘ရန်ကုန်ကို မသွားနဲ့၊ သခင်တွေ ခင်ဗျားကို သတ်လိမ့်မယ်...’လို့ ပြောတယ်။ ဒါပေမယ့်... ကျွန်တော်က ‘သွားရမယ်’ လို့ ပြောပြီးထွက်ခဲ့တယ်။



ကျွန်တော်ရောက်လာတော့ ပထမဦးဆုံး သခင်ဗိုလ်နဲ့ တွေ့တယ်။ ပြီးတော့ သခင်မောင်ကြီး။ သူတို့နဲ့တွေ့ပြီး သကာလ ကျွန်တော်က ပြောတယ်၊ အဲဒီ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကျွန်တော်တွေ့ချင်တယ်။ ဒါနဲ့ ဟိုကတစ်ဆင့် သူတို့ရဲ့ သခင်သန်းထွန်းဆီ ခေါ်သွားတယ်။ ဟိုကမှတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းနဲ့ သွားတွေ့တယ်။

သွားတွေ့တော့ ကျွန်တော်က သူ့ကိုပြောပြတယ်။ ကျွန်တော်ဟာ စောစံဖိုးသင်ပဲ။ ခင်ဗျားရဲ့ရန်သူ ဖြစ်ပါတယ်။ သူက ကျွန်တော့်ကို ကြည့်ပြီး ဘယ်လိုပြောသလဲ ဆိုရင် ‘A brave Enemy is good friend’ (ရဲရင့်သော ရန်သူသည် မိတ်ဆွေကောင်းဖြစ်တယ်)လို့ ပြောတယ်။ အဲဒီစကားကြားပြီးတော့ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော့်ကိုတော့ သတ်မှာမဟုတ်ဘူးဆိုပြီး နောက်တဖြည်းဖြည်း ကျွန်တော်တို့ ဗမာ့တပ်မတော်မှာ ဝင်ပြီး ဆောင်ရွက်တယ်”

ဗိုလ်ချုပ်သည် ၁၉၄၃ ခုနှစ်လောက်က ဂျပန်ကို တော်လှန်ရန် အကြံအစည်ရှိခဲ့၏။ သည့်အတွက် ဂျပန်ပေးသော လွတ်လပ်ရေးရပြီးနောက် သခင်သန်းထွန်း၏အိမ်၌ ဂျပန်တော်လှန်ရေးအတွက် စည်းဝေးတိုင်ပင်ကြ၏။ ထိုအစည်းအဝေး၌ ပါဝင်သော ဗိုလ်လက်ျာက ဆောင်းပါးတစ်ပုဒ်၌ အောက်ပါအတိုင်း ရှုမြင်သုံးသပ်ထားပါသည်။

... “စိတ်အထင် ၁၉၄၃ ခု၊ နှစ်ဝက်လောက်တွင် ဗိုလ်ချုပ်သည် ကျွန်တော်နှင့် ဗိုလ်နေဝင်း၊ ဗိုလ်ဇေယျ၊

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကျော်ဇော၊ ဗိုလ်ရဲထွဋ်စသည်တို့ကို ခေါ်ပြီး ဂျပန်အား တော်လှန်ရန် တိုင်ပင်ဆွေးနွေးပါသည်။

ကျွန်တော်က စနစ်တကျ စည်းရုံးရန် လိုသေးကြောင်း အချိန်စောသေးသည်ဟု ထင်ကြောင်း တင်ပြပါသည်။ အခြားရဲဘော်များကလည်း ကျွန်တော့်ကို ထောက်ခံကြပါသည်။ ဗိုလ်ချုပ်ကား ကျွန်တော်တို့နှင့် သဘောတူပုံ မရပါ။ ထိုနေ့တွင် ဆုံးဖြတ်ချက်မချဘဲ အစည်းအဝေး ရွှေ့ဆိုင်းလိုက်ရပါသည်။ ထို့နောက် ဗိုလ်ချုပ်သည် သခင်သန်းထွန်းနှင့် ဆွေးနွေးရာ သခင်သန်းထွန်းကလည်း အချိန်မကျသေးကြောင်း ပြောပါသည်။ ဤသို့ဖြင့် တော်လှန်ရေးကို ရွှေ့ဆိုင်းလိုက်ရပေသည်။”

* * *

ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ၊ ပြည်သူ့အရေးတော်ပုံပါတီ ခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များ ပါဝင်သည့် “ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်” (Anti Fascist Organization Or A.F.O) ကို ၁၉၄၄ ခု၊ ဩဂုတ်လတွင် လျှို့ဝှက်စွာ ဖွဲ့စည်းတည်ထောင်ခဲ့၏။

ဤ၌ ဗိုလ်ချုပ်၏ ဖက်ဆစ်တော်လှန်ရေးအတွက် စီစဉ်ပုံနှင့်ပတ်သက်၍ ဝန်ကြီးချုပ်ဟောင်း ဦးနုက ၎င်း၏ “ငါးနှစ်ရာသီ ဗမာပြည်” စာအုပ်တွင် အောက်ပါအတိုင်း ရှုမြင်သုံးသပ်ထားလေ၏။

... “ကျွန်တော့်အိမ်တွင် အစည်းအဝေးတစ်ခု ချိန်း



ထားသည်ကို အစည်းအဝေး တက်မည့်သူများ ရောက်လာမှ ကျွန်တော်သိရ၏။ ၎င်းအစည်းအဝေးမှာ အတွင်းလူများ အစည်းအဝေး ဖြစ်သည်။

သခင်မြ၊ ဗိုလ်ချုပ်၊ သခင်သန်းထွန်း၊ သခင်ချစ်၊ ဗဆွေ၊ ကျော်ငြိမ်း အစရှိသူများ စုံလင်ကြသောအခါ ဗိုလ်ချုပ်သည် သူရေးလာသော “ဖက်ဆစ်ဓားပြများကို ခုခံတိုက်ဖျက်ကြလော့” ဟူသော ခေါင်းစဉ်ဖြင့် ကြေညာစာတမ်းရှည်ကြီးကို ဖတ်ပြရာ အားလုံးသဘောတူ ထောက်ခံကြလေသည်။

၎င်းကို ဗမာစစ်တပ်မှ တာဝန်ယူ၍ ပုံနှိပ်ပြီးလျှင် ဗမာပြည်အရပ်ရပ်ရှိ တော်လှန်ရေးသမားများထံ ပို့လေသည်။ ၎င်းမှတစ်ဆင့် တော်လှန်ရေးကို စေတနာပေါက်မည့် သူများ၏လက်ထဲသို့ ထည့်ရန်ဖြစ်၏။

ထိုနေ့မှစ၍ ဘီ၊ ဒီ၊ အေ စစ်တပ်နှင့် အပြင်ဘက် တော်လှန်ရေးသမားတို့သည် စနစ်တကျ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မိလျက် ရှိလေသည်။”

* * *

၁၉၄၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် အရှေ့တောင်အာရှပိုင်းဆိုင်ရာ ဗြိတိသျှ စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန် (Lord Louis Mount batten) ၏ သဘောတူညီချက်အရ မြန်မာပြည်အထက်ပိုင်းကို ပြန်လည်သိမ်းပိုက်နိုင်ပြီဖြစ်သော ဗြိတိသျှတပ် သေနာပတိ ဗိုလ်ချုပ်ဆလင်း (Lt.General Sir

www.burmeseclassic.com

www.burmeseclassic.com



Wiliam Slin) သည် ဗိုလ်ချုပ်အောင်ဆန်းကို မိတ္ထီလာသို့ ဖိတ်ခေါ်ဆွေးနွေးလေသည်။ ဗမာ့တပ်မတော်ကို မျိုးချစ်တပ်မတော် (Potriotic Burmese forces or P.B.F) အဖြစ် အသိအမှတ်ပြု၍ မြန်မာပြည်မှ ဂျပန်များကို တိုက်ထုတ်ကြရာတွင် လက်တွဲဆောင်ရွက်ခဲ့သည်။

နောက်ပိုင်း ဗိုလ်ချုပ်မှူး (Field Marshal) ဖြစ်လာသော ဆလင်းက သူ၏ အရှုံးမှ အနိုင်သို့ (Defeat into Victory) ဟူသော စာအုပ်၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှုမြင်သုံးသပ်ခဲ့၏။

… "ကျွန်ုပ်သည် အောင်ဆန်းကို လေးစားမိသည်။ ကျွန်ုပ်ထင်ခဲ့သကဲ့သို့ သူသည် ကိုယ်ကျိုးရှာ၊ တာဝန်မဲ့ ပြောက်ကျားခေါင်းဆောင် မဟုတ်ပေ။ သူသည် မျိုးချစ် ပုဂ္ဂိုလ်အစစ်ဖြစ်၍ စိတ်ကူးယဉ်သမားမဟုတ်။ လက်တွေ့သမားဖြစ်သည်။ သူသည် အလွန်ရိုးသားသည်။ သူသည် ပေးခဲ့ပြီးသော ကတိအတိုင်းလည်း တည်သည်။ ကျွန်ုပ်သည် အောင်ဆန်းနှင့် အလုပ်လုပ်၍ ဖြစ်သည်။"

* * *

ဂျပန်တို့ လက်နက်ချသောအခါ ၁၂ နံပါတ် ဗြိတိသျှ စစ်သေနာပတိ ဗိုလ်ချုပ်ကြီး ဆာမွန်တယ်ဂုစတော့ဖို့ဒ် (General Sir Montagu Stopford) က မျိုးချစ်တပ်မတော်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းထံသို့ အောက်ပါ သဝဏ်လွှာကို ပေးပို့ခဲ့သည်။



… "ယခုအခါ ဂျပန်သည် မြန်မာပြည်ရှိတပ်များ လက်နက်ချရေးအတွက် စည်းကမ်းချက်များကို လက်ခံပြီ ဖြစ်ရာ သင်နှင့်တကွ မျိုးချစ် မြန်မာ့တပ်မတော်သား အားလုံးကို သင်တို့တိုင်းပြည် လွတ်မြောက်ရေး နောက်ဆုံး အဆင့်တွင် ဆောင်ရွက်ခဲ့ကြသော ဆောင်ရွက်ချက်များ အတွက် ကျေးဇူးတင် ချီးကျူးလိုပါသည်။

ကျွန်ုပ်တို့ တပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုသည် ထိရောက်၍ ဂျပန်ပေါင်းမြောက်များစွာကို ကျဆုံးစေခဲ့ပါသည်။ ဂျပန်ကျူးကျော်ရေးသမား၏ ရန်မှ မိမိတို့တိုင်းပြည်ကို ကယ်တင်ရန် လှုံ့ဆော်ခဲ့သော တပ်သားများ၏ မျိုးချစ်စိတ်ဓာတ်သည် အနာဂတ်ကာလဝယ် ဗမာ့တပ်မတော်သားများအဖြစ် တိုင်းပြည်ကို ကာကွယ်ရန် နမူနာ ဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။"

စစ်ပြေးဘုရင်ခံ ဆာဒေါမန်စမစ် (Sir Reginald Dorman Smith )က မြန်မာပြည်ဆိုင်ရာဝန်ကြီး ပက်သစ်လောရင့် (Baron Pethick Lawrence) ထံရေးသည့် အစီရင်ခံစာတစ်စောင်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရှုမြင်သုံးသပ်ခဲ့ပါသည်။

… "ယနေ့မြန်မာပြည်တွင် အောင်ဆန်းသည် အရေးကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သည်ကို ကျွန်ုပ်တို့ လက်ခံရပေမည်။ လူတိုင်းက သူ့ကို ယုံကြည်လေးစားသည်။ သူ၏တပ်သား

www.burmeseclassic.com

www.burmeseclassic.com



များသည် သူ့ကို အလွန်ကြည်ညို၍ သူခိုင်းသမျှကို လုပ်ကြလိမ့်မည်။

သူသည် ဂျပန်ကို တော်လှန်ရန် အစီအစဉ်အားလုံး ပြုလုပ်ထားဟန်ရှိသဖြင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ ဤမျှ ဆောလျင်စွာ ပြန်မလာစေကာမူ အကောင်အထည်ဖော်မည်သာ ဖြစ်သည်။ သူသည် ရာထူးဂုဏ်သိန်ကို တပ်မက်မောသူ မဟုတ်ပေ။ သူ၏ရိုးသားမှုသည် ဘမော်၏ မရိုးသားမှုနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ယနေ့မြန်မာပြည်တွင် ရွေးကောက်ပွဲကျင်းပလျှင် အောင်ဆန်းခေါင်းဆောင်သော ပါတီသည် အပြတ်အသတ် နိုင်ပေမည်။”

* * *

ဗိုလ်ချုပ်သည် အမြဲတစေပင် လွတ်လပ်ရေးကိုသာ ခေါင်းထဲထည့်ထားသူဖြစ်၏။ သူ့အဖို့ လွတ်လပ်ရေးကိုသာ အလေးထားနေသည့်အတွက် အနေအထိုင် အစားအသောက်ကိုပင် ဂရုမထားနိုင် ဖြစ်ခဲ့ရပုံကို ကွန်မြူနစ်အမတ် သခင်သိန်းဖေက ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ တိုင်းပြုပြည်ပြုလွှတ်တော်၌ “ကြေကွဲဝမ်းနည်းကြောင်း” အဆိုကို ထောက်ခံရင်း အောက်ပါအတိုင်း ပြောကြားခဲ့ပေသည်။

...“ဇွန်လ ၂၅ ရက်နေ့ညက ဗိုလ်ချုပ်အောင်ဆန်းနဲ့ တွေ့တယ်။ ပထမရုံးမှာ သွားတွေ့ပါတယ်။ မရှိတာနဲ့ အိမ်မှာ သွားတွေ့တဲ့အခါ ညနေ ၆ နာရီခွဲကနေပြီး ည



၁၁ နာရီ၊ ၄၅ မိနစ်အထိ ၅ နာရီကျော် ကျွန်တော်တို့ ဆွေးနွေးကြပါတယ်။

ည ၁၁ နာရီ၊ ၄၅ မိနစ်ကျမှ ဆွေးနွေးနေတုန်း သူ့ဇနီးက အတင်းထမင်းစားခေါ်လို့ ရပ်လိုက်ပါတယ်...”

* * *

မြန်မာနိုင်ငံသို့ ဘုရင်ခံအသစ် ဆာဟူးဘတ်ရန့်စ် ရောက်လာကာ ဖ-ဆ-ပ-လ အစိုးရသစ်ဖွဲ့ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် လောလောဆယ်ပြဿနာဖြစ်သော သပိတ်ကိစ္စများနှင့် အခြားပြဿနာများကို ဖြေရှင်းနေရသဖြင့် နားရသည် မရှိပေ။ အစိုးရဖြစ်လာသော်လည်း ဗိုလ်ချုပ်သည် သာယာမှု မရှိပေ။ အစိုးရလုပ်နေရသည်ကိုပင် ကျေနပ်နှစ်သက်ဟန် မတူချေ။

သခင်ဘဝမှစ၍ ဗိုလ်ချုပ်နှင့် ခင်မင်ရင်းနှီးခဲ့သော ကိုအုန်းမြင့် (ကျော်လင်းစာပေ)က ဆောင်းပါးတစ်ပုဒ်တွင် ဗိုလ်ချုပ်အား ရှုမြင်သုံးသပ်ထားပေသည်။

...“ကျွန်တော် ရန်ကုန်သို့ ပြန်ရောက်လာသောအခါ၌ကား သူ့မှာ နေ့မအား ညမအား အလုပ်လုပ်နေရသဖြင့် အေးအေးလူလူ ရယ်ရွှန်းပတ်ရွှန်း နေခွင့်မရခဲ့ပေ။

သို့သော် ဖ-ဆ-ပ-လ အစိုးရအဖွဲ့ စ၍ ရုံးထိုင်သည့်နေ့တွင် အတွင်းဝန်များရုံး လှေခါးအဆင်း၌ သူနှင့်ဗိုလ်လှထွန်းကို တွေ့ရာ-

“အစိုးရလုပ်ရတာ မနိုင်ပါဘူးကွာ... အုန်းမြင့်ရာ”

www.burmeseclassic.com

www.burmeseclassic.com



ဟု ညည်းညည်းညူညူ ရှုံ့မဲ့ကာပြော၍ ကားပေါ်တက်သွားသည်ကို ယခုတိုင် မြင်ယောင်ကြားယောင် ရှိတော့သည်။

ဘိလပ်မှ ပြန်လာကြပြီး တစ်ည သူ့အိမ်တွင် သတင်းစာဆရာများကို ဖိတ်ခေါ်၍ ရှင်းလင်းပြောပြလေသည်။ ရှင်းပြပြီးနောက် အသီးသီးထ၍ ပြန်ကြစဉ် ကျွန်တော့်အနီးသို့ တိုးကပ်လာပြီး-

"ဟေ့ကောင်...မင်းက ဘာနားလည်လို့ သတင်းစာထဲမှာ တောရေးတောင်ရေးနဲ့ ထည့်ရတာလဲ"

ဟုမျက်နှာထားနှင့် ပြောပြောဆိုဆို သူ့လက်ထဲရှိ လန်ဒန်တိုင်းသတင်းစာခေါက်နှင့် ရိုက်လေတော့ရာ အနီးရှိ ပုဂ္ဂိုလ်များက အံ့အားသင့်နေကြ၏။ နောက်မှ-

"ခွေးမသား...မင်းတစ်နေ့လာခဲ့ဦး...ဟဲ...ဟဲ"

ဟု ရယ်တော့မှ အားလုံးကြက်သေသေနေရာမှ ဝိုင်း၍ ရယ်နိုင်ကြတော့သည်။ သခင်အောင်ဆန်းကား ဝန်ကြီးဖြစ်လို့လည်း ဟန်မကြီး၊ စတိုင်မလုပ်။ သူ့သဘောရိုးအတိုင်း ပြောနေ၊ ဆိုနေ၊ ဆက်ဆံနေကျအတိုင်းပင်။"

* * *

ဗိုလ်ချုပ်အောင်ဆန်းအဖို့ အခက်အခဲအမျိုးမျိုးကြားမှ ကျော်လွှားနိုင်ခဲ့ခြင်းမှာ ပြည်သူလူထုတစ်ရပ်လုံး၏ စိတ်ရောကိုယ်ပါ ထောက်ခံမှု ရရှိနေသောကြောင့် ဖြစ်သည်။ ထိုအချက်ကို ဗိုလ်ချုပ်သွားလေရာ၌ ဓာတ်ပုံမှတ်တမ်းလည်း ရိုက်၊ သတင်း



လည်း ယူရသော သတင်းစာဆရာ ဦးပုကလေးက အောက်ပါအတိုင်း ရှုမြင်သုံးသပ်ထားပေသည်။

"...ဗမာပြည် အင်္ဂလိပ်လက်အောက် ရောက်ပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်းလောက် လူထုအကြည်ညိုခံရဆုံးသော နိုင်ငံရေးခေါင်းဆောင်ကြီးမျိုး မရှိဘူးသေးချေ။ ရောက်လေရာ မြို့တိုင်းရွာတိုင်းတို့၌ လူထု ဝိုင်းအုံတိုးဝှေ့ကြည့်ရှုလေ့ရှိသည့်အတွက် စိတ်ပျက်စရာ ကောင်းလောက်အောင် ဖြစ်ရသည်။ ယုတ်စွဆုံး ဗိုလ်ချုပ် အိမ်သာသွားသည်ကိုပင် ဝိုင်းလိုက်၍ ကြည့်သဖြင့် 'သိပ် ဂွကျတာပဲ' ဟု ဗိုလ်ချုပ် ညည်းညူသေး၏။

...မြို့ပေါင်းများစွာမှပင် တရားဟော၍အပြီး တည်းခိုရာအိမ်သို့ ပြန်ရာ၌ လူထုကြီးက နောက်မှ လိုက်လာကြပြီးလျှင် ဗိုလ်ချုပ်ကို စောင့်၍ ကြည့်လေ့ရှိကြ၏။ ပျဉ်းမနားမြို့တွင် ကျောင်းတိုက်အတွင်း လူထုတရားပွဲကြီးပြီးသည့်နောက် ဆိုရှယ်လစ်ပါတီ လက်ဖက်ရည်ပွဲ ကျင်းပသည့်နေရာ တိုက်သို့ ခေတ္တဝင်ရောက်ရာ လူထုကြီးသည် နောက်မှ လိုက်လံဝိုင်းအုံလာကြပြီးလျှင်-

"ဗိုလ်ချုပ်ကိုကြည့်ပါရစေ..."

ဟု အပြင်မှ အော်ဟစ်နေကြ၏။ တောင်းပန်သော်လည်း မရသဖြင့် ဗိုလ်ချုပ်သည် တိုက်အပြင်ဖက်သို့ သုံးမိနစ်မျှ ထွက်၍ ရပ်ပြပြီးလျှင်-

"ကိုင်း... တော်ရော့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို၍ ကားပေါ်သို့ တက်လိုက်သောအခါ...

"ဗိုလ်ချုပ်အောင်ဆန်း...အောင်ပါစေ"

ဟု ဟစ်အော်ကြွေးကြော်ကြပြီး ဩဘာကြီးပေးကြ၏။ ထူးခြားပုံတစ်ရပ်မှာလည်း ဗိုလ်ချုပ်ကို တွေ့မြင်လိုအားကြီးနှင့် သူ့ထက်ငါ တိုးကာကြည့်၍ မြင်ရသော်လည်း ဤနေရာ၌ ကြည့်ရ၍ မကျေနပ်သေးဘဲ အခြားတစ်နေရာသို့လည်း လိုက်၍ကြည့်ကြလေ၏။ ခေတ္တမျှ ကြည့်၍လည်း အားမရ။ မင်တက်မိနေသည့်ပမာ စိမ်း၍ ကြည့်နေကြသူတို့မှာလည်း ဒုနှင့်ဒေး။

အချို့လည်း ဗိုလ်ချုပ်၏ကိုယ်ကို စမ်းသပ်ကြည့်လိုသည့်ပမာ အနားသို့ အတင်းတိုးကပ်သည်ကို အကြိမ်ကြိမ်ကာကွယ်ရသေး၏။"

* * *

၁၉၄၅ ခုနှစ်မှစ၍ ဗိုလ်ချုပ်ကျဆုံးသည့်အချိန်ထိ ဗိုလ်ချုပ်အနားတွင် အမြဲရှိသော ရန်ကုန်ခရိုင် ဖ-ဆ-ပ-လ စည်းရုံးရေးမှူးဟောင်း သခင်ထွန်းတင်က ဗိုလ်ချုပ်၏ စည်းရုံးရေးစွမ်းအင်နှင့် ပတ်သက်ပြီး ၎င်း၏ ရှုမြင်ချက်ကို သုံးသပ်တင်ပြသွားပါသည်။

"...အရပ်သား၊ အမျိုးသား၊ အမျိုးသမီး၊ လူကြီးလူငယ်၊ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား စသည်တို့ကို စုစည်း ခေါင်းဆောင်လျက် လူထုဆန္ဒပြပွဲနှင့် လူထုတိုက်ပွဲကြီးများကို လုပ်ဆောင်တဲ့အခါမှာ ဗိုလ်ချုပ်အောင်



ဆန်းဟာ အလွန်ပါးနပ်ပြီး အစဉ်သတိဖြင့် လုပ်ဆောင်တတ်ပါတယ်။

သူလုပ်ချင်သည့်အလုပ်ကို လုပ်ရလျှင် ပြီးရောဆိုပြီး လူထုကို ဓားစာခံခိုင်းတဲ့အလုပ်ကိုလည်း မလုပ်။ လူထုကို သူ့နေရာနှင့်သူ ထိုက်တန်သလို ချိန်ဆပြီး ခေါင်းဆောင်သွားတတ်တဲ့ အရည်အချင်းမျိုးရှိတယ်။

...ဗမာနှင့် တိုင်းရင်းသားများ သွေးစည်းကြဖို့ဆိုတဲ့ ကိစ္စကို ဗိုလ်ချုပ်အောင်ဆန်းဟာ အလွန် အရေးထားပါတယ်။"

* * *

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့၊ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ကချင်ခေါင်းဆောင် ဆမားဒူးဝါးစင်ဝါးနောင်က ဗိုလ်ချုပ်စိတ်ဓာတ်ကို ပြတ်သွားစွာဖြင့် သုံးသပ်သွားပါသည်။

..."ဗိုလ်ချုပ်ကို လှိုက်လှိုက်လှဲလှဲ မချီးကျူးဘဲ မနေနိုင်သည့် အချက်တစ်ခုမှာလည်း သူများတွေက နန်းရင်းဝန်တို့ ဘာတို့ လုပ်တယ်ဆိုရင် အိမ်ဝင်တံခါးပေါက်တွင် ပုလိပ်တို့ အစောင့်တို့ဘာတို့ ထားရှိတယ်ဆိုတာ သိရတယ်။

သို့သော် ဗိုလ်ချုပ်ကတော့ ဘာမျှ မထားချင်ဘူး။ ကုန်ကုန်ပြောရမယ်ဆိုရင် မည်သည့်ဆင်းရဲသားမဆို မိမိတို့၏ အရေးပြဿနာများကို ဗိုလ်ချုပ်ထံ အလွယ်တကူ ဝင်ရောက် ပြောဆိုနိုင်ခွင့်ရှိတယ်။ သည်လိုအချက်တွေကို ထောက်ရှုခြင်းအားဖြင့် ဗိုလ်ချုပ်ဟာ တိုင်းပြည်ဆင်းရဲသား

www.burmeseclassic.com

www.burmeseclassic.com



များကို မည်သို့ကရုဏာရှိပြီး မည်သို့လွတ်လပ်စွာ ခွင့်ပေးတယ်ဆိုတာကို အလွယ်တကူ ကျနော်စွာ သိနိုင်ပါတယ်”

* * *

ဗိုလ်ချုပ်၏ ပရိယာယ်ကြွယ်ဝပုံနှင့်ပတ်သက်၍ သူနှင့်ကျောင်းနေဘက် ဂျပန်ခေတ် စစ်ဝန်ကြီးရုံး၊ စာရင်းကိုင်အဖြစ်ဆောင်ရွက်ခဲ့သော ရန်ကုန်မြို့နီစပယ် စာရင်းကိုင်ချုပ်ဟောင်း ဦးထွေးမောင် (ကွယ်လွန်)က ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းအား အောက်ပါအတိုင်း ပြောခဲ့ဖူးသည်။

…“ဗိုလ်ချုပ် ပရိယာယ်မရှိဘူးလို့ ပြောနေတဲ့လူတွေဟာ အကြောင်းမသိလို့ဗျာ။ ကျွန်တော်က သူ့အနားမှာ နီးနီးကပ်ကပ် နေရဖူးတော့ သူဘယ်လောက် ပရိယာယ်ကြွယ်တယ်ဆိုတာ သိတယ်။

ဥပမာ…ဆိုကြပါစို့။ တစ်ခါတလေ အဘိုးကြီးတွေ (နိုင်ငံရေးသမားဟောင်းကြီးတွေ)ကို ကြိမ်းတယ်မဟုတ်လား။ အဲဒါ တမင်ကြိမ်းတာဗျ။ အဲဒီလို အဘိုးကြီးတွေကို ကြိမ်းပြီးတဲ့နောက် ကျွန်တော့်ကို နှစ်ယောက်ချင်း ဘာပြောသလဲဆိုရင်…

‘ဒီအဘိုးကြီးတွေကို ဒီလိုခြောက်ပေးမှ ရမှာဗျ’လို့ ပြောဖူးတယ်။ ကဲ… ဗိုလ်ချုပ် ဘယ်လောက် ပရိယာယ်ကြွယ်သလဲဗျာ”

* * *



ဗိုလ်ချုပ် တက္ကသိုလ်ကျောင်းသားဘဝတွင် ရှိစဉ်က ဗိုလ်ချုပ်၏ အကျင့်စရိုက်တို့ကို စာရေးဆရာ ဒဂုန်တာရာက ဂျာနယ်ကျော်တွင် ရေးသားဖော်ပြဖူးပါသည်။

…“တက္ကသိုလ်တွင် ရှိစဉ်က ကိုအောင်ဆန်းသည် ပြုံးသောမျက်နှာကို ထားခဲ၏။ သူ၏ မျက်နှာထားသည် သုန်မှုန်နေ၏။ တစ်ခါတွေ့ဖူးသောသူကို နောက်တစ်ခါတွေ့လျှင် နှုတ်ဆက်ချင်မှ နှုတ်ဆက်၏။ သူ့ကို သိသူက ပြုံးပြသော်လည်း သူသည် တုံ့ပြန်၍ ပြုံးချင်မှ ပြုံးသည်။ ဥက္ကဋ္ဌဖြစ်သဖြင့် သူ့ကိုကား ကျောင်းသားတိုင်းက သိကြ၏။ သူကလည်း အစဉ်လိုလို နိုင်ငံရေးကို တွေးနေဟန်တူ၏။ မြန်မာပြည်၏ လွတ်လပ်ရေးအတွက် စိတ်ပူရ၏။ ထို့ကြောင့် သူသည် သုန်မှုန်လျက်နေသည်။ သူစကားပြောလျှင် နိုင်ငံရေးအကြောင်းကိုသာ ပြောသည်။ သူပြောနေစဉ် ဘေးရှိလူများက နားထောင်နေရသည်။

ဘေးလူများ၏စကားကို သူမကြား၊ သူပြောချင်တာတွေကိုသာ စွတ်၍ ပြောနေတတ်သည်။ တစ်ခါက ရန်ကုန်ကို ဂျပန်တို့ သိမ်းစအချိန် ဝိတိုရိယရိပ်သာရှိ အိမ်တစ်အိမ်တွင် သခင်မြနှင့် ရဲဘော်များ နေထိုင်လျက်ရှိကြသည်။ ကျွန်တော်မှာလည်း တောကရောက်ကာစ ဖြစ်၏။ ဧည့်ခန်းရှိ စန္ဒရားတွင် ကျွန်တော်က ထိုင်ကာတီးနေ၏။ ဘီ–အိုင်–အေ သမားများမှာ ဂီတအင်မပါန်ပတ်နေ၍ သီချင်း

www.burmeseclassic.com

www.burmeseclassic.com



သံကို တောင့်တနေသဖြင့် အတင်းတီးခိုင်းကြ၏။ စန္ဒရားမှာ အသံတွေ ပျက်၍နေ၏။

"ချစ်... ခင်မှာလား... ကြင်မှာလား... ခင်ခင်ရယ်...
ချစ်သည်းနှယ်... အဟုတ်ကို ချစ်တော့မယ်... ခင်ရယ်...
ကြင်မယ်..."

ဗိုင်း၍ ဆိုနေကြရာမှ သည်နေရာသို့ ရောက်သောအခါ ကိုအောင်ဆန်းသည် ဂေါက်-ဂေါက်-ဂေါက်နှင့် တစ်ဘက်မှ လျှောက်လာကာ စန္ဒရားအပေါ်တွင်လက်ထောက်ကာ ရပ်လျက်-

"ဟေ့...ရပ်ကြ။ ခုလိုအခါမျိုးမှာ ရဲစိတ်,ရဲမာန် တက်ကြွစေမယ့် ရဲတင်းသံကိုသာ ဆိုရတယ်ဗျ။ ဒီ-ချစ်မယ်ကြင်မယ် သီချင်းမျိုးက မဟန်ဘူး..."

ရုတ်တရက်ကြောင့်၍ စန္ဒရားကို ခေတ္တရပ်လိုက်၏။

သူသည် သူပြောချင်တာပြောပြီး၍ ထွက်သွားလေသည်။ ကျွန်တော်တို့လည်း ဆက်၍သီဆိုကာ ကျန်ရစ်ခဲ့ကြသည်။

သူကား... သည်လိုလူစားမျိုး။

❒




မြန်မာနိုင်ငံရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံးကြီး၏ နှစ်ငါးဆယ်မြောက် အထိမ်းအမှတ်ပွဲသို့ တက်ရောက်လာသော ဗိုလ်ချုပ်အောင်ဆန်း



အရပ်ဝတ်အရပ်စားနှင့် ပြုံးရွှင်နေသော ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားတစ်ခု၌ မိန့်ခွန်းပြောနေစဉ်



အခမ်းအနားတစ်ခု၌ မိန့်ခွန်းဖတ်ကြားနေစဉ်

27 JUN 2012

# ဗိုလ်ချုပ်၏ သမိုင်းဝင်, သမိုင်းတွင် ရက်စွဲများ

(၁၉၁၅)

ဖေဖော်ဝါရီလ ၁၃ ရက်၊ ၁၂၇၆ ခုနှစ်၊ တပေါင်းလဆန်း (၁) ရက်၊ စနေနေ့တွင် နတ်မောက်မြို့၌ ရှေ့နေကြီး ဦးဖာနှင့် ဒေါ်စုတို့မှ ဖွားမြင်သော အငယ်ဆုံးသား ဖြစ်၏။

ဇာတာအမည်မှာ 'ထိန်လင်း'ဖြစ်သော်လည်း အစ်ကိုဖြစ်သူ 'အောင်သန်း'အမည်နှင့် လိုက်ရန် 'အောင်ဆန်း'ဟု ခေါ်တွင်ခဲ့၏။

(၁၉၂၂)

အသက် (၇) နှစ်သားအရွယ်သို့ရောက်သော် နတ်မောက်မြို့ရှိ ဒီပင်္ကရာကျောင်းခေါ် ဦးသောဘိတ၏ လောကစာတ်ကျောင်းတွင် နေခဲ့၏။ ကျောင်းနေသည့်အချိန်မှစ၍ အတန်းစဉ်၌ အမြဲလိုပထမရ၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၉၂၈)

ရေနံချောင်းမြို့၊ နေရှင်နယ်ကျောင်းသို့ ပြောင်း၍နေခဲ့၏။ အတန်းတိုင်း၌ ပထမချည်း ရခဲ့၏။ ရေနံချောင်း နေရှင်နယ်ကျောင်းမှ "ကျောင်းသားစာစောင်"ကို လက်ရေးဖြင့် ထုတ်ဝေရာ အယ်ဒီတာအဖြစ် ဆောင်ရွက်၏။

(၁၉၃၀)

သတ္တမတန်းကို အောင်မြင်၏။ ထူးချွန်စွာ အောင်မြင်သဖြင့် စကောလားရှစ်ရ၏။ 'ဦးရွှေခိုဆု'ကိုလည်းရ၏။ တစ်လလျှင် ငွေ ၁၀ ကျပ်ကျဖြင့် သုံးနှစ်အတွက် စကောလားရှစ် ဆုငွေ ချီးမြှင့်ခြင်းခံရ၏။

(၁၉၃၂)

ရေနံချောင်း နေရှင်နယ်ကျောင်းမှ (၁၀) တန်း စာမေးပွဲကို အောင်မြင်၏။ စကောလားရှစ်ဆုငွေကို ရန်ကုန်တက္ကသိုလ် ရောက်သည့် ပထမနှစ်အထိ ရခဲ့၏။ ၁၀ တန်းစာမေးပွဲကို မြန်မာစာနှင့် ပါဠိဘာသာ ဂုဏ်ထူးတို့ဖြင့် အောင်မြင်ခဲ့ခြင်း ဖြစ်၏။

(၁၉၃၄)

အိုင်အေ စာမေးပွဲကို ခုံအမှတ် (၂၃၁) ဖြင့် အောင်မြင်ခဲ့၏။ ကျောင်းသား နိုင်ငံရေးကို စတင်ဆောင်ရွက်ပြီး ထိုနှစ်မှာပင်



တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (တကသ) အမှုဆောင် ရွေးကောက်ပွဲဝင်ရာ အရွေးမခံရဘဲ ရှုံးနိမ့်သွားခဲ့၏။

(၁၉၃၅–၁၉၃၆)

တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ (တကသ) ရွေးကောက်ပွဲဝင်ရာ အရွေးခံရ၏။ အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်စဉ် အိုးဝေမဂ္ဂဇင်း၌ (A hell hound at large- လွတ်နေသော ငရဲခွေးကြီးတစ်ကောင်) ဆောင်းပါးပါလာရာ အာဏာမာန်ယစ်နေသော တက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာဆလော့စ် (D.J. Sloss) က ဆောင်းပါးရေးသူကို ဖော်ထုတ်ခိုင်း၏။ ထုတ်ဖော်မပြောသဖြင့် ကျောင်းထုတ်ခြင်းခံရ၏။

'မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂတွင် ဒုတိယ ဥက္ကဋ္ဌ၊ (တကသ) တွင်လည်း ဒု–ဥက္ကဋ္ဌအဖြစ် အရွေးခံရ၏။ ရန်ကုန်မြို့၊ ဂျူဗလီဟောခန်းမတွင် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ညီလာခံ၌ မိန့်ခွန်းပြောကြားခဲ့၏။ ၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် စတင်၍ တက္ကသိုလ်သပိတ်ကြီး၌ ပါဝင်၏။

(၁၉၃၇)

ဘီအေ အထက်တန်းစာမေးပွဲကို ခုံအမှတ် (၅၆) ဖြင့် ဖြေဆို၏။ အင်္ဂလိပ်စာပေ၊ ဥရောပ ရာဇဝင်၊ နိုင်ငံရေးဗေဒ ဘာသာရပ်များဖြင့် အောင်မြင်၏။ ရန်ကုန်တက္ကသိုလ်၊ ပဲခူးဆောင် သဟာယနှင့် တစ်ဖက်အသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့၏။ ပဲခူးဆောင် အခန်းအမှတ် (၁၁၃) တွင် နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၉၃၇–၁၉၃၈)

တကာသ၏ ဒုတိယဥက္ကဋ္ဌအဖြစ် ဆက်လက်ဆောင်ရွက်၏။ မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၏။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော နယူးဘားမား သတင်းစာ အယ်ဒီတာအဖွဲ့တွင် ခေတ္တဝင်ရောက်လုပ်ကိုင်၏။ ပထမဆုံး ကျောင်းသားကိုယ်စားလှယ်၊ တက္ကသိုလ်ကောင်စီဝင်အဖြစ် တင်မြှောက်ခြင်းခံရ၏။

၁၉၃၈ ခုနှစ်၊ အောက်တိုဘာလတွင် သခင်ကိုယ်တော်မှိုင်း ဦးဆောင်သော တို့ဗမာအစည်းအရုံးသို့ ဝင်သည်။ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ '၁၃၀၀ ပြည့် အရေးတော်ပုံ'ကို ထောက်ခံအားပေး၏။

၁၉၃၉

ဇန်နဝါရီလတွင် ရန်ကုန် အရေးတကြီးလုံခြုံရေး အက်ဥပဒေဖြင့် ၁၅ ရက် ဖမ်းဆီးထောင်ချခြင်းခံရ၏။

**ဖေဖော်ဝါရီလ – ၂၅**။ ။ သန်းခေါင်ကျော် (၂း၃၀) နာရီတွင် မြို့မကျောင်း၌ ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအသင်း အလုပ်အမှုဆောင် အစည်းအဝေးသို့ တက်ရောက်၏။

**ဖေဖော်ဝါရီလ – ၂၆**။ ။ ညနေ (၅း၃၀) တွင် ဗမာပြည်နန် ရင် ဝန်၊ မြို့မိမြို့ဖ အဖွဲ့ဝင်လူကြီးများနှင့် ကျောင်းသား



ခေါင်းဆောင်များ (ကျောင်းသားသပိတ်၏ အရေးနှင့် စပ်လျဉ်း၍) တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးသို့ တက်ရောက်ခဲ့၏။

**ဧပြီလ – ၆**။ ။ (၉) ရက်နေ့အထိ ကျင်းပသော မော်လမြိုင် ညီလာခံသဘင်တွင် အတွင်းရေးမှူးအဖြစ် တာဝန်ခံဆောင်ရွက်သည်။ စစ်ကြီးဖြစ်လာလျှင် ဗြိတိသျှတို့အား မကူစတမ်းအဆိုကို တင်သွင်းခဲ့၏။

**ဩဂုတ်လ – ၁၃**။ ။ ရန်ကုန်မြို့ ရေကျော်ရပ်ရှိ တို့ဗမာအစည်းအရုံး တည်ရာဌာနရှိ သခင်အောင်ဆန်း၊ သခင်လှဖေ၊ ကိုသိန်းဖေ၊ ကိုဗဟိန်း၊ ဗစ္စတာဒက္ကာတို့သည် တို့ဗမာအစည်းအရုံးအတွင်းတွင် ကွန်မြူနစ် အဖွဲ့အစည်းကလေးတစ်ရပ် စတင် ဖွဲ့စည်းသည်။

**ဩဂုတ်လ – ၁၅**။ ။ ရန်ကုန်မြို့အရှေ့ပိုင်း (၄၉) လမ်း၊ အိမ်အမှတ် (၁၈၈) တွင် ဗမာပြည်ကွန်မြူနစ်ပါတီကို လျှို့ဝှက်စွာ တည်ထောင်ဖွဲ့စည်းခဲ့၏။ သခင်အောင်ဆန်းအဖြစ် အထွေထွေအတွင်းရေးမှူး တင်မြှောက်ခံခဲ့ရ၏။

**စက်တင်ဘာလ – ၁**။ ။ ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ထောင်ဖွဲ့စည်းသည်။ ဗမာ့ထွက်ရပ်ဂိုဏ်း၏ ခေါင်းဆောင်မှာ ဒေါက်တာဘမော်ဖြစ်ပြီး အထွေထွေအတွင်းရေးမှူးမှာ သခင်အောင်ဆန်းဖြစ်၏။

**နိုဝင်ဘာလ – ၁၈**။ ။ သခင်အောင်ဆန်း အပါအဝင် တက္ကသိုလ်ကျောင်းသားဟောင်း သခင်လူငယ် (၁၂) ဦးတို့က နယ်ချဲ့အစိုးရအား မြေအောက်တော်လှန်ရေး စတင်လုပ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ရန်အတွက် ပြည်သူ့တော်လှန်ရေးအဖွဲ့ (The People's Revolutionary P.R.P) ကို ဖွဲ့စည်းလိုက်၏။ ယင်းအဖွဲ့အစည်း၌ သခင်အောင်ဆန်းကို ပြင်ပခေါင်းဆောင် အဖြစ် ရွေးချယ်တင်မြှောက်ကြ၏။

၁၉၄၀

**မတ်လ - ၁၂** ။ ။ တို့ဗမာအစည်းအရုံး ကိုယ်စားလှယ်အဖွဲ့ကို သင်ခင်အောင်ဆန်းဦးဆောင်၍ အိန္ဒိယသို့ သင်္ဘောဖြင့် ထွက်ခွာခဲ့သည်။

**မတ်လ -၂၂**။ ။ အိန္ဒိယပြည် ရမ်းဂါးမြို့၌ အိန္ဒိယအမျိုးသားကွန်ဂရက်ညီလာခံသို့ သခင်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်တင်မောင်၊ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်း၊ သခင်အုန်းမြင့် (တိုးတက်ရေး)၊ ကိုထွန်းရှိန် (နောင် ဗိုလ်ရန်နိုင်) တို့ တက်ရောက်ကြ၏။

**မေ - ၅**။ ။ အိန္ဒိယမှ ရန်ကုန်သို့ ပြန်ရောက်သည်။

**ဇွန်လ - ၂၉**။ ။ သခင်အောင်ဆန်းသည် ဇလွန်မြို့နယ်တွင် ချင်းတောင်တန်းနှင့် ချင်းအမျိုးသားလှုပ်ရှားမှုကို ဟောပြောသဖြင့် ဟင်္သာတ ခရိုင်ဝန်၊ ဟင်္သာတ ရာဇဝတ်ဝန် မစ္စတာဇေဗီးယား (Mr.Xavie) က ငါးကျပ်တန် ဝရမ်းထုတ်ခြင်း ခံရ၏။

**ဩဂုတ်လ - ၈** ။ ။ ဗမာ့ထွက်ရပ်ဂိုဏ်း အတွင်းရေးမှူး သခင်အောင်ဆန်းနှင့် သခင်လှမြိုင် (နောင် ဗိုလ်ရန်အောင်) တို့သည် တရုတ်လူမျိုးကဲ့သို့ ရုပ်ဖျက်၍ နော်ဝေး



နိုင်ငံပိုင် ဟိုင်လီသင်္ဘောဖြင့် မြန်မာပြည်မှ တရုတ်ပြည် အမွိုင်မြို့သို့ ထွက်ခွာခဲ့ကြသည်။ ထိုစဉ်က သခင်အောင်ဆန်း၏ တရုတ်အမည်မှာ တန်လူရှောင် ဖြစ်သည်။

**ဩဂုတ်လ - ၂၄**။ ။ သခင်အောင်ဆန်းနှင့် သခင်လှမြိုင် (ဗိုလ်ရန်အောင်) တို့ တရုတ်ပြည်၊ အမွိုင်မြို့သို့ ရောက်ရှိကြသည်။

**နိုဝင်ဘာလ - ၁**။ ။ သခင်အောင်ဆန်းနှင့် သခင်လှမြိုင် (ဗိုလ်ရန်အောင်) တို့ ဂျပန်ပြည်၊ တိုကျိုမြို့သို့ ရောက်ရှိကြသည်။

**နိုဝင်ဘာ - ၁၂**။ ။ ဂျပန်အာဏာပိုင်များ၏ အစီအစဉ်အရ သခင်အောင်ဆန်းနှင့် သခင်လှမြိုင် (ဗိုလ်ရန်အောင်) တို့ အမွိုင်မြို့မှ တိုင်ပေ (Taipei) တိုင်ပေမှ တိုကျိုသို့ ရောက်ရှိပြီး ကာနယ်ဆူဇူကီး (ဗိုလ်မိုးကြိုး)နှင့် တွေ့ဆုံကာ မြန်မာလူငယ်များ စစ်ပညာသင်ကြားရေးကိစ္စကို ဆွေးနွေးသည်။

(၁၉၄၁)

မြန်မာ့လွတ်လပ်ရေးအတွက် မြန်မာလူငယ်များ စစ်ပညာသင်ရန် ရည်ရွယ်ချက်ဖြင့် 'မိနာမိကီကန်'ခေါ် အဖွဲ့ကို မစ္စတာမိနာမိခေါ် ကာနယ်ဆူဇူကီးနှင့် သခင်အောင်ဆန်းတို့က ဂျပန်ပြည်၌ ဖွဲ့စည်းခဲ့ကြသည်။

**ဖေဖော်ဝါရီလ- ၁၅**။ ။ သခင်အောင်ဆန်းနှင့် မစ္စတာဆူကီအိ (မိနာမိအိုကာ) တို့သည် ရှန်းတင်းမှူး (Shunten

www.burmeseclassic.com

www.burmeseclassic.com



Maru) ဂျပန်ကုန်သင်္ဘောနှင့် ဂျပန်ပြည်မှ မြန်မာပြည်သို့ ထွက်ခွာခဲ့သည်။

**မတ်လ – ၃။** ။ သခင်အောင်ဆန်း မြန်မာနိုင်ငံသို့ တိတ်တဆိတ် ပြန်ရောက်လာပြီး အရေးတော်ပုံပါတီဝင်များနှင့် တွေ့ဆုံကာ မြန်မာ့လွတ်လပ်ရေးလုပ်ငန်းစဉ်များ၊ စစ်ပညာသင်ကြားရန် နိုင်ငံချစ်လုလင်များ စေလွှတ်ရေးကိစ္စ ဆွေးနွေးတိုင်ပင်သည်။

**မတ်လ – ၉။** ။ ရဲဘော်သုံးကျိပ်ထဲမှ ပထမအသုတ် လူငယ်တစ်စုကို တစ်ပါတည်း လျှို့ဝှက်စွာ ခေါ်ဆောင်သည်။

**မတ်လ – ၁၀။** ။ သခင်အောင်ဆန်း (ဗိုလ်တေဇ)နှင့် သခင်လှဖေ (ဗိုလ်လကျာ)၊ သခင်ဘဂျမ်း (ဗိုလ်လရောင်)၊ ကိုအေးမောင် (ဗိုလ်မိုး)၊ သမဂ္ဂ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) တို့သည် ပထမဆုံးအသုတ်အနေဖြင့် "ရွှန်းတင်းမရူး" ဂျပန်ကုန်သင်္ဘောဖြင့် မြန်မာပြည်မှ ထွက်ခွာသွားကြသည်။ ၎င်းပထမဆုံးအသုတ်သည် ဂျပန်ပြည်၊ တိုကျိုမြို့သို့ (၂၇–၃–၄၁) ရက်နေ့တွင် ရောက်ရှိသည်။

**ဒီဇင်ဘာလ – ၂၇။** ။ စနေနေ့ည (၁) နာရီတွင် ယိုးဒယားပြည်၊ ဘန်ကောက်မြို့ရှိ မျက်စိကုဆရာကြီး မျိုးချစ်ပုဂ္ဂိုလ် ဦးလွန်းဖေ၏ နေအိမ်၌ ဘီအိုင်အေခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို စတင်ဖွဲ့စည်းပြီး ကတိသစ္စာခံယူ၍ လက်မောင်းသွေး ဖောက်သောက်ကြသည်။ သခင်အောင်ဆန်းလည်း ဗိုလ်တေဇအမည်ကို ခံယူသည်။



**ဒီဇင်ဘာလ – ၃၁။** ။ ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့ ဗမာ့လွတ်လပ်ရေး တပ်မတော် ဖွဲ့စည်းကြေညာသည့် အခမ်းအနား စစ်ရေးပြပွဲ ကျင်းပသည်။ ထိုအခမ်းအနား၌ ဗိုလ်မိုးကြိုးနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ မိန့်ခွန်းပြောကြသည်။

(၁၉၄၂)

**ဇန်နဝါရီလ – ၁။** ။ အင်္ဂလိပ်အစိုးရက သခင်အောင်ဆန်းကို ဘားမားလစ် (Burma list) ခေါ် ဗြိတိသျှနယ်ချဲ့အစိုးရ ရန်သူတော်စာရင်းတွင် အမှတ်စဉ် (၅) အဖြစ် ကြေညာခဲ့သည်။

**မတ်လ – ၁၀။** ။ ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်မြို့သို့ ဂျပန်စစ်ဗိုလ် ဗိုလ်မိုးကြိုးနှင့်အတူ ပြန်ဝင်လာသည်။

**မတ်လ – ၁၁။** ။ ဗိုလ်မှူးကြီး ဆူဇူကီး (ဗိုလ်မိုးကြိုး)၊ ဗိုလ်တေဇ (ဗိုလ်ချုပ်အောင်ဆန်း)တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော် တပ်ဖွဲ့အချို့ကို ဦးဆောင်၍ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

**ဇူလိုင်လ – ၂၇။** ။ ဗမာ့ကာကွယ်ရေးတပ်မတော် ကာနယ်အောင်ဆန်းအား ဗမာပြည်စစ်ရေးတပ် ဗိုလ်ချုပ်အဖြစ် ခန့်အပ်သည်။

**စက်တင်ဘာလ – ၆။** ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖ ဦးဖိုးညွှင်း၊ အမိ ဒေါ်ဖွားစုတို့၏သမီး ဒေါ်ခင်ကြည်တို့ ဘီအိုင်အေ ပြည်သူ့ဆေးရုံကြီး (ယခု နိုင်ငံတော်ကာကွယ်ရေးတ[illegible]သိုလ်) ၌ ထိမ်းမြားလက်ထပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**နိုဝင်ဘာလ – ၁။** ။ မြို့တော်ခန်းမ၌ ပြုလုပ်သော ခေတ်သစ်ဆရာဝန်ဖြစ် သင်တန်းတွင် 'သေနင်္ဂဗျူဟာ စစ်ပညာ' အကြောင်း ဟောပြောသည်။

(၁၉၄၃)

**မတ်လ – ၁၇။** ။ ဂျပန်အစိုးရ၏ ဖိတ်ကြားချက်အရ ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့လွတ်လပ်ရေးအတွက် ဂျပန်ပြည်သို့ ထွက်ခွာသွားသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လိုက်ပါခဲ့သော ကိုယ်စားလှယ်အဖွဲ့ဝင်များမှာ ဒေါက်တာဘမော် (ဝန်ကြီးချုပ်)၊ သခင်မြ (ဒုဝန်ကြီးချုပ်)၊ ဒေါက်တာသိန်းမောင် (ဘဏ္ဍာရေး)၊ ဦးကျော်ငြိမ်း (အတွင်းဝန်)၊ ဗိုလ်မှူးရန်နိုင် (ဝန်ကြီးချုပ်ကိုယ်ရံတော်)၊ ဦးတင့်ဆွေ၊ ဦးလှဖေတို့ ဖြစ်သည်။

**မတ်လ – ၂၂။** ။ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ဧကရာဇ် ဟီရိုဟီတို၏ တက်နေဝန်းတံဆိပ် (တတိယအဆင့်)နှင့် စလွယ်လတ် (Third Class Order of Rising with middle Cordoh) ချီးမြှင့်ခြင်းခံရသည်။

**မတ်လ – ၂၃။** ။ ဂျပန်ဧကရာဇ် ဟီရိုဟီတို၏ ရှေ့မှောက်သို့ မြန်မာပြည်ဝန်ကြီးချုပ် ဒေါက်တာဘမော်၊ ပြည်ထဲရေးဝန်ကြီး သခင်မြ၊ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာသိန်းမောင်နှင့် ဗမာ့ကာကွယ်ရေးတပ်မတော် သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းတို့ ဝင်ရောက်တွေ့ဆုံသည်။

**မေလ – ၈။** ။ ဂျပန်အာဏာပိုင်တို့သည် မြန်မာပြည်လွတ်လပ်ရေးအတွက် ကြိုတင်ပြင်ဆင်လုပ်ကိုင်ရန် ဒေါက်တာဘမော် ပါဝင်သော 'မြန်မာ့လွတ်လပ်ရေးစီစဉ်အဖွဲ့'ကို ဖွဲ့စည်းပေးခဲ့သည်။



ယင်းအဖွဲ့တွင် ယာယီအစိုးရအဖွဲ့မှ ဒေါက်တာဘမော်၊ သခင်မြ၊ ဒေါက်တာသိန်းမောင်၊ သခင်သန်းထွန်း၊ သခင်ထွန်းအုပ်၊ ဦးလှဖေ၊ ဦးထွန်းအောင်၊ ဗန္ဓုလဦးစိန်၊ ဦးဘဝင်း၊ ဗမာ့ကာကွယ်ရေးတပ်မတော်မှ စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၊ ဆာမြဘူးနှင့် နိုင်ငံရေးအဖွဲ့အစည်းများမှ သခင်ကိုယ်တော်မှိုင်း၊ ဦးတင်ထွဋ်၊ ဦးချစ်လှိုင်၊ သခင်နု၊ ဒေါက်တာစံစီဖိုး၊ ဦးအေး၊ ဝတ်လုံဦးသိမ်းမောင်၊ ဟသ်ာတဦးမြ၊ သစ်ကုန်သည် ဦးအုန်းမောင်၊ ဦးထွန်းဖေ၊ ဆာဦးသွင်၊ ဦးကျော်နှင့် ဦးခင်မောင်ဒွေးတို့ပါဝင်၍ အတွင်းရေးမှူးအဖြစ် ဦးကျော်ငြိမ်းက ဆောင်ရွက်သည်။

**ဩဂုတ်လ – ၁။** ။ နံနက်စောစောတွင် ဂျင်နရယ်အီးဒါးက စစ်အုပ်ချုပ်ရေးကိုရုတ်သိမ်းသည်။ ပြီးလျှင် မြန်မာပြည်လွတ်လပ်ပြီဖြစ်ကြောင်း အခမ်းအနားဖြင့် ကြေညာသည်။ ဒေါက်တာဘမော်က အဓိပတိဘွဲ့ခံသည်။ ဗိုလ်ချုပ်အောင်ဆန်းအား စစ်ဝန်ကြီးအဖြစ် ခန့်အပ်သည်။ ဂျပန်အစိုးရ၏ (First Class Order of the Sacred Traeasure) ချီးမြှင့်ခြင်းခံရသည်။

**စက်တင်ဘာ – ၁၆။** ။ ဗမာ့ကာကွယ်ရေးတပ်မတော်မှ 'ဗမာ့တပ်မတော်'ဟု အမည်ပြောင်း ဖွဲ့စည်းသည်။ ပြောင်းလဲဖွဲ့စည်းလိုက်သော စစ်ဦးစီးအဖွဲ့ချုပ်များမှာ...

(၁) ဗိုလ်ချုပ်အောင်ဆန်း – စစ်ဝန်ကြီး
(၂) ဗိုလ်စကြာ – ဒုစစ်ဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



(၃) ဗိုလ်လက်ျာ - ဖွဲ့စည်းရေးနှင့် ဌာနကြီးမှူး
(၄) ဗိုလ်နေဝင်း - စစ်သေနာပတိ
(၅) ဗိုလ်ဇေယျ - စစ်ဦးစီးချုပ်
တို့ဖြစ်ကြသည်။

**စက်တင်ဘာ - ၂၇။** ။ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသော အာဇာနည်ဗိမာန် တည်ဆောက်ရေးအဖွဲ့က ရွှေတိဂုံစေတီ မြောက်ဘက်ရှိ ကုန်းမြေမြင့်ပေါ်တွင် အာဇာနည်ဗိမာန် တည်ဆောက်ရန် အခမ်းအနားကျင်းပရာ အဓိပတိ ဒေါက်တာဘမော် အုတ်မြစ်ချသည်။

**အောက်တိုဘာ - ၂။** ။ အာဇာနည် ဦးဝိစာရ ကြေးရုပ်ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အဓိပတိ ဒေါက်တာဘမော်နှင့် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ တက်ရောက်၍ အသက်စွန့်လှူသော အာဇာနည် ဦးဝိစာရ၏ အာဇာနည်စိတ်ဓာတ်ကို ချီးကျူးကာ အာဇာနည် အမြဲတေ စိတ်ဓာတ်များ ယနေ့မှစ၍ မွေးရန် ပြောကြားသည်။

(၁၉၄၄)

ဩဂုတ်လတွင် ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်၌ တွေ့ဆုံဆွေးနွေးကြပြီးနောက် 'ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်ကြီး'ကို စတင်ဖွဲ့စည်းတည်ထောင်၏။

ထို့နောက် ရန်ကုန်မြို့ ကုက္ကိုင် လမ်း၊ အင်းလျားကန်စောင်းရှိ သခင်နုနေအိမ်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့



လွတ်လပ်ရေး တပ်ပေါင်းစု ထူထောင်ရန် ပထမဆုံး အစည်းအဝေး ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်မြ၊ သခင်ချစ်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်းအစရှိသူတို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက ရေးလာသော 'ဖက်ဆစ်ဓားပြများကို ခုခံတိုက်ခိုက်လော့' ဟူသော စာတမ်းကို ဖတ်ရာ အားလုံးသဘောတူ ထောက်ခံကြသည်။

**ဩဂုတ်လ - ၁။** ။ ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေး ပထမနှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့ ဂျူဗလီဟော၌ ကျင်းပရာ ရှေးဦးစွာ အဓိပတိကြီး ဒေါက်တာဘမော်က မိန့်ခွန်းပြောသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက ဆက်လက်ပြောကြားရာ၌—

"ကျွန်တော် အပါအဝင် အစိုးရဝန်ကြီးတွေ၊ အရာရှိကြီးတွေ၊ ဒီလိုလူတွေကို ကပ်မြှောင်ပြီး စားတဲ့လူတွေ၊ အမြတ်အစွန်း ကြီးကြီးယူ လူတွေရဲ့ဒုက္ခကို ရင်းနှီး စီးပွားရှာနေတဲ့ ခေတ်ပျက်သူဌေးတွေ၊ အဲဒီလူတွေလောက်သာ ခံစားနေကြရတယ်။ လွတ်လပ်ရေးဟာ အပေါ်ယံ လွတ်လပ်ရေးပဲ ရှိသေးတယ်။ ကျုပ်တို့ ရှေ့ဆက်ပြီး စခန်းသွားနိုင်ဦးမှ လွတ်မြောက်ရေး အကောင်အထည် မြင်ရလိမ့်မယ်"

ဟု ထည့်သွင်းသတိပေးသွားသည်။

**ဩဂုတ်လ ၄ မှ ၇။** ။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ကြီး (ဖ–တ–ပ–လ) ကို ပဲခူးမြို့၊ ဗမာ့တပ်မတော် စံပြကျောင်းတွင် လျှို့ဝှက်စွာ ဖွဲ့စည်းသည်။ ထိုသို့ဖွဲ့စည်းရာ၌ (ဖ–တ–ပ–လ) ဗဟိုဦးစီးအဖွဲ့တွင်လည်းကောင်း၊ စစ်ရေးခေါင်းဆောင်အဖြစ် တင်မြှောက်ခြင်းခံရသည်။

**ဩဂုတ်လ – ၂၃**။ ။ ရန်ကုန်မြို့ပတ်လမ်းနှင့် ဦးထွန်းမြတ် လမ်းထောင့်ရှိ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်၌ ဗမာ့တပ်မတော်၊ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီတို့ ဖွဲ့စည်းသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖ–တ–ပ–လ) ကို ပြန်လည် ဖွဲ့စည်းသည်။ စစ်ရေးခေါင်းဆောင်မှာ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်သည်။

**စက်တင်ဘာလ – ၃**။ ။ ဗိုလ်မှူးစောကြာဒိုး၊ ဗိုလ်ကြီးစောဖိုးသင်၊ ဗိုလ်မှူးရဲထွဋ်၊ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်တို့နှင့် မြောင်းမြမြို့သို့ ရောက်ရှိလာသည်။

**စက်တင်ဘာလ – ၄**။ ။ ရန်ကုန်မြို့၌ ဗိုလ်ချုပ်အောင်ဆန်းအား ဂျပန်ဧကရာဇ်ဘုရင် ဟီရိုဟီတို၏ မွန်မြတ်သောရတနာ (ပထမဆင့်) (Order of the Sacred Treasure) တံဆိပ်ကို ချီးမြှင့်ခဲ့သည်။

**စက်တင်ဘာလ – ၇**။ ။ ဗိုလ်မှူးကြီး စောကြာဒိုး၊ ဗိုလ်ကြီးစောစံဘိုးသင်၊ ဒု– ဗိုလ်သိန်းဆွေ၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးရဲထွဋ် တို့နှင့်အတူ ပုသိမ်ခရိုင်၊ ကန်ကြီးဒေါင့်ရွာသို့ ခရီးထွက်ကြသည်။



**စက်တင်ဘာလ – ၁၀**။ ။ ဟင်္သာတမြို့၌ စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း တရားဟောသည်။

(၁၉၄၅)

**မတ်လ ၁ မှ ၃ ထိ**။ ။ ဖက်ဆစ်တော်လှန်ရေး မဆင်နွှဲမီ အရေးကြီးသော နောက်ဆုံးအစည်းအဝေးတစ်ရပ်ကို ရန်ကုန်မြို့ပတ်လမ်း၊ (ယခုနတ်မောက်လမ်း)၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်တွင် ကျင်းပသည်။ တပ်ဖြန့်ခြင်း၊ ဖျောက်ခြင်း၊ တိုင်းဖွဲ့ခြင်း၊ စစ်ခေါင်းဆောင်, နိုင်ငံရေးခေါင်းဆောင်ခန့်ခြင်း၊ မဟာမိတ်တို့နှင့် ဆက်သွယ်ခြင်း စသည်တို့ကို အသေးစိတ်ဆွေးနွေးဆုံးဖြတ်ကြသည်။

**မတ်လ – ၁၇**။ ။ တော်လှန်ရေးပန်းခြံ၌ စစ်ထွက်အခမ်းအနား ကျင်းပသည်။ ရန်ကုန်မြို့သူမြို့သား နှစ်သောင်းကျော်တို့ လာရောက်အားပေးကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက သမိုင်းဝင် စစ်ထွက်မိန့်ခွန်းအဖြစ်–

> "ရဲဘော်တို့… အကျယ်ချဲ့ပြီး ရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ အခု စစ်မြေပြင်ကို ထွက်ရမယ်၊ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်အခဲတွေ ရင်ဆိုင်ရမယ်။ ဗမာပီပီ ဗမာ့သွေးကို ပြပါ။ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဗမာ့ရန်သူကို ချေမှုန်းကြ၊ အနီးကပ်ဆုံးရန်သူကို ချေမှုန်းကြ"

ဟူ၍ မိန့်ကြားခဲ့သည်။

**မတ်လ – ၂၇** ။ ။ ဖက်ဆစ်ဂျပန်များကို တော်လှန်သည်။ ဂျပန်ပေါင်း ၂၀၀၀၀ ထက်မနည်း ကျဆုံးခဲ့သည်။ သုံ့ပန်းပေါင်း ၂၀၀ ကျော် ဖမ်းမိခဲ့ပြီး ဂျပန်တို့၏ ၅၄ တပ်မကြီးမှ အရေးကြီးသော အရာရှိအားလုံးလိုလိုပင် ချေမှုန်းသုတ်သင်နိုင်ခဲ့သည်။ ထိုအထဲတွင် လက်ဖတင် ဂျင်နရယ်တစ်ဦးနှင့် မေဂျာဂျင်နရယ် နှစ်ဦး ပါဝင်ခဲ့သည်။

**မေလ – ၁၀**။ ။ သရက်ခရိုင်၊ ကမ္မအပိုင်သရက်ချောင်းရွာတွင် တပ်စခန်းချနေစဉ် စစ်ဌာနချုပ်စခန်းရှိ အကြပ်တပ်သားများကို ညနေ (၅း၀၀) တွင် တန်းစီစေပြီး တော်လှန်ရေး ကာလတွင် အပြတ်သားဆုံး မိန့်ခွန်းကို မြွက်ကြားသည်။

**မေလ – ၁၆**။ ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်မှူးကြီးစလင်း ပထမအကြိမ် တွေ့ဆုံဆွေးနွေး၍ ဗမာ့အမျိုးသားတပ်မတော်နှင့် ဗြိတိသျှတပ်ကို ပူးပေါင်းသည်။

**မေလ – ၂၈**။ ။ ညနေ (၄း၀၀) နာရီအချိန်တွင် ပြည်သူ့ရဲဘော်တပ်ဖွဲ့အားလုံးကို လောင်းဝစ်လမ်းဌာနချုပ်ခွဲတည်နေရာ၌ ဩဝါဒမိန့်ခွန်းပြောသည်။

**ဇွန်လ – ၁၁**။ ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ကြီး စကောဖီ့ဒ်တို့ တွေ့ဆုံသည်။

**ဇွန်လ – ၂၀**။ ။ အင်္ဂလိပ်စစ်သင်္ဘော ကမ်ဘာလင် (H.M.S CUMBERLAND) ပေါ်၌ အခြားနိုင်ငံရေး



ခေါင်းဆောင်များနှင့်အတူ ဘုရင်ခံဆာဒေါမန်စမစ်နှင့် တွေ့ဆုံဆွေးနွေးသည်။

**ဇူလိုင် – ၉**။ ။ မဟာမိတ်ဘက်မှ ဗိုလ်ချုပ်ဖရန့်စ်၊ ဗမာ့တပ်မတော်ဘက်မှ ဗိုလ်ချုပ်အောင်ဆန်းတို့ ဗမာ့တပ်မတော် ပြန်ဖွဲ့စည်းရေးကို ဆွေးနွေးခဲ့သည်။

**ဇူလိုင် – ၁၁**။ ။ ဗိုလ်ချုပ်အောင်ဆန်းက ဗမာ့တပ်မတော် ဖွဲ့စည်းရေးမူကို လော့မောင့်ဘက်တန်ထံ တင်ပြသည်။

**ဩဂုတ် ၁၀၊ ၁၁၊ ၁၂**။ ။ ရန်ကုန်မြို့၌ မျိုးချစ်ဗမာ့တပ်မတော် တပ်မှူးကြီးများ၏ အစည်းအဝေး ကျင်းပပြီး 'အမျိုးသားညီညွတ်ရေး ပန်ကြားချက်' ကို ထုတ်ပြန်ကြေညာသည်။

**ဩဂုတ်က – ၁၉**။ ။ ရန်ကုန်မြို့ နေသူရိန်ရုံတော်၌ အစည်းအဝေး ကျင်းပသည်။ ထိုအစည်းအဝေးကား နောင်အခါ 'မြန်မာ့နောက်ဆုံး လွတ်လပ်ရေးတိုက်ပွဲသမိုင်း'၌ နေသူရိန်အစည်းအဝေးဟူ၍ ထင်ရှားလာသည့် စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ ပထမဆုံးသော ပြည်သူ့စည်းဝေးပွဲကြီးပင် ဖြစ်လေ၏။

**ဩဂုတ်လ – ၂၉**။ ။ မြို့တော်ခန်းမ၌ ကျင်းပသည့် အရှေ့အနောက်အသင်း (EAST AND WEST ASSOCIATION) တွင် အင်္ဂလိပ်ဘာသာဖြင့် ဟောပြောသည်။

**စက်တင်ဘာ ၄**။ ။ အရှေ့တောင်အာရှဆိုင်ရာ သေနာပတိ လော့ဒ်မောင့်တန်နှင့်ဗမာ့တပ်မတော် ဆက်လက်တည်တံ့ရေးအတွက် ဆွေးနွေးရန် သခင်သန်းထွန်း၊ ဗိုလ်လက်ျာ၊

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နေဝင်း၊ ဦးအာဖေတို့နှင့်အတူ သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့သို့ သွားသည်။

**စက်တင်ဘာ ၆ မှ ၈**။ ။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့နှင့် အရှေ့တောင်အာရှဆိုင်ရာ မဟာမိတ်တပ်များ၏ စစ်သေနာပတိချုပ် လော့ဒ်လူဝီမောင့်ဘက်တန်တို့ ဆွေးနွေးကြပြီး သဘောတူညီချက် လက်မှတ်ရေးထိုးကြသည်။

**အောက်တိုဘာလ – ၂၇**။ ။ ဗိုလ်ချုပ်အောင်ဆန်းသည် အသစ်ဖွဲ့စည်းသော ဗမာ့တပ်မတော်တွင် ဗိုလ်မှူးချုပ်အဆင့်ဖြင့် ဒုတိယစစ်ဆေးရေးမှူးအရာရှိချုပ် (Deputy Inspector General) ရာထူး ကမ်းလှမ်းသည်ကိုငြင်းပယ်ကာ မပြီးဆုံးသေးသော မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ရန် မျိုးချစ်တပ်မတော်ဗိုလ်ချုပ်ရာထူးမှ နုတ်ထွက်ခဲ့ပြီး နိုင်ငံရေးနယ်ပယ်သို့ ပြန်လည်ဝင်ရောက်ခဲ့သည်။

**နိုဝင်ဘာလ – ၁၀**။ ။ ရန်ကုန် ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ၌ ကျင်းပသော ပြည်သူ့အစည်းအဝေးပွဲကြီးတွင် မိန့်ခွန်းမြွက်ကြားသည်။

**ဒီဇင်ဘာ – ၁**။ ။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ (People Volunteer Organization) ကို ဖွဲ့စည်းခဲ့သည်။ ဆော်ဩရေးအဖွဲ့ဝင်များမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးဗိုလ်လရောင်၊ ဗိုလ်မှူးအောင်၊ ဗိုလ်ထွန်းလင်း၊ ဗိုလ်ထွန်းလှတို့ ဖြစ်ကြ၏။



၁၉၄၆

**ဇန်နဝါရီ – ၁၇**။ ။ နံနက် (၈:၀၀) နာရီအချိန်၊ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ ကုန်းမြေပြင်၌ လွတ်လပ်ရေးတိုက်ပွဲ၊ ဖက်ဆစ်တော်လှန်ရေး တိုက်ပွဲများတွင် ကျဆုံးခဲ့ရရှာသော အာဇာနည်များအား သတိတရ လေးစားသောအားဖြင့် ယာယီကျောက်တိုင် စိုက်ထူ၍ အလေးပြုခဲ့သည်။ ယင်းအခမ်းအနားတွင် မိန့်ခွန်း မြွက်ကြားခဲ့သည်။

**ဇန်နဝါရီ – ၁၉**။ ။ ဘုရင်ခံ၏ ဖိတ်ကြားချက်အရ အစိုးရအိမ်တော်တွင် ဘုရင်ခံကို ဗိုလ်ချုပ်အောင်ဆန်းသွားရောက်တွေ့ဆုံဆွေးနွေးသည်။

**ဇန်နဝါရီ – ၂၀**။ ။ ရွှေတိဂုံအလယ်ပစ္စယံ၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ (ဖ–ဆ–ပ–လ) ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။

**ဇန်နဝါရီ – ၂၁**။ ။ (ဖ–ဆ–ပ–လ) ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ညီညွတ်ရေးအဆိုကို တင်သွင်းသည်။

**ဖေဖော်ဝါရီ – ၂**။ ။ အောင်ဆန်း အက်တလီစာချုပ် (မူကြမ်း)ကို ဖဆပလအမှုဆောင်အဖွဲ့က လက်ခံသည်။

**မတ်လ – ၄**။ ။ သခင်မြ၊ ဟင်္သာတ ဦးမြ၊ ဦးအောင်ဇံဝေတို့နှင့်အတူ ရန်ကုန်မှ ခရီးထွက်သည်။

**မတ်လ – ၆**။ ။ တောင်ကုတ်သို့ရောက်သည်။

**မတ်လ – ၇**။ ။ တောင်ကုတ်တွင် တရားဟောသည်။

www.burmeseclassic.com

www.burmeseclassic.com



**မတ်လ – ၁၀။** ။ စစ်တွေသို့ရောက်သည်။

**မတ်လ – ၁၁။** ။ စစ်တွေတွင် တရားဟောသည်။

**မတ်လ – ၂၆။** ။ ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ဒုတိယ သဘာပတိအဖြစ် ရာထူးလက်ခံ၍ အစိုးရအဖွဲ့သစ်ကို ဖွဲ့သည်။

**မတ်လ – ၂၇။** ။ ဘုရင်ခံအိမ်တော်၌ ကျင်းပသော ဘုရင်ခံနှင့် ၎င်း၏ ဆာပေါ်ထွန်း (စက္ကူဖြူ) အစိုးရတို့ အစည်းအဝေးတွင် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအား ဂျပန်ခေတ်က သထုံဘက်၌ လူသတ်မှု ကျူးလွန်ခဲ့ကြောင်း တိုင်ကြားစာရသည်ဟု စွပ်စွဲကာ ဖမ်းဆီးရန် သဘောတူ ဆုံးဖြတ်ချက်ချသည်။ (သို့ရာတွင် ဗိုလ်ချုပ် အောင်ဆန်းအား မဖမ်းဖြစ်ခဲ့ကြချေ။)

တော်လှန်ရေးနေ့ဖြစ်ပြီး ကန်တော်မင်ပန်းခြံတွင် တော်လှန်ရေးနှင့်စပ်လျဉ်းသော မိန့်ခွန်း မြွက်ကြားသည်။

**ဧပြီလ – ၂၆။** ။ မေဒေးနေ့ ရှေ့ပြေးမိန့်ခွန်းမြွက်ကြားသည်။

**မေလ – ၁။** ။ စစ်အပြီး မြန်မာပြည်၏ ပထမဆုံးသော အလုပ်သမားနေ့ (May Day) အထိမ်းအမှတ်ပွဲကို ရွှေတိဂုံဘုရားခြေရင်း ကန်တော်မင်ပန်းခြံတွင် အလုပ်သမားနေ့အခမ်းအနားသဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိ မိန့်ခွန်းမြွက်ကြား၏။

**မေလ– ၁၈။** ။ အင်းစိန်ခရိုင် ထန်းတစ်ပင်မြို့တွင် ပြည်သူ့ရဲဘော်အချို့ စစ်ရေးပြ၍ အဖမ်းခံရသောကြောင့် ပြည်သူ့ရဲဘော်၊ ဖ–ဆ–ပ–လနှင့် လယ်သမားများ လူထုအစည်းအဝေး ပြုလုပ်၍ ဆန္ဒပြကြသည်။ စီတန်းလမ်းလျှောက်လာရာတွင် အာဏာပိုင်တို့က ပစ်ခတ်သဖြင့် လူ ၃ ဦးသေကာ အချို့ဒဏ်ရာ ရကြသည်။ သို့သော် ထန်းတပင်အရေးအခင်း ဖြစ်ပွားပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း သွားရောက်၍ ဈာပနတွင် မိန့်ခွန်းပြောသည်။ လူထုက တစ်ခဲနက် တက်ရောက်ခဲ့ကြသည်။

**ဇွန်လ – ၇ ။** ။ ကန်တော်မင် ပန်းခြံ၌ လူထုဆန္ဒပြကန့်ကွက်ပွဲအစည်းအဝေးကြီးတွင် မိန့်ခွန်းမြွက်ကြားသည်။

**စက်တင်ဘာ ၂၂ (တနင်္ဂနွေနေ့)။** ။ ဗိုလ်ချုပ် အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ သမီးထွေး ဖွားမြင်သည်။ ဖွားမြင်ပြီး ၅ ရက်အကြာ (၂၇–၉–၄၆) နေ့တွင် ကွယ်လွန်သွားသည်။

**စက်တင်ဘာ ၂၆။** ။ ဗိုလ်ချုပ်အောင်ဆန်းသည် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ဒုတိယသဘာပတိအဖြစ် ရာထူးခံဆောင်ရွက်သည်။

**စက်တင်ဘာ ၂၇။** ။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ယာယီအမှုဆောင် အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးသည်။

**စက်တင်ဘာ ၂၇။** ။ စက်တင်ဘာလ ၂၁ ရက်နေ့က ကားချင်းယှဉ်၍ သေနတ်ဖြင့် ချောင်းမြောင်းပစ်ခတ်၍ ရန်ကုန်ဆေးရုံကြီး၌ ဆေးကုသခံနေသော ဂျွန်ဦးစောအား ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်နုတို့ သွားရောက်ကြည့်ရှု သတင်းမေးမြန်းခဲ့သည်။

**စက်တင်ဘာ ၂၉။** ။ မူလက စီစဉ်ထားသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



'စက္ကူဖြူစီမံကိန်း ကန့်ကွက်ဆန္ဒပြပွဲကြီး'တွင် မိန့်ခွန်းမြွက်ကြားသည်။

**အောက်တိုဘာ – ၃။** ။ဘုရင်ခံ၏ အဝိုင်ပင်ခံ အစိုးရအဖွဲ့၏ အာဏာကိုသုံးစွဲ၍ ဗိုလ်ချုပ်အောင်ဆန်းက အမှုထမ်းပေါင်းစုံ သပိတ်ကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့သည်။

**အောက်တိုဘာ – ၁၀။** ။ ဗမာပြည် ကွန်မြူနစ်ပါတီသည် မိမိတို့ပါဝင်ဆောင်ရွက်လျက်ရှိသော ဖဆပလအဖွဲ့ကြီးကိုသော်လည်းကောင်း၊ ဖ–ဆ–ပ–လ အဖွဲ့ချုပ်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုသော်လည်းကောင်း ရှုတ်ချဝေဖန်လျက်ရှိရာ ဖဆပလအဖွဲ့ချုပ်မှ ထုတ်ပယ်လိုက်သည်။

**အောက်တိုဘာ – ၂၀။** ။ ရွှေတိဂုံစေတီတော် အနောက်ဘက် ခြေတော်ရင်း၌ ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလအဖွဲ့ချုပ်မှ ကွန်မြူနစ်ပါတီအား အဘယ်ကြောင့် ထုတ်ပယ်ရသည့်အကြောင်းကို ရှင်းလင်းအစီရင်ခံ ကျင်းပရာ ပရိသတ်တစ်သိန်းကျော် တက်ရောက်နားထောင်ကြသည်။

**အောက်တိုဘာ – ၂၈။** ။ ပြည်သူ့ရဲဘော်အဖွဲ့များအား မိန့်ခွန်း မြွက်ကြားသည်။

**နိုဝင်ဘာလ – ၂။** ။ မြစ်ကြီးနားရှိ တိုင်းရင်းသားကချင်စစ်တပ်ကို စစ်ဆေးသည်။

**နိုဝင်ဘာလ – ၈။** ။ 'ဗြိတိသျှအစိုးရက မြန်မာ့လွတ်လပ်ရေးနှင့်ပတ်သက်၍ ကြေညာရန်၊ မကြေညာပါက ၁၉၄၇ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အစိုးရ တစ်ဖွဲ့လုံး နှုတ်ထွက်မည်' ဟူသော ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။



**နိုဝင်ဘာလ – ၁၄ မှ ၃၀ ။** ။ ထိုရက်များ အတွင်း အထက်မြန်မာပြည်သို့ ခရီးထွက်သည်။

**နိုဝင်ဘာလ – ၂၃။** ။ မေမြို့ (ယခုပြင်ဦးလွင်) ဗိုလ်သင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးရင်း မိန့်ခွန်းမြွက်ကြားသည်။

**နိုဝင်ဘာလ – ၂၆။** ။ ဗမာပြည် အိုလံပစ်အလင်း (Burma Olympic Association) ကို တည်ထောင်ဖွဲ့စည်းခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းက နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

**ဒီဇင်ဘာ – ၁၈ ရက်။** ။ အလုပ်သမားပေါင်း ထောင်လိုက်ချီ သေဆုံးခဲ့ရသည်ကို ရည်စူးလျက် မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်ရွာတွင် စစ်သင်္ချိုင်းဖွင့်ပွဲ အခမ်းအနားကို နံနက် ၉ နာရီ၌ ကျင်းပသည်။ ဤတွင် ဗိုလ်ချုပ်အောင်ဆန်းက…

> "လူမျိုးတစ်ဦးအပေါ်တစ်ဦး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဖိနှိပ် ချုပ်ချယ်မှုများ၊ လူကိုလူက ကျွန်ပြုမှုများ စသော စနစ်ဆိုးများ ပပျောက်ချုပ်ငြိမ်းစေလိုသော ရည်ရွယ်ချက်ကို ဦးတည်ကြောင်း…"

ရှင်းလင်းပြတ်သားစွာ မြွက်ကြားသွားခဲ့သည်။

**ဒီဇင်ဘာလ – ၂၃။** ။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၌ ကျင်းပသည့် ကရင်အမျိုးသား နှစ်ကူးပွဲတော်သို့ တက်ရောက်ခဲ့သည်။

**ဒီဇင်ဘာလ – ၂၄။** ။ နံနက်ပိုင်းတွင် တောင်ကြီးမြို့၊ ညောင်ရွှေဟော်၌ စော်ဘွားများနှင့် ပထမဆုံးအကြိမ် ဆွေးနွေးသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၉၄၇)

**ဇန်နဝါရီလ – ၁။** ။ ဘီလပ်သို့ ကိုယ်စားလှယ်အဖွဲ့ မသွားခင် တိုင်းပြည်သို့ အသံလွှင့်ဌာနမှ ည (၇) နာရီ၊ မိနစ် (၄၀) အချိန်တွင် အသံလွှင့်ပြောကြားခဲ့သည်။

**ဇန်နဝါရီလ – ၂။** ။ ဗိုလ်ချုပ်အောင်ဆန်းသည် သခင်မြ၊ ဦးတင်ထွတ်တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဘီလပ်သို့ ထွက်ခွာသည်။

**ဇန်နဝါရီလ – ၅။** ။ ညနေ (၅) နာရီ၊ (၁၀)မိနစ်တွင် ဒေလီရေဒီယိုမှနေ၍ 'ဗမာပြည်သို့'ဟူသော မှာကြားချက်မိန့်ခွန်းကို အသံလွှင့်သည်။

"အေရှညီညွတ်ရေးသို့"ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်မိန့်ခွန်းတစ်ရပ်ကိုလည်း ထိုနေ့ည ၈ နာရီခွဲအချိန်တွင် ဒေလီရေဒီယိုမှပင် အသံလွှင့်ခဲ့၏။

**ဇန်နဝါရီလ – ၁၃။** ။ အင်္ဂလိပ်အစိုးရ၏ ဖိတ်ခေါ်ချက်အရ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လန်ဒန်မြို့၊ အမှတ် ၁၀၊ ဒေါင်းနင်းလမ်းမှ ဗြိတိသျှဝန်ကြီးချုပ်၏ ဂေဟာ၌ ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

**ဇန်နဝါရီ – ၂၇။** ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှနန်းရင်းဝန်တို့ အထက်ပါ ဗြိတိသျှဝန်ကြီးချုပ်ဂေဟာ၌ အောင်ဆန်း– အက်တလီစာချုပ် ချုပ်ဆိုခဲ့သည်။

**ဇန်နဝါရီလ – ၃၀။** ။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ကြရာ အိန္ဒိယတွင် ခရီးတစ်ထောက်နားသည်။



**ဖေဖော်ဝါရီလ – ၂။** ။ ညနေပိုင်းတွင် ရန်ကုန်သို့ ပြန်လည် ရောက်ရှိသည်။

**ဖေဖော်ဝါရီလ – ၃။** ။ ညနေ (၃:၀၀) နာရီအချိန်တွင် (ဖဆပလ) အဖွဲ့ချုပ်တွင် သတင်းစာကွန်ဖရင့် ကျင်းပသည်။

**ဖေဖော်ဝါရီလ – ၄။** ။ ည (၇) နာရီ မိနစ် (၃၀)တွင် အသံလွှင့်ရုံမှတစ်ဆင့် တိုင်းပြည်သို့ ဘီလပ်ပြန် မိန့်ခွန်း ပြောကြားသည်။

**ဖေဖော်ဝါရီလ – ၅။** ။ တောင်သူလယ်သမားညီလာခံတွင် မိန့်ခွန်းမြွက်ကြားသည်။ တောင်တန်းဒေသ သဘောထားစုံစမ်းရေးနှင့်ပတ်သက်၍ ဘုရင်ခံအိမ်တွင် သတင်းစာရှင်းလင်းပွဲ ကျင်းပသည်။

**ဖေဖော်ဝါရီလ – ၈။** ။ ဗိုလ်ချုပ်အောင်ဆန်းသည် သမိုင်းဝင် ပင်လုံညီလာခံကြီးကို တက်ရောက်ရန်အတွက် မိတ္ထီလာသို့ လေယာဉ်ဖြင့် ထွက်ခွာခဲ့သည်။

**ဖေဖော်ဝါရီလ – ၉၊ ၁၀။** ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းနယ်ဒေသ ခေါင်းဆောင်များ အပူတပြင်း ညှိနှိုင်းဆွေးနွေးကြသည်။

**ဖေဖော်ဝါရီလ – ၁၁။** ။ ညတွင် ပင်လုံစော်ဘွားများ ထမင်းစားပွဲ၌ မိန့်ခွန်းမြွက်ကြားသည်။

**ဖေဖော်ဝါရီလ – ၁၂။** ။ နံနက် (၁၀)နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသ ခေါင်းဆောင်ကြီးများ ပင်လုံမြို့တွင် ပင်လုံစာချုပ်လက်မှတ်ရေးထိုးကြသည်။ ပင်လုံ

www.burmeseclassic.com

www.burmeseclassic.com



စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးကြသော ကိုယ်စားလှယ်ကြီးများမှာ–

(၁) ဗိုလ်ချုပ်အောင်ဆန်း (မြန်မာပြည်ခေါင်းဆောင်)
(၂) စစ်ခွန်ပန်းစိန် (တောင်ပိုင်းစော်ဘွား)
(၃) စဝ်ရွှေသိုက် (ညောင်ရွှေစော်ဘွား)
(၄) စဝ်ဟုန်ဖ (မြောက်ပိုင်းသိန္နီစော်ဘွား)
(၅) စဝ်နွံ (လဲချားစော်ဘွား)
(၆) စဝ်စံထွန်း (မိုင်းပွန်စော်ဘွား)
(၇) ခွန်ဖုံး (လူထုကိုယ်စားလှယ်၊ မြောက်ပိုင်းသိန္နီ)
(၈) စဝ်ထွန်းအေး (သာမိုင်းစော်ဘွား)
(၉) ဦးတင်အေး (လူထုကိုယ်စားလှယ်၊ တောင်ကြီး)
(၁၀) ဦးကြာပု (လူထုကိုယ်စားလှယ်၊ သီပေါ)
(၁၁) စဝ်ယိပ်ဖ (လူထုကိုယ်စားလှယ်၊ သီပေါ)
(၁၂) ဆမားဒူဝါဆင်ဝါနောင် (ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား)
(၁၃) ဒူဝါဇော်ရစ် (ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား)
(၁၄) ဦးခွန်ထီး (လူထုကိုယ်စားလှယ်၊ ပင်လုံ)
(၁၅) ဦးထွန်းမြင့် (လူထုကိုယ်စားလှယ်၊ မောက်မယ်)
(၁၆) ဦးခွန်စော (လူထုကိုယ်စားလှယ်၊ ပင်းတယ)
(၁၇) ဦးဖြူ (ဆီဆိုင်စော်ဘွား ကိုယ်စားလှယ်)
(၁၈) ဦးဒိန်ရတန် (ကချင်ကိုယ်စားလှယ်၊ ဗန်းမော်)
(၁၉) ဒူဝါဇော်လွန်း (ကချင်ကိုယ်စားလှယ်၊ ဗန်းမော်)



(၂၀) ဦးလဘန်ဂရောင် (ကချင်ကိုယ်စားလှယ်၊ ဗန်းမော်)
(၂၁) ဦးလှမှုန်း (ချင်းကိုယ်စားလှယ်၊ ဖလမ်း)
(၂၂) ဦးသောင်ဇာခုတ် (ချင်းကိုယ်စားလှယ်၊ တီးတိန်)
(၂၃) ဦးကီးယိုမာန် (ချင်းကိုယ်စားလှယ်၊ ဟားခါး)
တို့ဖြစ်ကြသည်။

**ဖေဖော်ဝါရီလ – ၁၅။** ။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့က (ဖဆပလ) ဦးစီးအမှုဆောင်အဖွဲ့သို့ မိမိတို့ ဆောင်ရွက်ချက်များကို တင်ပြကြသည်။

**ဖေဖော်ဝါရီလ – ၁၉။** ။အောင်ဆန်း အက်လီစာချုပ်ကို လက်မှတ်မရေးထိုးဘဲ ပြန်လာခဲ့ကြသော ဂဠုန်ဦးစောနှင့် သခင်ဘစိန်တို့ ဖဆပလ အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့ကြသည်။ ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့ နုတ်ထွက်ပြီးနောက် ဖဆပလ အစိုးရအဖွဲ့ ကြားဖြတ်ယာယီအစိုးရအဖြစ် ပြန်လည်ဖွဲ့စည်းသည်။

**ဖေဖော်ဝါရီ – ၂၇။** ။မြန်မာနိုင်ငံ ကုန်သည်ကြီးများ နှစ်ပတ်လည်အစည်းအဝေး (ထိုစဉ်က အလွန်အရေးပါသည့် အတွက် ဘုရင်ခံကိုယ်တိုင် တက်ရောက်သည့် အစည်းအဝေး) တွင် ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားသည်။

**ဖေဖော်ဝါရီလ – ၂၈။** ။ မြို့တော်ခန်းမ၌ ကျင်းပသော မြို့တော်ဝန်၏ ဂုဏ်ပြုညှော့ခံပွဲ၌ မိန့်ခွန်းမြွက်ကြားသည်။

**မတ်လ – ၁။** ။မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများ အသင်း၌ မိန့်ခွန်း မြွက်ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



**မတ်လ – ၇။** ။ ညနေ (၆း၃၈) နာရီတွင် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မေတ္တာရပ်ခံချက် တစ်စောင်ကို အသံလွှင့်ဖတ်ကြားသည်။

**မတ်လ – ၁၀။** ။ မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများအသင်း နှစ်ပတ်လည် အစည်းအဝေးတွင် မိန့်ခွန်းမြွက်ကြားသည်။

**မတ်လ – ၁၃။** ။ ၁၉၄၇ ခု၊ မတ်လတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အသံလွှင့်ချက်ကို အသံလွှင့်ရုံမှ "နိုင်ငံရေးစားဖားကြီးတွေ"ခေါင်းစဉ်ဖြင့် ထပ်မံအသံလွှင့်ပေးသည်။

**မတ်လ ၁၅ – ၁၇ ထိ။** ။ လေကြောင်းခရီးဖြင့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်မြို့များသို့ ခရီးထွက်သည်။

**မတ်လ – ၂၀။** ။ ကျောက်ဆည် မန္တလေးမြို့များတွင် တရားဟောသည်။

**မတ်လ – ၁။** ။ မုံရွာနှင့် စစ်ကိုင်းမြို့တွင် တရားဟောသည်။

ည (၈း၃၀) တွင် အသံလွှင့်ရုံမှ "လွတ်လပ်ရေး မှတ်ကျောက်"ခေါင်းစီးဖြင့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်း ထုတ်လွှင့်ခဲ့သည်။

**မတ်လ – ၂၃။** ။ ညောင်ဦးမြို့တွင် မိန့်ခွန်းမြွက်ကြားသည်။

**မတ်လ – ၂၄။** ။ မကွေးမြို့တွင် မိန့်ခွန်းမြွက်ကြားသည်။



**မတ်လ – ၂၅။** ။ နတ်မောက်မြို့တွင် မိန့်ခွန်းမြွက်ကြားသည်။

**မတ်လ – ၂၇။** ။ အောင်လံမြို့တွင် ကျင်းပသော တော်လှန်ရေးနေ့ အခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားသည်။ ထိုနေ့တွင် ရန်ကုန်ပြန်ရောက်သည်။

**ဧပြီလ – ၁။** ။ ဗိုလ်ချုပ်တို့ ချုပ်ဆိုသော ပင်လုံစာချုပ်ကို ဗြိတိသျှပါလီမန်က လက်ခံအတည်ပြုသည်။

လေယာဉ်ပျံနှင့် စစ်တွေသို့ ခရီးထွက်သည်။ ထိုနေ့ညနေတွင် ရေတပ်မတော်မှ စစ်သင်္ဘောဖြင့် မြေပုံသို့ ခရီးထွက်သည်။

**ဧပြီလ – ၂။** ။ ရခိုင်ပြည်နယ် မြေပုံမြို့သို့ ရောက်ရှိသည်။ ည (၈း၀၀) နာရီတွင် အလံနီကွန်မြူနစ်ဆရာတော် ဦးစိန္တာကြီးမှူးကျင်းပသော အစည်းအဝေးသို့ တက်ရောက်ပြီး မိန့်ခွန်းမြွက်ကြားသည်။ စစ်တွေမှ ရန်ကုန်သို့ လေယာဉ်ဖြင့် ပြန်လာသည်။

**ဧပြီလ – ၄။** ။ အုတ်တွင်း၊ တောင်ငူ၊ ပျဉ်းမနားမြို့များတွင် မိန့်ခွန်းမြွက်ကြားသည်။

**ဧပြီလ – ၅။** ။ ပျော်ဘွယ်၊ ရမည်းသင်းမြို့များတွင် တရားဟောသည်။ ညနေ (၆း၃၃) နာရီအချိန်တွင် အသံလွှင့်ဌာနမှ တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည်။

**ဧပြီလ – ၇။** ။ လွတ်လပ်တော့မည့် မြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသော တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ ကျင်းပပြုလုပ်သည်။ အဆိုပါ ရွေးကောက်ပွဲ၌ ဗိုလ်ချုပ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆန်း ဦးဆောင်သော ဖဆပလသည် တစ်နိုင်ငံလုံးတွင် အမတ်နေရာ (၂၅၅) နေရာအနက် အမတ်နေရာ (၂၄၈) နေရာ ရရှိခဲ့သည်။

**ဧပြီလ – ၉။** ။ပျဉ်းမနားမြို့၊ ဦးဝိသုဒ္ဓိကျောင်းတိုက်အတွင်း တရားပွဲ၌ မိန့်ခွန်းမြွက်ကြားသည်။ ညနေ (၆:၀၀) နာရီတွင် ဇနီးဖြစ်သူ ဒေါ်ခင်ကြည်နှင့်အတူ မဲရုံများသို့ လိုက်လံစစ်ဆေးသည်။

**ဧပြီလ – ၁၇။** ။နေ့လယ် (၁:၀၀) နာရီတွင် ကန်တော်ကြီးစောင်းရှိ အိုရီရင့်ကလပ်၌ ယိုးဒယားအစိုးရနှင့် ဗီယက်နမ်အစိုးရ ကိုယ်စားလှယ်တော်ကြီးများ ညှိခံပွဲသို့တက်ရောက်ပြီး မိန့်ခွန်းမြွက်ကြားသည်။ ညတွင် မြန်မာနှစ်သစ်ကူးမိန့်ခွန်းအဖြစ် အသံလွှင့်ရုံမှ တိုင်းပြည်သို့ အသံလွှင့်ပြောကြားခဲ့သည်။

**ဧပြီလ – ၁၈။** ။နှစ်သစ်ကူးမိန့်ခွန်းကို မြန်မာ့အသံမှ ကောက်နုတ်၍ အသံလွှင့်သည်။

**ဧပြီလ – ၂၈။** ။ပြင်ဦးလွင်မှ မန္တလေးမြို့သို့လာသည်။

**မေလ – ၄။** ။ဗိုလ်ချုပ်နေအိမ်တွင် ဖဆပလ ကိုယ်စားလှယ်များ၊ ဆိုရှယ်လစ် ကိုယ်စားလှယ်များ၊ ပ–ရ–က–ဖ ဌာနချုပ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပြီး နယ်များတွင် ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်များ သဘောချင်း မတိုက်ဆိုင်သည့်ကိစ္စများ ဖြေရှင်းသည်။

**မေလ – ၆။** ။ည (၈:၀၀) အချိန်တွင် ရန်ကုန်မြို့၊



ပြည်လမ်း၊ ပဲခူးကလပ်၌ မျက်နှာဖြူကုန်သည်ကြီးများနှင့် ဆွေးနွေးသည်။

**မေလ – ၈။** ။ညနေ (၄:၀၀) နာရီအချိန်တွင် ဗိုလ်ချုပ်နေအိမ်၌ ပသျှူးအစိုးရ ကိုယ်စားလှယ်တော်ကြီးများဖြစ်သည့် ဒေါက်တာ ဘဟာနုဒင်နှင့် မစ္စတာဂျာဖင်လေမန်တို့ကို လက်ဖက်ရည်ပွဲဖြင့် ညှိခံသည်။

**မေလ – ၁၀။** ။ ညနေ (၃:၀၀) နာရီအချိန်တွင် သတင်းစာဆရာများကို အရေးပေါ်အစည်းအဝေး ခေါ်ယူပြီး ဦးဘဖေအား ဝန်ကြီးအဖွဲ့မှ ထုတ်ပယ်လိုက်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြသည်။

**မေလ – ၁၂။** ။ည (၈:၀၀) ချိန်တွင် အမေရိကန်အမတ် မစ္စတာပက်ကာ၏ နေအိမ်တွင် ကျင်းပသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**မေလ – ၁၇။** ။ယိုးဒယားဘုရင်၏ ဆွေတော်မျိုးတော်ဖြစ်သော ချန်ဘော မင်းသမီးနှင့် သမီးတော် အာစီ မင်းသမီးတို့ကို တာဝါလိန်းနေအိမ်တွင် ညစာဖြင့် ညှိခံကျွေးမွေးသည်။

**မေလ – ၁၉။** ။ဖဆပလ ပဏာမညီလာခံ ကျင်းပသည်။ တိုင်းပြုပြည်ပြု ပြင်ဆင်မှု ညီလာခံတွင် မိန့်ခွန်းမြွက်ကြားသည်။

**မေလ – ၂၅။** ။ဗြိတိသျှရေတပ်မှ စစ်သင်္ဘော အိပ်ချ်၊ အင်မ်၊ အက်စ် ဖားလ် (H.M.S FAl) (စစ်ရေယာဉ်မေယု) ကို ရေတပ်လက်ထောက်ဗိုလ်ချုပ် ပစ်ချယ်က လွှဲပြောင်းပေးသည်ကို အဆိုပါသင်္ဘောပေါ်၌ပင် လက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



**မေလ – ၃၀**။ ။သတင်းစာကွန်ဖရင့် ပြုလုပ်သည်။

**ဇွန်လ – ၆**။ ။ရန်ကုန်မြို့၊ ပြည်လမ်း၊ ဟံသာဝတီအဝိုင်းအနီးရှိ စာပေဗိမာန်အဆောက်အအုံ၌ လွတ်လပ်သောမြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ဆိုရန်တို ဗီလာ (Sorrento Villa) စီမံကိန်းဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ ထိုစီမံကိန်း၏ တရားဝင်အမည်မှာ 'ပြည်ထောင်စု မြန်မာနိုင်ငံတော် စီးပွားရေး၊ တိုးတက်ရေး နှစ်နှစ်စီမံကိန်း' ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးပညာရှင်များနှင့် ဌာနဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

**ဇွန်လ – ၁၀**။ ။ တိုင်းပြုပြည်ပြုလွှတ်တော် ပထမညီလာခံကို စတင်ကျင်းပသည်။ မဟာဗန္ဓုလပန်းခြံတွင် မိန့်ခွန်းမြွက်ကြားသည်။

**ဇွန်လ – ၁၆**။ ။ ပထမတိုင်းပြုပြည်ပြုလွှတ်တော်၌ အချုပ်အချာအာဏာပိုင် သမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းရန် ဗိုလ်ချုပ်အောင်ဆန်းက အဆိုတင်သွင်းသည်။

**ဇွန်လ – ၁၈**။ ။တိုင်းပြုပြည်ပြုလွှတ်တော်၌ လုံးဝလွတ်လပ်ရေးအဆိုကို တင်သွင်းသည်။

**ဇူလိုင် – ၁၃**။ ။မြို့တော်ခန်းမကြီး၌ ကျင်းသော ပြည်သူ့အစည်းအဝေးကြီးတွင် လက်ရှိတည်နေသော တိုင်းပြုပြည်ပြုလွှတ်တော်၏ ပုံသဏ္ဍာန်နှင့် လွတ်လပ်ရေးကို တစ်နှစ်အတွင်း



ရစေရန် အာမခံကြောင်း၊ လွတ်လပ်ရေးရလျှင် လွတ်လပ်ရေးနှင့် ထိုက်တန်အောင် အလုပ်ကြိုးစားလုပ်စေလိုကြောင်း စသည်များကို ရှင်းလင်းမိန့်ကြားခဲ့၏။

(ဤမိန့်ခွန်းမှာ ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးမိန့်ခွန်းများပင် ဖြစ်၏။)

**ဇူလိုင် – ၁၉**။ ။နံနက် (၁၀:၃၅) နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ အတွင်းဝန်ရုံး (ယခုဝန်ကြီးများရုံး)၌ အနာဂတ်ဖွဲ့စည်းပုံအုပ်ချုပ်ရေးအ[illegible] အခြေခံဥပဒေကိစ္စရပ်များ စည်းဝေးနေစဉ် နယ်ချဲ့လက်ပါးစေ မသမာသူတို့၏ လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် အခြားဝန်ကြီး ခြောက်ဦး၊ အတွင်းဝန်တစ်ဦး၊ သက်တော်စောင့်တစ်ဦးတို့နှင့်အတူ လုပ်ကြံခြင်းကို ခံရကာ ကျဆုံးခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့သော ခေါင်းဆောင်များမှာ–

(၁) ဗိုလ်ချုပ်အောင်ဆန်း (၁၉၁၅–၁၉၄၇) ဝန်ကြီးချုပ်

(၂) သခင်မြ (၁၈၉၇– ၁၉၄၇) ပြည်ထဲရေးဝန်ကြီး

(၃) ဦးဘချို (၁၈၉၄–၁၉၄၇) ပြန်ကြားရေးဝန်ကြီး

(၄) ဦးရာဇတ် (၁၈၉၈–၁၉၄၇) ပညာရေးနှင့်အမျိုးသားစီမံကိန်းဌာနဝန်ကြီး

(၅) ဦးဘဝင်း (၁၉၀၁–၁၉၄၇) ထောက်ပံ့ရေးနှင့် ကုန်သည်ရောင်းဝယ်ရေးဌာနဝန်ကြီး

(၆) မန်းဘခိုင် (၁၉၀၃–၁၉၄၇) စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



(၇) မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း (၁၉၀၇-၁၉၄၇) အတိုင်ပင်ခံ တောင်တန်းဒေသရေးရာ ဝန်ကြီး

(၈) ဦးအုန်းမောင် (၁၉၁၃-၁၉၄၇) လမ်းပန်းဆက်သွယ်ရေးဌာန အတွင်းဝန်

(၉) ရဲဘော်ကိုထွေး (၁၉၂၉- ၁၉၄၇) ပညာရေးဝန်ကြီး၏ သက်တော်စောင့်တို့ ဖြစ်ကြပါသည်။

ဤကား ဗိုလ်ချုပ်အောင်ဆန်း၏ မွေးဖွားစဉ်မှ အသက်စွန့်လွှတ်ခဲ့ရသည့်အထိ ထာဝစဉ်သမိုင်းဝင် သမိုင်းတွင်နေမည့် ရက်စွဲများပင် ဖြစ်ပါသတည်း။

❒

## ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်ခွန်း

ဤမိန့်ခွန်းကား ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်၊ မြို့တော်ခန်းမကြီး၌ ကျင်းပပြုလုပ်သော 'ပြည်သူ့အစည်းအဝေးကြီး' တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပြောကြားခဲ့ခြင်းဖြစ်၏။

ဗိုလ်ချုပ် မကျဆုံးခင် (၆) ရက်အလို၌ ဟောကြားခဲ့ခြင်းဖြစ်ရာ... မြန်မာ့လွတ်လပ်ရေးအတွက် လွန်စွာမှအရေးပါလှပြီး၊ မြန်မာနိုင်ငံအား လုံးဝလွတ်လပ်ရေးရစေချင်သော၊ ပြည်သူလူထုအပေါ် ချစ်ခင်သော၊ တိုင်းရင်းသားပြည်သူအပေါင်းကို စည်းလုံးစေချင်သော၊ ပြည်သူလူထုကိုလည်း လွတ်လပ်ရေးနှင့် ထိုက်တန်

www.burmeseclassic.com

www.burmeseclassic.com



သည့် ပြည်သူလူထုဖြစ်စေချင်သော၊ မြန်မာနိုင်ငံအား အစစ အရာရာ သာလွန်တိုးတက်ကောင်းမွန်စေချင်သော ဆန္ဒသဘော ထားများ၊ ဆန်ရှင်းနာနာဖွပ်သော စေတနာများကို တွေ့ရှိရမည် ဖြစ်ရာ ကောက်နုတ်တင်ပြလိုက်ပါသည်။

● ...“လွတ်လပ်ရေးဆိုတာဟာ ကိုယ်တစ်ဦးတစ်ယောက် ကောင်းစားဖို့ဖြစ်စေ၊ တစ်မျိုးသားလုံးကောင်းစားဖို့ဖြစ်စေ၊ လုပ်တဲ့နေရာမှာ အခြားတစ်ဦးတစ်ယောက်ရဲ့ အကျိုးကို မထိခိုက်ဘဲနဲ့၊ အခြားလူတွေရဲ့အကျိုးကို မထိခိုက်စေဘဲနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်တာ ဟာ လွတ်လပ်ရေးပါပဲ။

... အခြားနိုင်ငံရဲ့လွတ်လပ်ရေးကို သွားနှောင့်ယှက် တဲ့ လွတ်လပ်ရေးဟာ လွတ်လပ်ရေးကို မဟုတ်ဘူး။ ဒါ ဟာ ရမ်းကားမှုသာ ဖြစ်တယ်။

... လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။

... ပဒေသာပင်ပေါက်အောင်ဆိုရင် ကျွန်တော်တို့... အလုပ်လုပ်မှ ဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင် တယ်။ အဲဒီတော့ လွတ်လပ်ရေး ရပင်ရငြားသော်လည်း လွတ်လပ်ရေးရဲ့တာဝန်တွေကို ကျွန်တော်တို့က မထမ်း ဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ



ဒီကနေ့ရပြီး နက်ဖြန်ခါ တခြားလက် ပြန်ပါသွားမှာပဲ ဆိုတာ ခင်ဗျားတို့ သိစေချင်တယ်။

... ဒီတော့ အဲဒီလွတ်လပ်ရေးရတဲ့အခါမှာ ကျွန်တော် တို့ အခုတင်က စီမံကိန်းအမျိုးမျိုးနဲ့ လုပ်ဆောင်မှ အနှစ် ၂၀ လောက်၊ ကျွန်တော်တို့ စကားခပ်ရိုင်းရိုင်းပြောရရင် ... စကားခပ်ရိုင်းရိုင်းပြောရတယ်ဆိုတာ စကားခပ်ရိုင်းရိုင်း ပြောမှ လူတွေက မှတ်မိတယ်။ စကားခပ်ရိုင်းရိုင်းဆိုရင် အတော့်ကို ဖင်ပြဲအောင် ကြိုးစားနိုင်မှ၊ လုပ်နိုင်မှ၊ အဲဒါ အတော့်ကို ကုန်းလုပ်နိုင်မှ၊ ရုန်းလုပ်နိုင်မှ အနှစ် ၂၀ လောက် ရှိတဲ့အခါမှာ တော်ကာကျမယ်။

... အဲဒီလို မဟုတ်ဘဲ ခင်ဗျားတို့ အလုပ်မလုပ်ဘဲ နေမယ်ဆိုလို့ရှိရင် ယိုးဒယားပြည်ရဲ့ အဆင့်အတန်းတောင် မီမှာ မဟုတ်ဘူး။ ယိုးဒယားပြည်ဆိုလို့ရှိရင် လွတ်လပ်တဲ့ နိုင်ငံထဲမှာ ခပ်ညံ့ညံ့ပဲ။ ညံ့ညံ့ပင် ဖြစ်ပေမယ့် ကျွန်တော် တို့ဗမာပြည်နဲ့ စာလိုက်ရင်တော့ ကျွန်တော်တို့ဗမာပြည် လွတ်လပ်ရင် လွတ်လပ်ချင်းပဲ ယိုးဒယားပြည်က ကျွန် တော်တို့ထက်တော့ သာတာပဲ။ ဘယ်လိုသာမလဲဆိုလို့ ရှိရင် စစ်တပ်တွေဆိုရင်လည်း ကောင်းကောင်းရှိတယ်။ ရေတပ်တွေလည်း ရှိတယ်။ လေတပ်တွေလည်း ရှိတယ်။ အခြားစစ်တပ်တွေလည်း တော်တော်များများရှိတယ်။ အဲဒီ ယိုးဒယားက ရှိတော့ရှိတယ်။ ကျွန်တော်တို့မှာ အဲဒီလို မရှိသေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



... ဒီတော့ ကျွန်တော်တို့က တကယ်ပဲ သုညကစပြီး အကုန်လုံးပြန်ပြီး အုတ်မြစ်ချပြီး အကုန်လုပ်ရမှာဆိုတော့ အခြားနိုင်ငံတွေက ခြေလှမ်းတစ်လှမ်းလှမ်းရင် ကျွန်တော်တို့က ခြေလှမ်း ၄, ၅, ၁၀ လှမ်း လှမ်းနိုင်မှ။ အဲဒီလို လိုက်နိုင်တဲ့အခါကျမှ နောက် ၁၀ နှစ်၊ အနှစ် ၂၀ တန်သည်အားဖြင့် အဲဒီလို တန်းတူညီတူ ဖြစ်သွားမယ်။ တန်းတူညီတူ မဖြစ်သမျှ ကာလပတ်လုံး ဒီတိုင်းပြည်ကြီးဟာ လွတ်လပ်တယ်ဆိုပေမယ့် ဟိုလူ့မြင်တဲ့အခါမှာ မျက်နှာချိုသွေးရ၊ ဒီလူ့မြင်တဲ့အခါ မျက်နှာချိုသွေးရနဲ့ 'ဖာသည်လို နိုင်ငံမျိုး' ဖြစ်နေမှာပဲဆိုတာ ခင်ဗျားတို့ အတိအလင်း နားလည်ထားစေချင်တယ်။ အားမှ မရှိသေးတာ အဲဒီလို ဖြစ်နေမှာပဲ။ အဲဒီတော့ အင်မတန်ကို ကျွန်တော်တို့ တစ်ခါထဲ ကျွန်တော်တို့တိုင်းပြည်ထဲမှာရှိတဲ့ လူတွေ စည်းစည်းရုံးရုံးနဲ့ ရှိပါမှ ဖာသည်သဘောမျိုး၊ နိုင်ငံမျိုး မဖြစ်ဘဲနေမှာ။

... အဲဒီတော့ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသား လူထု ညီညွတ်ရေး၊ စားဖားသမားတွေ ညီညွတ်တာ ကျွန်တော် မလိုချင်ပါဘူး။ တိုင်းရင်းသား အချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေးနှစ်ခု, မရှိသမျှ ကာလပတ်လုံး ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ်သော်ငြားလည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ်၊ 'ဖာသည်တိုင်းပြည်' ဖြစ်နေမှာပဲလို့ ကျွန်တော်ပြောချင်တယ်။ အဲဒီတော့ကာ ဒီနှစ်ခု ခင်ဗျားတို့



မပျက်ပြားပါစေနဲ့။ ဘယ်သူက ဘာလုပ်လုပ် မပျက်ပါစေနဲ့။ အဲဒါ အင်မတန် အရေးကြီးပါတယ်။

... ကျွန်တော်ကတစ်ခါ ခြင်္သေ့မင်း ဥပမာကို ပြောရမယ်ဆိုရင် ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာ,ငယ်တာကို ပဓာနမထားဘဲနဲ့ ကြီးကြီး, ငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလို ထုံးစံအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်ဘူး။ ဆထက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့ လိုတယ်။

... ကျွန်တော်တို့ ဗမာတွေမှာ စောက်ကျင့်တစ်ခုရှိတယ်။ ဘာစောက်ကျင့်ရှိသလဲဆိုရင်၊ ဒါကလည်းပဲ ကျွန်တော်တို့ကျွန်ဖြစ်ခဲ့ကြရတဲ့အတွက် ဖြစ်ချင်ဖြစ်မယ်။ ဘာလဲဆိုတော့... ကျွန်တော် ဂျပန်ခေတ်တုန်းက ပုသိမ်ဘက်ကို သွားတဲ့အခါ လှေပြိုင်ပွဲတစ်ခုရှိတယ်။ လှေပြိုင်ပွဲလုပ်ခဲ့တယ်။ လှေပြိုင်ပွဲလုပ်တဲ့အခါမှာ ဘာဖြစ်သလဲဆိုတော့ လှေတွေပြိုင်လိုက်တာ၊ နှစ်စင်းပြိုင်တဲ့အခါမှာ နိုင်တဲ့အစင်းက ပန်းတိုင်မရောက်သေးဘူး။ ရှေ့ကိုနည်းနည်းလောက်ရောက်တယ်ဆိုရင် တက်ထောင်တယ်။ ကြွားတယ်။

တစ်ခါရှုံးတဲ့နောက်ကနေတဲ့ လှေကလည်းပဲ ပန်းတိုင်မရောက်သေးဘူး၊ ကြိုးစားချင် ကြိုးစားနိုင်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



မကြိုးစားချင်တော့ဘူး။ 'ရှုံးတော့မှာပဲကွာ'ဆိုပြီး ခြေပစ်လက်ပစ်နဲ့ တက်မခတ်ချင်တော့ဘူး။ ဒါဟာ ဘာလည်းဆိုရင် တကယ့်တိုင်းပြည် ထူထောင်တဲ့နေရာမှာ လွတ်လပ်တဲ့လူမျိုးနဲ့ ထိုက်တန်တဲ့ စိတ်ဓာတ်မျိုးမဟုတ်ဘူး။ အဲဒီစိတ်ဓာတ်မျိုးဟာ ကျွန်ဖြစ်မယ့် စိတ်ဓာတ်မျိုး။ ကျွန်ရဲ့စိတ်ဓာတ်မျိုး။ ဒီစိတ်ဓာတ်မျိုးရှိနေသမျှ ကာလပတ်လုံး ကျုပ်တို့ဗမာတွေ ကျွန်ဖြစ်နေမှာပဲ။ လွတ်လပ်ရေးရရင်လည်း မြန်မြန်ကျွန်ဖြစ်မှာပါပဲ။

နောက်ဆုံးတစ်နေ့ မရှုံးတဲ့တိုင်အောင်၊ ကျွန်မဖြစ်တဲ့တိုင်အောင် 'ဖာသည်လွတ်လပ်ရေး' ဖြစ်နေမှာပဲ။ ဘယ်လိုလဲဆိုရင် အကျင့်က အဲဒီလို နည်းနည်းလေးနိုင်လာတယ်၊ ရှေ့က သာလာတယ်ဆိုရင် တက်ထောင်ချင်တဲ့ အကျင့်ရှိတယ်။ လှေတစ်စင်းဟာ အဲဒီလို ရှေ့က 'သာ'လာလို့ တက်ထောင်လိုက်တာနဲ့ ပွဲတစ်ပွဲကို ရှုံးသွားတယ်။ အဲဒီလိုဖြစ်တယ်။

... ဂျပန်ခေတ်တုန်းက ဂျပန်ခေတ် ဗမာ့လွတ်လပ်ရေး၊ ဘုရားစူး ဗမာ့လွတ်လပ်ရေးတုန်းကဆိုလို့ရှိရင် လွတ်လပ်ရေးရပြီဆိုပြီးတော့ကာ... ဟင်္သာတနယ်ထဲမှာ ကျွန်တော် တွေ့ခဲ့တယ်။ 'ဟာ... လွတ်လပ်ရေးရပြီကွ'ဆိုပြီးတော့ လူတကာသွားတဲ့ လမ်းမပေါ်မှာ ထွက်ပြီး ဆေးတွေ လှန်းတယ်။ အဲဒီတော့... လမ်းသွားလမ်းလာတဲ့သူတွေ အတော်ဒွကျတယ်။ အဲဒါဟာ လွတ်လပ်ရေး မဟုတ်ဘူး။



ဘောလုံးပွဲကို... ကြည့်။ ကျွန်တော်တို့ ဗမာတွေ ဘောလုံးပွဲမှာ ကန်ကြတဲ့အခါမှာဆိုရင် ကိုယ်က ပထမစ, ဂိုးသွင်းရတယ်ဆိုရင် ဒီတော့ အားတက်လာတယ်။ အားတက်လာတာနဲ့၊ ကျန်တာနဲ့၊ ပြုံတာနဲ့ နောက်တစ်ခါ ဒီလိုဖြစ်တဲ့အခါမှာ တော်တော်လေး ဂိုးလေးများများ ရလာတယ်ဆိုရင် လျှော့လျှော့ပေါ့ပေါ့ ကန်ချင်လာတယ်။ 'ငါနိုင်မှာပဲ'ဆိုပြီး အဲဒါနဲ့နေပြီး တစ်ဖက်ကနေပြီး နောက်ဆုံးအပြီးသတ်မှာ ကပ်ပြီးပြန်ပြီးတော့ ဂိုးသွင်းသွားလို့ သရေဖြစ်ဖြစ်၊ ရှုံးတာဖြစ်ဖြစ်... ဖြစ်သွားတာမျိုးလည်း ကျွန်တော်တို့ ဘောလုံးရာဇဝင်မှာ ခင်ဗျားတို့ ပြန်စဉ်းစားကြည့်ရင် တွေ့မှာပဲ။

ဒါတင် မကသေးဘူး။ ဒီရှုံးသွားတဲ့ လူကလည်း ဘောလုံးကန်လို့ရှိရင် ပထမပိုင်းမှာ၊ နာရီဝက်မှာ ရှုံးသွားရင်တော့ တော်သေးရဲ့။ ကျန်သေးတဲ့ ဒုတိယနာရီဝက်မှာ ကန်လို့ ၁၀ မိနစ်လောက်ကြာတော့ ကိုယ့်ဘက်က ဂိုးမသွင်းနိုင်ဘူးဆိုရင် အဲဒီအခါကျရင် လူကိုချတယ်။ ဒါ... ကျွန်တော်တို့ ဗမာဘောလုံးကန်တဲ့ ဘောလုံးပွဲ အကျင့်ပဲ။ အဲဒါ SPORTING SPIRIT မရှိဘူး။ ဒါ... ဘာလဲလို့ဆိုရင် ဗမာတွေ စိတ်ထဲမှာ ဗမာတွေဟာ စိတ်ဓာတ်ထက်တယ်... ဘာ,ညာနဲ့... တစ်လွဲဆံပင်ကောင်းနေတယ်ဆိုတာနဲ့ အတူတူပဲ။ ဒီစကားဟာ ဒီနေရာမှာ သုံးဖို့ဟာတွေပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဗမာတွေ စိတ်ဓာတ်က မဟုတ်တဲ့နေရာမှာ သွားပြီး ကောင်းနေတယ်။ တကယ့်နေရာကျတော့ အသုံးမကျဘူး။ ဗမာပြည်လွတ်လပ်ရေးရအောင် ဆိုတာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာပြည် ပြန်လည်ထူထောင်ရေးလုပ်တဲ့ နေရာမျိုးမှာ အသုံးမချတတ်ဘူး။ ဗမာအချင်းချင်း ချဖို့မှာ လုပ်ချင်တယ်။ အဲဒါမျိုးတွေ လုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး။ ဒီတိုင်းပြည် ဘယ်တော့မှ ပြန်မထူထောင်နိုင်ဘူး။ လွတ်လပ်ရင်လည်း ဘယ်တော့မှ ကျကျနန လွတ်လပ်ရေး မဖြစ်နိုင်ဘူး။

အဲဒီတော့ကာ... ကျွန်တော်တို့ အဲဒီစိတ်ဓာတ်မျိုးကို လုံးဝဖျောက်ပစ်ဖို့လိုတယ်။ ကျွန်တော်တို့ဟာ ဘာအလုပ်ပဲလုပ်လုပ်၊ နောက်ဆုံးတစ်နေ့ ပြီးတဲ့အချိန်မှာ ရှုံးမယ်ထင်တယ်ဖြစ်စေ၊ နိုင်မယ်ထင်တယ်ဖြစ်စေ၊ မလျှော့တမ်းဇွဲနဲ့ လုပ်သွားရတယ်။ စစ်တိုက်တဲ့နေရာမှာလည်း ဒီအတိုင်း သွားရမယ်။

ဗမာပြည်မှာ လူထုညီညွတ်ရေး၊ တိုင်းရင်းသား ညီညွတ်ရေးတွေဟာ မပြိုမကွဲဘဲနဲ့ ဘယ်သူမှ ဖောက်ထွင်းလို့ မရလို့ရှိရင်၊ နောက်ပြီးတော့ကာ လက်ဝဲသမားဆိုတဲ့ လူငယ်နိုင်ငံရေးသမားတွေ ညီညွတ်သည်ထက် ညီညွတ်ရင် အဲဒီအင်အားဟာ ကြီး,ကြီးသလောက် ခင်ဗျားတို့ရဲ့ လွတ်လပ်ရေးဟာ ရတယ်ဆိုပေမယ့် နည်းနေမယ်။ အခွင့်အရေး နည်းနေမယ်။



နောက်တစ်ခါ အဲဒီလို နေရာမှာ နိုင်ငံရေးသမားတချို့ ခြေထိုးတာကို ခင်ဗျားတို့ ယောင်မှားလို့ ဖရိုဖရဲဖြစ်ကြရင် အဲဒါခင်ဗျားတို့ လွတ်လပ်ရေးရမှာမဟုတ်ဘူး။ အဲဒါ အင်္ဂလိပ်က ပေးချင်တာမဟုတ်ဘဲနဲ့ အိန္ဒိယမှာဆိုရင် မယူမဖြစ်တဲ့ အခြေအနေမျိုးကို ရောက်ပါလိမ့်မယ်။ အဲဒီတော့ အဲဒါမျိုးတွေကိုလည်း သတိထားဖို့ရှိပါတယ်။

လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကို ရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစား,စံစားစေချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ကြဖို့ လိုပြီဆိုတာ ကျွန်တော် ကနေ့ ပြောခဲ့ချင်ပါတယ်။

❐

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း



(ဝဲမှယာ) အောင်ဆန်းစုကြည်၊ ဒေါ်ခင်ကြည်၊ အောင်ဆန်းဦး၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်အောင်ဆန်းလင်း

## ဗိုလ်ချုပ်ဆိုတာ ဘယ်လိုလူစားလဲ

●ပြည်သူလူထုတစ်ရပ်လုံး၏ နှလုံးသည်းပွတ်ဖြစ်သော အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မသမာသူ သစ္စာဖောက် ပုဆိန်ရိုးတို့၏ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျဆုံးခဲ့ရသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၂၉) ရက် အင်္ဂါနေ့တွင် 'မြန်မာနိုင်ငံတော် တိုင်းပြုပြည်ပြုလွှတ်တော် ဒုတိယညီလာခံ' ကျင်းပရာ ထိုညီလာခံမှ ထိုစဉ်က ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော သခင်နုက 'ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံး၍ ဝမ်းနည်းကြောင်းအဆို' ကို တင်သွင်းခဲ့ပါသည်။

အဆိုပါ မှတ်တမ်းသည် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေသဘောထား၊ တိုင်းပြည်နှင့် လူထုအပေါ် ချစ်ခင်မှု၊ စည်းစိမ်ဥစ္စာ မမက်မောမှု၊ ကိုယ်ကျိုး

www.burmeseclassic.com

www.burmeseclassic.com



ရာစိတ်ဓာတ် ကင်းမဲ့မှု၊ အဆင်းရဲ အပင်ပန်းခံနိုင်မှု၊ သတ္တိဗျတ္တိ ကောင်းမှု၊ ရိုးသားခြင်းကို အခြေခံလျက် တစ်တိုင်းတစ်ပြည်လုံး ကို စည်းရုံးနိုင်မှု စသည့်... စသည့် ဗိုလ်ချုပ်၏ ပကတိ အရည်အချင်းများကို ဖော်ပြနိုင်သော မှတ်တမ်းမှတ်ရာ ဖြစ်ပါ သည်။ အဆိုပါမိန့်ခွန်းမှတ်တမ်းအား မူရင်းအတိုင်းပင် ရှာဖွေ တင်ပြလိုက်ပါသည်။

* * *

●... ရှေးဦးစွာ ကျွန်တော်တို့ရဲ့ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းဟာ ကျွန်တော်နဲ့ ယူနီဗာစီတီကောလိပ်ကျောင်းမှာ ၁၉၃၄ – ၁၉၃၅ ခုနှစ်က စပြီးတွေ့ရပါတယ်။ အဲသည်အချိန်က ဆိုလျှင် ဗိုလ်ချုပ်ဟာ ကိုအောင်ဆန်းလို့ပဲ အမည်တွင်ပါသေး တယ်။

ကျွန်တော်တို့တွေ့ကြပုံက အဲသည်အချိန်မှာ ကိုအောင်ဆန်း က အိုင်အေအထက်တန်းမှာ သင်နေတုန်းပါပဲ။ ကျွန်တော်က တော့ ဘီအေအောင်ပြီး၊ ဥပဒေတန်းတက်ပြီး တတိယအကြိမ် ကျောင်းပြန်ရောက်သွားတဲ့အခါ ဖြစ်ပါတယ်။ သည်တော့ ကျွန်တော် ပြန်ရောက်သွားတဲ့အခါမှာ ကောလိပ်ကျောင်းမှာ နောင် ရာဇဝင်တွင်မည့် ပုဂ္ဂိုလ်သုံးယောက် ရောက်နေတာ ကျွန်တော် သတင်းကြားရပါတယ်။ အဲသည်ပုဂ္ဂိုလ်တွေ ရှိတဲ့ အကြောင်းကို ယခု ဖဆပလရဲ့ကိုယ်စားလှယ်အဖြစ် ဘိလပ်မှာ ဆောင်ရွက်နေတဲ့ ကိုအုန်းက ပြောပါတယ်။



"သည်သုံးယောက်ဟာ လူထူးလူဆန်းတွေ၊ ခင်ဗျားနဲ့ မိတ်ဆွေဖွဲ့ပေးချင်တယ်။ လာပါ..."

ဆိုပြီး လူထူးလူဆန်းတွေရဲ့ အခန်းကို ခေါ်သွားတာနဲ့ ကျွန်တော်လည်း သွားပြီးတွေ့ပါတယ်။ တွေ့တဲ့အခါမှာ ဘယ်သူ တွေနဲ့ တွေ့ရသလဲဆိုတော့ ယခု ကျွန်တော်တို့ရဲ့ခေါင်းဆောင် ကြီး ထိုအခါက 'ကိုအောင်ဆန်း'ဆိုတဲ့လူရယ်၊ ယခုပြည်ထဲ ရေးဝန်ကြီး လုပ်နေတဲ့ 'ဦးကျော်ငြိမ်း'၊ နောက်... တိုင်းပြည်မှာ 'တက်ဘုန်းကြီးဦးသိမ်းဖေ'လို့ နာမည်ကျော်တဲ့ 'ကိုသိန်းဖေ' အဲသည်ပုဂ္ဂိုလ်တွေ တွေ့ရပါတယ်။ အဲသည်လို တွေ့ရတဲ့အခါမှာ ကိုအောင်ဆန်းဟာ သူများနဲ့ မတူအောင် ထူးခြားတဲ့အမူအရာ တွေကို စပြီးတွေ့ရတာပဲ။

ဥပမာ... စပြီးတွေ့ကြတယ်ဆိုလျှင် တစ်ယောက်နဲ့ တစ် ယောက် ဟက်ဟက်ပက်ပက် နှုတ်ဆက်ကြတယ်။ ပြောကြ ဆိုကြတယ်။ သူတစ်ယောက်တည်းကပဲ ဘာမှမပြောပဲ ငုတ်တုတ် ထိုင်နေတယ်။ ဒီတော့ တော်တော်ထူးဆန်းတဲ့ ပုဂ္ဂိုလ်ပဲလို့ အောက်မေ့ပြီး အဲသည်နေ့က အချိန်ကုန်ပြီး ပြန်ခဲ့ရပါတယ်။ အဲသည်မှာ တွေ့တဲ့အကြောင်းကို အကြောင်းပြုပြီး လမ်းမှာ တွေ့တဲ့ခါ 'ဘယ်သွားမလို့လဲ...'၊ 'ဘယ်လာကြမလဲ...'၊ 'ဘာလုပ်မလို့လဲ...'ဆိုပြီး နှုတ်ဆက်ကြတယ်။ ကိုသိန်းဖေ၊ ကိုကျော်ငြိမ်းတို့ကသာ အဲသည်လို နှုတ်ဆက်ကြတယ်။ ကိုအောင်ဆန်းကတော့ နှုတ်ဆက်ပေမယ့် လှည့်မကြည့်ဘဲ လျှောက်သွားချင် သွားတာပဲ။ ပြန်ပြောချင်မှပြောတယ်။ ရပ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပြီး လျှောက်သွားချင်သွားတာပဲ။ သူမပြောဘူးဆိုပြီး သူ့ကို ဖာသိဖာသာ နေလိုက်ပေမယ့် အဲသည်အခါမှာ အပိုမပါ ပြောစရာရှိတာ လာပြီးပြောတာပဲ။

ကျွန်တော်ကတော့ သူ့အကြောင်းမသိဘူး။ တွေ့တာလည်း နောက်ကျနေတယ်။ တစ်နေ့ကျတော့ ကိုသိန်းဖေကို...

"အဲသည် ကိုအောင်ဆန်းဆိုတဲ့လူဟာ ဘယ်လိုလူစားလဲ။ လမ်းတွေ့ရင် နှုတ်ဆက်လို့လည်း မရဘူး။ ပြုံးလို့လည်း မရဘူး။ သူ့ကို လူထူးလူဆန်းတစ်မျိုးပဲ"

လို့ အဲသလို အမှတ်သညာထားလိုက်တယ်။ နောက် ၆ လလောက်ကြာတော့ သူနဲ့ ရင်းရင်းနှီးနှီး ပေါင်းလိုက်တဲ့အခါကျတော့ ကိုအောင်ဆန်းဟာ အပိုတွေဆိုရင် ဘာမျှမလုပ်ချင်ဘူး။ လောကွတ်ဆိုတာ သူ သာပြီး အယုံအကြည် မရှိသေးတယ်။ လောကွတ်ပြောနေတဲ့လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက်ညာနေတဲ့လူပဲ။ ဒီတော့ တစ်ယောက်နဲ့ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းရမယ့်လူတွေဟာ လောကွတ်တွေ ဘာတွေ အပိုအလုပ်တွေပြောနေဖို့မလိုဘူး။ ပြောစရာရှိတာပြော၊ ဆိုစရာရှိတာတွေဆို၊ အရေးရှိတဲ့အခါမှာ ပြောဆိုဖို့၊ ဆွေးနွေးစရာရှိတာဆွေးနွေးဖို့... ဒါပဲ။ အဲသည်အခါမှာ သွားတွေ့တော့ ကိုအောင်ဆန်းဟာ ကျွန်တော်ထင်တဲ့အတိုင်း ကတ်သီးကတ်သတ် လူတစ်မျိုး မဟုတ်ဘဲ အတိအကျကို လိုလားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုပြီး ကျွန်တော်တို့ တွေ့ရပါတယ်။

နောက်... သည်နှစ်ပြီးတော့ ၁၉၃၅ – ၃၆ ခုနှစ်လောက်



မှာ တက္ကသိုလ်သမဂ္ဂအသင်း ရွေးကောက်ပွဲလုပ်ကြတယ်။ သည်ရွေးကောက်ပွဲမှာ ကိုအောင်ဆန်းတို့၊ ကိုကျော်ငြိမ်းတို့၊ ကိုသိန်းဖေတို့ စိမ်ချက် တိုက်တွန်းချက်အရ ကျွန်တော်က ဥက္ကဋ္ဌအဖြစ်အရွေးခံရတယ်။ ကိုအောင်ဆန်းတို့၊ ကိုကျော်ငြိမ်း၊ ကိုသိန်းဖေတို့၊ မစ္စတာရာရှစ်တို့က အမှုဆောင်လူကြီးအဖြစ်နဲ့ ဝင်ပြီးအရွေးခံရတယ်။ အားလုံး ကျွန်တော်တို့လူချည်းပဲ ရတယ်။ သည်တော့ကျွန်တော်တို့လူတွေချည်းပဲ တက္ကသိုလ်သမဂ္ဂအသင်းမှာ စည်းစည်းလုံးလုံးနဲ့ ကျွန်တော်တို့လူတွေချည်း လုပ်လိုက်ကြတာ သပိတ်မှောက်ကိစ္စကြီး ဖြစ်ပေါ်လာတဲ့အထိ ဖြစ်တယ်။

သည် သပိတ်မှောက်တဲ့ကိစ္စကြီးထဲမှာ တိုင်းပြည်က ဟိုတစ်ခါတုန်းက သိကြတာက ကျွန်တော့်ကို ကျောင်းကထုတ်ပစ်လိုက်တဲ့အတွက် သပိတ်မှောက်တယ်လို့ သည်လိုသိကြတယ်။ အမှန်က သည်လိုမဟုတ်ပါဘူး။ ဖြစ်ရတဲ့အဖြစ်အပျက်အမှန်ကို ပြောရမယ်ဆိုရင် သပိတ်မှောက်တဲ့အခြေအနေ ဆိုက်ရောက်သွားရတာက ကိုအောင်ဆန်းကို ကျောင်းထုတ်လိုက်လို့ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို ကျောင်းထုတ်ပစ်လိုက်တယ်ဆိုတဲ့သတင်း ကျွန်တော့်ဆီရောက်လာတော့ စာမေးပွဲနီးနေပြီ။ ကျောင်းသားတွေစာကြည့်မပျက်စေချင်ဘူး။ ကျွန်တော့်ကို ကျောင်းထုတ်ပစ်လိုက်တယ်ဆိုတဲ့သတင်းကို ကျောင်းသားတွေသိရင် ကျောင်းသားတွေဆူဆူပူပူဖြစ်တော့မှာပဲဆိုတာ ကျွန်တော်သိတယ်။

ကျွန်တော့်ကို ကျောင်းထုတ်လိုက်တယ်ဆိုတဲ့စာ အိတ်ထဲကို ထည့်ထားပြီးတော့ တိတ်တိတ်ပဲ နေလိုက်တယ်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကစ တစ်ရာဆိုသလို ကျောင်းသားတစ်ယောက်က နောက်တစ်ယောက်ကို ပြောတာနဲ့... သတင်းပွလာတဲ့အခါ ကျတော့ အမှုဆောင်အဖွဲ့က ကျွန်တော့်ကို လာပြောတယ်။

"ခင်ဗျားကိုကျောင်းက ထုတ်ပစ်တာ ကျွန်တော်တို့ ကြားတယ်။ အဲဒါအရေးယူရမယ်။ ခင်ဗျားက အရေးမယူ ချင်ပေမယ့် ခင်ဗျားကိုယ်ခင်ဗျား မပိုင်ဘူး၊ အမှုဆောင် အဖွဲ့က ပိုင်တယ်"

လို့ပြောပါသေးတယ်။ သည်တော့ ကျွန်တော်က အမှုဆောင်အဖွဲ့ကို–

"ဘာမျှအရေးတယူ လုပ်မနေကြပါနဲ့...။ ကျောင်းက ထုတ်ပစ်တာ နာမည်သာရှိတယ်။ ဘီအယ်(လ်)စာမေးပွဲကိုတော့ ဆက်ဝင်နိုင်တယ်။ စာမေးပွဲဖြေပြီးရင်လည်း ကျောင်းကထုတ်ပစ်တဲ့ နာမည်သာရှိတယ်။ ဘာမှ မထိခိုက်ဘူး"

လို့ပြောတယ်။ သည်အတွင်း သတင်းတစ်ခု ထပ်ပေါ်လာတယ်။ လူတစ်ယောက်က သည်အစည်းအဝေးလုပ်နေတုန်း လာပြောပါတယ်။ ဘယ့်နှယ်လာပြောသလဲဆိုရင်–

"ကိုအောင်ဆန်းကိုလည်း အိုးဝေမဂ္ဂဇင်းထဲမှာပါတဲ့ ဆောင်းပါးတစ်ပုဒ်ကြောင့် ကျောင်းဆရာကြီးက ကျောင်းက ထုတ်ပစ်လိုက်တယ်ဆိုတဲ့ သတင်းတစ်ခု ကြားရတယ်"

လို့လာပြောတယ်။ ဒါနဲ့... ဟုတ်သလား၊ မဟုတ်ဘူးလား ဆိုတာကို ယူနီဗာစီတီ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဘလွင်ဆီကို ကျွန်တော်က ချက်ချင်း အမေးခိုင်းတယ်။ ဟုတ်တယ်ဆိုတာ



သိကြတော့ စိတ်ကို ထိန်းလို့မရတော့ဘူး။ ကျွန်တော်ကစ ထိန်းလို့မရတော့ ကျန်တဲ့အမှုဆောင်အဖွဲ့ကလည်း စိတ်ထိန်းလို့ မရတော့ဘူး။ ဒါနဲ့ အစည်းအဝေးခေါ်ပြီး အမှုဆောင်အဖွဲ့က ကျောင်းသားတွေကို–

"ဥက္ကဋ္ဌ ကိုနုနဲ့ အယ်ဒီတာ ကိုအောင်ဆန်းတို့ကို ကျောင်းက ထုတ်ပစ်လိုက်တဲ့အတွက် ကျွန်တော်တို့ အမှုဆောင်အဖွဲ့က စာမေးပွဲ ဝင်မဖြေတော့ဘူး"

သည်လောက်ပြောပြီး ရပ်ထားတယ်။

"ခင်ဗျားတို့ စာမေးပွဲမဝင်ရင် ကျွန်တော်တို့လည်း မဝင်ဘူး"

ဆိုပြီး သပိတ်မှောက်တာပဲ။ ဒါကို ကြည့်ရခြင်းအားဖြင့် ဟိုအခါတုန်းက ထင်ကြတဲ့အတိုင်း ကျွန်တော့်ကို ကျောင်းက ထုတ်ပစ်လို့ သပိတ်မှောက်တာမဟုတ်ဘဲ Immediate Cause ချက်ချင်းလက်ငင်းဖြစ်တာက အယ်ဒီတာ ကိုအောင်ဆန်းကို ကျောင်းကထုတ်ပစ်လိုက်လို့ဆိုတာ ကျွန်တော်ထပ်ရှင်းပါတယ်။

သည်သပိတ်ကိစ္စကြီး ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ကျောင်းပြန်တဲ့လူတွေက ပြန်ပြီး၊ ကျွန်တော်က ကိုအောင်ဆန်းကို တိုက်တွန်းပြီး လွှတ်လိုက်ပါတယ်။ ကျွန်တော်တို့ သည်ခေါင်းဆောင်တွေနဲ့ ဥမကွဲသိုက်မပျက် ဖြစ်ရအောင်၊ တည်နေနိုင်အောင် အဆက်ရနေအောင် ခင်ဗျားတို့တစ်တွေ ကျောင်းပြန်ပြီး သည် ကျောင်းသားလူထုကြီးကို ကိုယ့်လက်ထဲက မလွှတ်အောင် ဆိုပြီး လွှတ်လိုက်တော့ ကိုအောင်ဆန်းတို့ ကျောင်းပြန်သွားကြပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျောင်းပြန်သွားပေမယ့် ကျောင်းသားတွေနဲ့ပတ်သက်ပြီး ဘာမျှ မလုပ်နိုင်ဘူး။ နိုင်ငံရေးကို အင်မတန် စိတ်ဝင်စားနေတယ်။

သည်အခါ တိုင်းပြည်မှာ ဘယ်လိုဖြစ်နေသလဲဆိုတော့ သခင်နှစ်ခြမ်းကွဲနေတယ်။ သည်လိုအခြေအနေရောက်လာတယ်။ သခင်ဗစိန်က တစ်ဖက်၊ သခင်ကိုယ်တော်မှိုင်းတို့က တစ်ဖက်၊ သည်လို ကွဲနေတာဟာ ဟိုအခါတုန်းက ဘာပဲပြောပြော တိုင်းပြည်မှာ စွန့်စွန့်စားစားလုပ်နေတာ သခင်တွေပဲ။ သည်လိုလုပ်နေကြတဲ့ သခင်အစည်းအရုံးကြီးဟာ တချို့ခေါင်းဆောင်တွေ အမြော်အမြင်နည်းမှုကြောင့် ဖရိုဖရဲဖြစ်သွားမှာ အင်မတန် စိုးရိမ်လို့ ကျွန်တော်တို့ ကိုအောင်ဆန်းတို့တွေ့ဆုံပြီး ဝိုင်းပင်ကြတယ်။ တိုင်ပင်ကြတော့ သည်လို အင်မတန်စွန့်စွန့်စားစား လုပ်နေတဲ့ အစည်းအရုံးကြီးကို ဥမကွဲသိုက်မပျက်ဖြစ်ရအောင် ကျွန်တော်တို့ တစ်တွေ နိုင်ငံရေးကို ဝင်ပြီးကိုင်မှပဲလို့ သည်လိုသဘောပေါက်လာတယ်။

သဘောပေါက်လာတာနဲ့ ယခုကွန်မြူနစ်ပါတီမှာ ခေါင်းဆောင်လုပ်နေတဲ့ သခင်သန်းထွန်းရယ်၊ ကိုအောင်ဆန်းရယ်၊ ကျွန်တော်ရယ်၊ တို့ဗမာအစည်းအရုံးထဲကို တစ်နေ့တည်း ဝင်ရောက်လာကြတယ်။ သည်တို့ဗမာအစည်းအရုံးကို သခင်အဖြစ်နဲ့ ဝင်ရောက်ကြတဲ့အခါ ကိုအောင်ဆန်းရဲ့ Sterling Qualities ခေါ်တဲ့ အင်မတန်ထူးခြားတဲ့ ဂုဏ်ပုဒ်တွေကို တို့ဗမာအစည်းအရုံးရောက်တဲ့အခါကျတော့ ပိုပြီး မြင်လာတယ်။ ဟိုတစ်ခါတုန်းက ကျောင်းသားအဖြစ်နဲ့ မြင်တာကတော့ သူက စာအရေးအသားမှာ အင်မတန်တော်တယ်။ ဗမာလိုရေးရေး... အင်္ဂလိပ်လိုရေးရေး စကားလုံးဟာ အင်မတန်ပြောင်တယ်။ သည်လိုရေးတတ်တဲ့ သူ့အတိအကျဝါသနာပါတာကိုက အပိုတွေ၊ ရှုတ်တွတ်တွတ်တွေ၊ လောကွတ်စကားတွေလုပ်ဖို့ ဝါသနာမပါဘူး။



တို့ဗမာအစည်းအရုံးကို ရောက်တဲ့အခါကျမှ တကယ့်ကို အစမ်းခံနိုင်တဲ့ အရည်အချင်းကို ကျွန်တော် သွားတွေ့တယ်။ တို့ဗမာအစည်းအရုံးကို ဝင်တဲ့အခါမှာလည်း အပေါ်ယံကြည့်လိုက်တော့ သခင်ဖြစ်သွားတာပဲ တွေ့ကြတယ်။ ဘယ်လောက်တောင် စွန့်စားရတယ်၊ ဘယ်လောက်တောင် အနစ်နာခံရတယ်။ ဘယ်လို အနစ်နာခံရသလဲဆိုတာ ကျွန်တော်တို့ ကောလိပ်ကျောင်းမှာ နေစဉ်အခါတုန်းက မိဘကပို့တဲ့ ပိုက်ဆံကို ဖောဖောသီသီ သုံးလို့၊ ထမင်းကောင်းဟင်းကောင်းစားလို့၊ လက်ဖက်ရည်သောက်ချင်တိုင်း သောက်လို့၊ ဘိုင်စကုပ်ကြည့်ချင်တိုင်းကြည့်ပြီး ပိုးလုံချည် တရွှမ်းရွှမ်းနဲ့... သည်လိုလုပ်နေတဲ့သူတွေဟာ တို့ဗမာအစည်းအရုံးထဲ ရောက်လာကြတဲ့အခါကျတော့ တို့ဗမာအစည်းအရုံးမှာ ဖြစ်ပျက်နေတာက ဟိုအခါတုန်းက နိုင်ငံရေးကို လုပ်နေတဲ့၊ အမှုဆောင်ဌာနချုပ်မှာရှိတဲ့ အမှုဆောင်တွေဟာ ထမင်းတစ်နေ့ကို နှစ်နပ်မှန်မှန်စားဖို့ အင်မတန်ခဲယဉ်းတယ်။

တစ်ခါတလေ ထမင်းတစ်နပ်သာ စားရတယ်။ တစ်ခါတလေ မနက်စာစားလို့ ညစာမစားရဘူး။ တစ်ခါတလေ ညစာ

www.burmeseclassic.com

www.burmeseclassic.com



စားလို့ မနက်စာ မစားရဘူး။ တစ်ခါတလေ လက်ဖက်ရည်နဲ့ တင်းတိမ်ရတယ်။ တစ်ခါတလေ ပြောရင်တောင် ယုံမှာမဟုတ်ဘူး။ အရှင်းတောင် မစားရတာ ရှိတယ်။

"နိုင်ငံရေးကတော့ ကျွန်တော်နားမလည်ဘူး။ သခင်သန်းထွန်းနဲ့ သခင်အောင်ဆန်း... ခင်ဗျားတို့လုပ်ကြဗျာ။ တရားလည်ဟောဖို့နဲ့ ငွေစုဆောင်းပေးဖို့ ကျွန်တော့်တာဝန်ထားပါ"

ဆိုလို့ ကျွန်တော်ငွေထိန်းနဲ့ ဝါဒပြန့်ပွားရေးပဲ ကျွန်တော်ကိုင်နေရတယ်။ ကျွန်တော်ငွေထိန်းဖြစ်တဲ့အခါမှာ တို့ဗမာအစည်းအရုံးဌာနချုပ်မှာ လုပ်နေတဲ့လူတွေဟာ ထမင်းတစ်နပ်လောက်မစားရရင် အောင့်နေနိုင်တယ်။ နှစ်နပ်လောက်ဆိုရင်တော့ အောင့်နေနိုင်သေးတယ်။ နှစ်ရက်လောက် မစားရလို့ မအောင့်နိုင်တဲ့အခါ ဌာနချုပ်ကလူတွေ ကျွန်တော့်ဆီ မကြာခဏ လာပြောတယ်။

"ပိုက်ဆံရှာပေးပါဦး...ကျွန်တော်တို့သည်လို အခြေအနေ ရောက်လာပြီ"

လို့ သည်လိုလာပြောတဲ့သူက တော်တော်များတယ်။ သည်လူတွေကို ကျွန်တော် အပြစ်တင်နေတာ မဟုတ်ပါဘူး။ အမှန်စင်စစ်ကတော့ အူမတောင့်မှ သီလစောင့်နိုင်ဆိုတာလို အူမမှာဘာမှမရှိဘူးဆိုရင် အင်မတန်ခဲယဉ်းတယ်။ ဗိုလ်ချုပ်အောင်ဆန်းက အဲသည်လို ဖြစ်လာတဲ့အချိန်အတောအတွင်းမှာ တစ်ခါဖူးမျှ ကျွန်တော့်ကို–



"ကျုပ် ထမင်းမစားရသေးဘူး။ အဲသည်အတွက် ပိုက်ဆံရှာပေးစမ်းပါ။ ကျုပ်တော့ဖြင့် ဆာတယ်"

စသည်ဖြင့် သည်လို တစ်ခါမျှ ပြောသံမကြားခဲ့ရဘူး။ ဖြစ်သလိုနေသွားတာပဲ။ စားရရင်လည်း စားလိုက်တာပဲ။ မစားရဘူးဆိုရင်လည်း ထိုင်နေတာပဲ။ စာအုပ်ကို ထိုင်ဖတ်ပြီး နေလိုက်တာပဲ။ ပိုက်ဆံရှိတဲ့လူတွေကသာ ထမင်းစားရအောင် 'သခင်အောင်ဆန်းလာပါ...'ဆိုမှ စားလိုက်တာပဲ။ မစားရတဲ့အခါလည်း သည်လို ထိုင်နေတာပဲ။ အဆင်းရဲကို သူအသေအချာခံနိုင်တယ်။ မြန်မာလိုတော့ ဥပေက္ခာတရားပေါ့။ ဘယ်လိုလဲဆိုရင် ကောလိပ်ကျောင်းမှာ ကောလိပ်ကျောင်းသားတို့ သဘာဝအလိုက်ခင်ဗျားတို့လည်း သိတဲ့အတိုင်းပဲ... ကိုယ့်ခုတင်နဲ့ ကိုယ့်ဇာခြင်ထောင် ကိုယ့်ဝှမ်းစောင်ကြီးတွေနဲ့ကိုယ် သန့်သန့်ရှင်းရှင်းပေါ့။ ဗိုလ်အောင်ဆန်းကတော့ ဖြစ်သလိုနေတာပဲ။ ဗိုလ်ချုပ်အောင်ဆန်းတို့နေတဲ့ ကျွန်တော်တို့ တို့ဗမာဌာနချုပ်မှာ အခန်းတစ်ခုရှိတယ်။ ဌာနချုပ်မှာဆိုရင် အမှုဆောင်တွေနေတဲ့ ဌာနချုပ်ပဲ။

အဲသည်မှာဆိုရင် အိပ်ရာလိပ်တွေ ဘာတွေ ကျကျနနရှိတယ်။ သည်အမှုဆောင်အဖွဲ့ဝင်တွေက အိပ်ပြီးရင် လိပ်၊ လိပ်ပြီးတယ်ဆိုရင် မှတ်,ခြင်,ယင်စသည်ဖြင့် ဖုတ်တွေ ဘာတွေ မပေရအောင် တရိုတသေထားလို့ ကိုယ့်ဟာကို ဂရုစိုက်ပြီးနေကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ ဒါတွေကို ဘာမျှ ဂရုမစိုက်ဘူး။ သည်လို အိပ်တယ်၊ အိပ်ရာက ဥပမာပုံဆိုရင် သူ့ခေါင်းဟာ သည်လိုပဲ ထားတယ်။ ခြုံပြီးတဲ့အတိုင်းပဲ ထားတယ်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့အိပ်ဖို့ အချိန်ရောက်ရင် သည်စောင်ကို သည်လိုပဲ ခြုံပြီး အိပ်လိုက်တာပဲ၊ ငါ့စောင်ဟာ မည်းနေပါလား။ ဖုံတွေ တက်နေပါလား။ ငါ့အိပ်ရာမှာ ကြမ်းပိုးတွေနဲ့ပါလား ဆိုတာတွေကို ဂရုမစိုက်ဘဲ နိုင်ငံရေးတစ်ခုတည်းပဲ အာရုံစိုက်နေတာပဲ။ ဗိုလ်ချုပ်အောင်ဆန်းတစ်ယောက်ပဲ အိပ်လို့ရတယ်။ သည့်ပြင်လူအိပ်လို့ မရဘူး။

အဖြစ်အပျက်လေးတစ်ခု၊ တော်တော်ရယ်စရာကောင်းတဲ့ အဖြစ်အပျက်ကလေးတစ်ခု ပြန်ပြောရဦးမယ်။ ဗိုလ်ချုပ်အောင်ဆန်းအိပ်တဲ့ အိပ်ခန်းဟာ အပြင်အပက ကြည့်လိုက်ရင် ဌာနချုပ်မှာ အတော်ကောင်းတဲ့အခန်းပဲ။ အဲသည်အခါမှာ ရေနံချောင်းက ကျွန်တော်တို့ သခင်တွေ၊ သခင်မတွေ ဘုရားဖူးရအောင် လာကြပြီးတော့ ဌာနချုပ်မှာ တည်းခိုတဲ့အခါကျတော့ ဌာနချုပ်က လူငယ်လေးတွေက–

"ခင်ဗျားတို့ ဧည့်သည်တွေ ဖြစ်တယ်၊ အပြင်ဘက်မှာ တော့ မနေကြပါနဲ့"

အဲသည်အခါက သခင်အောင်ဆန်းကလည်း အထွေထွေအတွင်းရေးမှူးဖြစ်နေတယ်။

"အထွေထွေအတွင်းရေးမှူးနေတဲ့အခန်းမှာ အိပ်ပါ"

ဆိုပြီးတော့ ထားလိုက်တယ်။ ဟိုလူတွေက ကြွားလို့ပေါ့လေ။ အထွေထွေအတွင်းရေးမှူး အိပ်တဲ့အခန်းထဲမှာ သိပ်တယ်ဆိုပြီး အခန်းထဲမှာ အိပ်နေကြတော့ ညဥ့် ၁၂ နာရီလောက်ကျတော့ အိပ်ရာလိပ်တွေကို လိပ်ပြီးတော့ အပြင်ဘက် ထွက်ပြေးလာကြ



တယ်။ ကြမ်းပိုးတွေကြောင့် နေကို မနေနိုင်ကြဘူး။ ဗိုလ်ချုပ်အောင်ဆန်းတစ်ယောက်တည်း အိပ်နိုင်တယ်။ ကြမ်းပိုးကိုက်တာကို ဂရုစိုက်နေဖို့ သူ့မှာ အချိန်မရှိဘူး။ အဲသည်လို ဥပေက္ခာတရားတွေ လုပ်လာတာတွေ တွေ့ရပါတယ်။ အင်မတန် ဆင်းဆင်းရဲရဲ ဖြစ်နေတာတွေကို ခင်ဗျားတို့ မြင်စေချင်တယ်။ အဲသည်လို ဆင်းရဲတယ်လို့ ညည်းညူသံကို ကျွန်တော်တို့ မကြားရဖူးဘူး။ ကျွန်တော်တို့ဆိုရင် ညည်းညူတာပဲ။ ဥပမာပုံဆိုရင် တစ်ခါတလေ ပိုက်ဆံကလည်း မရှိ၊ ထမင်းကလည်း မစားရသေးဘူး။ လမ်းလျှောက်သွားလို့ ပလာတာဆိုင်က အကြော်အလှော်နံ့တွေကို အခု ဗိုလ်လက်ျာခေါ်တဲ့ သခင်လှဖေ တောက်ခေါက်ပြီး–

"အခုနေ သည်ပလာတာနဲ့ ဆိတ်သားကြော်ကလေးသာ စားလိုက်ရရင်၊ ရေဒီယိုလေးထပြီး နားထောင်လိုက်ရရင် ..."

ဆိုပြီး ညည်းညူမိတယ်။ ဗိုလ်ချုပ်အောင်ဆန်းကတော့ တစ်ခါမျှ ညည်းညူတယ်လို့ မကြားခဲ့ရဘူး။ အဲသည်လို လောကကြီးတစ်ခုလုံးဓိမ်ခံပြီး တင့်တင့်တယ်တယ် ထည်ထည်ဝါဝါနေနိုင်တဲ့ ပုဂ္ဂိုလ်တွေ။ အဲဒါတွေ ဂရုမစိုက်ဘဲ ဥပေက္ခာတရားကို ပိုက်ပြီး အဲသည်လို နေကြတာကို ကျွန်တော်တွေ့ခဲ့ရတဲ့အတော်ဆုံး နိုင်ငံရေးသမား၊ တကယ့်တော်လှန်ရေးသမားပီပီ လုပ်နိုင်တဲ့ လူတစ်ယောက် ဖြစ်ပါပေတယ်လို့ ဟိုအခါကတည်းက လုံးဝစိတ်ထဲမှာ ချီးကျူးခဲ့တယ်။ ရဲဘော်ဟောင်းတွေကလည်း ပြောကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ နိုင်ငံရေးမှာ ဝင်လာပြီဆိုတော့ ကျွန်တော်က သာယာဝတီညီလာခံမှာ ဆုံးဖြတ်ချက်တစ်ခုဖတ်ဖို့ ဖြစ်လာတယ်။ သခင်အောင်ဆန်းက ဇလွန်မှာသွားပြီးတော့ တရားဟောရတယ်။

အဲသည်တရားဟောနေစဉ်မှာ ၁၂၄ (က) ပုဒ်မအရ သူ့ကို အပြစ်ရှိတယ်ဆိုပြီး ဟသ်ာတက ရာဇဝတ်ဝန်ကြီးက လိုက်ပြီးတော့ ဖမ်းရမယ်ဆိုတဲ့အမိန့် ထုတ်လိုက်တယ်။ ကျွန်တော့်ကိုလည်း ညီလာခံမှာ အဆိုကို ဖတ်ပြီးတော့ ဖတ်တဲ့အတွက် ဖမ်းရမယ်ဆိုတဲ့အမိန့် ထွက်လာတယ်။ အဲသည်အခါကျတော့ သည်က ကိုကျော်ငြိမ်းအိမ်မှာပဲ ကျွန်တော်တို့ ရဲဘော်တစ်စု သွားပြီးတော့ စုပြီးတော့ ဆွေးနွေးတိုင်ပင်ကြတယ်။ တိုင်ပင်ကြတဲ့အခါကျတော့ ကျွန်တော်ကတော့ ထုံးစံအတိုင်းပဲ အသရေပျက်အောင် ဟောမိလို့ဆိုရင် အဖမ်းခံ၊ အဖမ်းခံပြီးတော့ ထောင်ကျရင် ထောင်ထဲသွားနေရင် ပြီးတာပဲလို့ သည်လိုပဲ တွက်တယ်။

ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော်တွက်သလို မတွက်ဘူး။ အခုအခါမှာ အင်မတန် အရေးကြီးတယ်။ ထောင်ထဲ သွားနေတယ်ဆိုရင် အပြင်ဘက်က အလုပ်တွေ ဟာကုန်မှာပဲ။ အခုလို အရေးကြီးတဲ့အခါမှာ ပိုပြီးတော့၊ မြေတွင်းအောင်းပြီးတော့ (Untler Ground) အဲသည်လိုဟာတွေ လုပ်ပြီးတော့ တိုင်းပြည်အတွင်းမှာပဲ ဗြိတိသျှစနစ်ကို တိုက်ဖျက်ရမယ်။ နိုင်ငံခြားကို သွားပြီးတော့ အစီအစဉ်လုပ်ရမယ်။ အဲသည်လို အငြင်းအခုံ ဖြစ်ခဲ့ကြတယ်။ နိုင်ငံခြားကိုသွားပြီးတော့ အကူအညီကို



ရှာတန်ရှာပြီးတော့ အလုပ်လုပ်ရပါမယ်။ ဒါပေမယ့် ဟိုအခါတုန်းက ကျွန်တော်တို့က လွှမ်းမိုးလို့ မရဘူး။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ လုပ်ပါမယ်ဆိုပြီးတော့ သခင်အောင်ဆန်းကို မြေတွင်းပုန်းဖို့ အစီအစဉ်တွေ လုပ်ခဲ့တယ်။

သို့သော်လည်း ကျွန်တော်တို့ နောက်ဆုံးမှာ ကွဲသွားတာပဲ။ ဘယ်နေရာမှာလဲဆိုရင် ကျွန်တော်မှတ်မိသလောက်ဆိုရင် အခု မြေနီကုန်းကင်းဂတ်ဆိုတဲ့ အဲသည်နေရာရှေ့မှာပဲ သူပုန်းဖို့ ဘယ်ထိအောင် စီစဉ်ရမယ်ဆိုတာ သည်နေရာမှာ အစီအစဉ်တွေလုပ်ပြီး လွှဲပေးလိုက်တယ်။ ကျွန်တော်ကတော့ အိမ်ပြန်ပြီးတော့ နောက်တစ်နေ့ အဖမ်းခံရတာပဲ။ အဲသည်အခါမှာ သူကိုယ်တိုင်က နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့ ဘယ်လောက်ထိတောင် စဉ်းစားထားတယ်ဆိုတာ ကျွန်တော်တို့ တွေ့ရတယ်။ ကျွန်တော်တွက်တဲ့အတိုင်း ကျွန်တော်က ထောင်ထဲသွားပြီး နေလိုက်တော့ အလကားသက်သက် ၂ နှစ်အချိန်ကုန်သွားတယ်။ ပထမကျကာစကတော့ သူတို့ဖမ်းတာ ကိစ္စမရှိဘူး။ 'မကြောက်ဘူးကွ' ဆိုပြီး ကိုယ့်ကိုယ်ကို နှစ်သိမ့်ပြီးတော့ ဖျော်ဖြေလို့ ရသေးတယ်။

ဒါပေမယ့် ၆ လလောက်နေပြီးတဲ့အခါကျတော့ အပြင်ဘက်မှာသာ သည်အချိန်အခါမှာ ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့ ကျွန်တော်တွဲပြီးတော့ နိုင်ငံရေး လုပ်လိုက်ရရင် အတော်ခရီးရောက်မှာပဲဆိုတာ သိရတယ်။ အဲသည်အခါကျမှ ဗိုလ်ချုပ်အောင်ဆန်းဟာ နိုင်ငံရေးနဲ့ပတ်သက်လာရင် ဘယ်လောက်အထိ အချိန်ယူပြီး စဉ်းစားထားတယ်။ ဘယ်လောက်အထိ အမြော်

www.burmeseclassic.com

www.burmeseclassic.com



အမြင်ကြီးတယ်ဆိုတာ အဲသည်မှာ ကျွန်တော်တို့ သွားတွေ့ရတယ်။

အဲသည်လောက်က စပြီးတော့ လူချင်းကွဲသွားတာ ဂျပန်ခေတ်လာတဲ့အခါ အင်္ဂလိပ်တွေက ကျွန်တော်တို့ကို အိန္ဒိယပြည်ခေါ်မသွားနိုင်တော့ မန္တလေးမှာလွှတ်ပစ်ခဲ့တယ်။ သည်အခါမှာ ဗိုလ်ချုပ်ကလည်း 'ဗိုလ်တေဇ'အမည်ခံပြီးတော့ ဗမာပြည်ထဲကို ဝင်လာတယ်။ ဗမာ့တပ်မတော်ကြီး ခေါင်းဆောင်ပြီးတော့ အဲသလို ဝင်လာပြီးတော့ အစိုးရအဖွဲ့ဖွဲ့ရော။ အဲသည်တော့ ကျွန်တော် ခပ်တိုတို ပြောရမယ်ဆိုရင် ဂျပန်တစ်ခေတ်လုံးမှာ ဘာပဲပြောပြော၊ အစိုးရ ဘယ်လိုပဲ ရှိရှိ၊ တိုင်းပြည်တကယ် ကြည်ညိုနေကြတာကတော့ ဗမာအစိုးရအဖွဲ့မဟုတ်ဘဲ 'ဗိုလ်ချုပ်အောင်ဆန်း'ဖြစ်နေတယ်ဆိုတာ ဘယ်သူမှ ငြင်းလို့ မရဘူး။ ဗမာအစိုးရက ဘယ်လိုအမိန့်တွေ ထုတ်ထုတ်၊ ဗိုလ်ချုပ်အောင်ဆန်း တစ်ခွန်းပြောတာနဲ့ မတူဘူး။ အဲသည်လို တိုင်းပြည်မှာ ဖြစ်နေတယ်။

သည်လောက် အရှိန်အဝါကြီးတယ်။ သည်လောက်ထိ တန်ခိုးအရှိန်အဝါတွေက ကြီးတယ်။ အဲသည်လို ဖြစ်နေတဲ့အချိန်အခါမှာ ဗိုလ်ချုပ်နေရာကို ဗိုလ်ချုပ်မဟုတ်တဲ့ တခြားက ကိုယ့်စိတ်ကိုယ် မထိန်းနိုင်တဲ့လူမျိုး၊ လောဘကြီးတဲ့ လူစားမျိုး၊ အဲသည်လို လူစားမျိုးတစ်ယောက်ယောက် ရှိနေမယ်ဆိုရင် ဂျပန်ခေတ်တုန်းက တစ်သက်မဟုတ်ဘူး။ ဆယ်သက်မကုန်အောင် ပစ္စည်းတွေ စုနိုင်တယ်။ အဲသည်လောက်အထိ ဖြစ်နိုင်တယ်။



ဂျပန်ခေတ်တုန်းက သည်လိုရတဲ့ အရှိန်အဝါ ဩဇာတွေကို အလွဲသုံးစားလုပ်ပြီးတော့ ပိုက်ဆံတွေ သုံးမကုန်နိုင်အောင် စုသွားကြတဲ့လူတွေအကြောင်းကိုလည်း သည်မှာ ကြွလာတဲ့ အမတ်မင်းတွေ အသိပါပဲ။

ဗိုလ်ချုပ်မှာဆိုရင် ရှပ်အင်္ကျီနှစ်ထည်၊ ဘောင်းဘီနှစ်ထည်ပဲ ရှိတယ်။ အဲသည် နှစ်ထည်ထဲမှာ တစ်ထည်ကလည်း ခပ်စုတ်စုတ်လောက်သာ အဖတ်တင်ပြီး ကျန်ရစ်ခဲ့တဲ့ ဗိုလ်ချုပ်ဟာ သူ့လိုအင်မတန်ကြီးကျယ်တဲ့၊ အရှိန်အဝါကြီးကျယ်တဲ့၊ တန်ခိုးဩဇာကြီးမားတဲ့အချိန်အခါမှာ ဘယ်လောက်ထိ ကိုယ့်လောဘကို ဘယ်လောက်အထိ ကိုယ့်စိတ်ကို နိုင်နိုင်နင်းနင်းနဲ့ ချုပ်သွားနိုင်တယ်ဆိုတာကို ထင်ထင်ရှားရှား ခင်ဗျားတို့ သိပါလိမ့်မယ်။ ဟိုတုန်းက ဗိုလ်ချုပ်လိုနေရာမျိုးမပြောနဲ့ ဗိုလ်ချုပ်နေရာထက် ဆယ်ပုံတစ်ပုံလောက်သာ တန်ခိုးဩဇာရှိကြတဲ့ လူတွေတောင်မှ အင်မတန်ကို ပိုက်ဆံချမ်းသာပြီး ထည်ထည်ဝါဝါကြီး ခေတ်သစ်သူဌေး ဖြစ်နေကြတာ ခင်ဗျားတို့လည်း တွေ့မှာပေါ့။ ဒါ ဘယ်သူ့မှ ပြောနေစရာမလိုဘူး။ ခင်ဗျားတို့ကိုယ်တိုင်အမြင်ပဲ။ တိုင်းပြည်လည်း အသိပဲ။ ထုတ်ပြောရင် (Defamation) အသရေပျက်မှုဆိုတဲ့ သည်ပုဒ်မတွေ ဘာတွေနဲ့ စွပ်စွဲမှာစိုးလို့ ပြောချင်ပေမယ့် အသာငြိမ်ပြီး ခံကြရတယ်။ ဘယ်သူအလွဲသုံးစားလုပ်ပြီး ငွေစုသွားတယ်ဆိုတာ ထင်ထင်ရှားရှားပဲ။

ဗိုလ်ချုပ်မှာ ကြည့်မယ်ဆိုရင်... ဗိုလ်ချုပ်လည်း ခဏ,ခဏ ပြောတယ်။ 'ဘယ်ခါမဆို ကျွန်တော် အစစ်အဆေးခံရဲတယ်..."

www.burmeseclassic.com

www.burmeseclassic.com



တဲ့။ ခင်ဗျားတို့လည်း မှတ်မိမှာပေါ့။ ဟိုခေတ်ဟိုအခါတုန်းက သည်အနားဆီက စုတ်နေတဲ့ ကာကီအင်္ကျီတစ်ထည်၊ ကာကီဘောင်းဘီတစ်ထည်ပဲ ရှိတယ်။ ဗမာ့တပ်မတော်ကို ခေါင်းဆောင်ပြီးတော့ လုပ်လာတဲ့ အဲသည် ကာကီအဝတ်အစားနဲ့ပဲ ဗိုလ်ချုပ်ဖြစ်လာတဲ့အခါမှာ သာမန်အဝတ် အစိမ်းရောင်ဖြစ်တဲ့ အဲသည်အပေါ်အင်္ကျီရယ်၊ ဘောင်းဘီရယ်၊ အဲဒါပဲ ကျွန်တော်တို့ တွေ့ရတယ်။ တစ်ခါတလေများ ထမင်းစားပွဲတို့ ဘာတို့ကို ဂျပန်တွေက ဖိတ်လို့ ကျွန်တော်တို့ သွားတဲ့အခါ ဟိုတုန်းက (black-out) မှောင်ချထားတဲ့အခါ ဖြစ်လို့ တံခါးတွေ ပိတ်ထားရတော့ အိုက်တယ်။ အိုက်တော့ ထမင်းစားပွဲတွေမှာ အင်္ကျီချွတ်ချင်ချွတ်ကြပါလို့ ပြောလို့ အိုက်ကလည်း အိုက်လို့ အင်္ကျီချွတ်လိုက်တဲ့ အခါမှာ အပေါ်က သက္ကလပ်အင်္ကျီကလေးပြီး အထဲမှာ ဘာမှမပါဘူး။ အဲသည်လိုဟာတွေကို ကျွန်တော်တို့ တွေ့ရတယ်။ အဲသည်လောက် အင်မတန်ကို ကြိုးကြိုးပမ်းပမ်း စွန့်စွန့်စားစားနဲ့ တိုင်းပြည်ကို သစ္စာမဖောက်ဘဲ မိမိရရှိတဲ့ ဂုဏ်ထူးနဲ့ ဩဇာအာဏာကို အလွဲသုံးစားမပြုဘဲ ဗိုလ်ချုပ်နေခဲ့တယ်ဆိုတာ ကျွန်တော်တို့ ထင်ထင်ရှားရှားတွေ့ရပါတယ်။

နောက်ပြီးတော့ ဒါထက်ထူးချွန်တဲ့အချက်တစ်ခုက ဘာလဲဆိုရင် ဂျပန်စစ်ပုလိပ်ဆိုရင် အားလုံးက ဖိန့်ဖိန့်တုန်နေရတဲ့အချိန်မှာ လက်သည်းခွာမှာ စိုးရတာက တစ်မျိုး၊ ရေနွေးပူနဲ့ပက်မှာ စိုးရတာက တစ်မျိုး၊ ထုပ်မှာ ဓောက်ထိုးဆွဲထားမှာ စိုးရတာက တစ်မျိုး... အမျိုးမျိုး ကြောက်ရတဲ့ခေတ်မှာ ဘယ်သူမှ မှန်တာကို တိုင်းပြည်ကို မပြောရဲဘူး။ အဲသည်လို လူတွေနဲ့ တွေ့ရမယ်ဆိုရင် နှစ်ယောက်တည်းတွေ့တာတောင် မှန်တာကို မပြောရဲတဲ့ခေတ်မှာ ဗိုလ်ချုပ်က ပြောခဲ့တာပဲ။ အဲသည်လိုခေတ်မှာ လူထုရှင်းလင်းပွဲတွေမှာ ဗိုလ်ချုပ်က တိုင်းပြည်ကို မလှည့်စားဘဲ 'လွတ်လပ်ရေးဟာ အစစ်အမှန်မဟုတ်သေးဘူး...'လို့ ဖွင့်ပြောခဲ့တာ ဟိုအခါတုန်းက သတင်းစာဆရာတွေ အကုန်လုံး အသိပဲ။



ဘယ်လောက်များလဲဆိုရင် ဗိုလ်ချုပ်ဟာ လူထုနဲ့တွေ့ပြီး စကားပြောတော့မယ်ဆိုရင် ဂျပန်စစ်ပုလိပ်တွေ၊ စုံထောက်တွေ၊ စစ်ဘက်က အရာရှိတွေဟာ ပြာလောင်ခတ်နေတာတင်မကဘူး၊ ကျွန်တော်တို့လူကြီးတွေပါ ပြာလောင်ခတ်နေတယ်။ ဘာပြုလို့လဲဆိုတော့... ဗိုလ်ချုပ်ဘာတွေများ ဘွင်းဘွင်းဖွင့်ချလိုက်မလဲ။ ဘာတွေ ဖြောင်ဖွင့်ဆော်လိုက်မလဲ။ သည်လိုပြောလိုက်ရင် ကျွန်တော်တို့လုပ်ငန်း အစီအစဉ်တွေ ဘယ်လောက်များ ထိခိုက်သွားမလဲ။ အဲဒါ ဘယ်လိုချုပ်ချယ်မှုတွေ ပေါ်လာမလဲ။ ဗိုလ်ချုပ်ကိုများ သူတို့စစ်ပုလိပ်တွေက ချောင်းသတ်မလားဆိုပြီး သိပ်စိတ်ပူရတယ်။ ဒါမျိုးတွေဟာ သူတို့လုပ်နေကြကိုး။ မန်ချူးကိုးတို့၊ တရုတ်ပြည်တို့မှာဆိုရင် သူတို့သဘောမကျတဲ့ အစိုးရအဖွဲ့ခေါင်းဆောင်တွေ လူကြီးတွေကို တိတ်တဆိတ် ချောင်းသတ်ပစ်တယ်။ ကျွန်တော်တို့က ဟိုတုန်းက ပါနေတာပေါ့။ ပါနေတော့ ဗိုလ်ချုပ်က သည်လိုပွင့်ပွင့်လင်းလင်း လူထုရှေ့မှာ ဖော်ဖော်ပြောနေခဲ့ရင် ဗိုလ်ချုပ်ရဲ့အသက်ကို သည်လူတွေ ရန်ရှာမလား

www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး ကျွန်တော်တို့ရဲဘော်ဖြစ်တဲ့ လုပ်ဖော်ကိုင်ဘက်တွေက အင်မတန်စိုးရိမ်ပူပန်ကြတယ်။

ဗိုလ်ချုပ်က တိုင်းပြည်ကို မလှည့်စားဘဲနဲ့ အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုသွားတာကို တိုင်းပြည်နဲ့ လူထုက ကောင်းကောင်းသိတယ်။ ပြီးတော့... တော်လှန်ရေး အချိန် ရောက်လာတော့ တော်လှန်ရေးကို စီစဉ်တဲ့အခါမှာ လူရင်းတစ်ယောက်အနေနဲ့ ကျွန်တော်ပါရှိနေတော့ တော်လှန်ရေးမှာ ဗိုလ်ချုပ်က ဘယ်လောက်အထိ အရေးပါအရာရောက်တယ်ဆိုတာ ကျွန်တော်သိတယ်။ အမှန်အတိုင်းပြောရရင် သည်တော်လှန်ရေးမှာ ဗိုလ်ချုပ်မပါဘဲ ခေါင်းတိမ်းပြီးနေမယ်ဆိုရင် ဗမာပြည်မှာ တော်လှန်ရေးဟာ ဖြစ်သလောက်တော့ ဖြစ်မယ်။ ဒါပေမယ့် အခုပြီးခဲ့တဲ့ ဖက်ဆစ်တော်လှန်ရေးလို မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဖြစ်မှာမဟုတ်ဘူး။ ဒါကို နိုင်ငံရေးသမားရော၊ နိုင်ငံရေးသမား မဟုတ်နိုင်တဲ့လူရော ဝန်ခံရမယ်။

အဲသည်လို ဗိုလ်ချုပ်မပါရင် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး မဖြစ်မှာစိုးရတဲ့အတွက် ဗိုလ်ချုပ်မပါ–ပါအောင် အတော့်ကို ကြိုးပမ်းခဲ့ကြတယ်။ ကြိုးပမ်းခဲ့တာ ကျွန်တော်ကိုယ်တိုင်အသိ ဖြစ်ပါတယ်။ ဗိုလ်ချုပ်ပါပြီဆိုရင် ဘာတွေဖြစ်ပေါ်လာသလဲဆိုတော့ အဲသည်လို တော်လှန်ရေးသမားတွေ တစ်နေရာက တစ်နေရာ သွားချင်ရင် သွားလို့ရပါတယ်။ ဘယ်လိုသွားလို့ရပါသလဲဆိုရင် ဘီဒီအေ စစ်ဝတ်စစ်စားနဲ့ သွားနိုင်တယ်။ တော်လှန်ရေးတပ်တွေ ဆီကို



လူတွေစေလွှတ်တယ်။ အဲဒါ ဗိုလ်ချုပ်လုပ်ပေးတဲ့ အစီအစဉ်တွေပဲ။

အဲသည်လို တော်လှန်ရေးတွေ စပြီး တိုက်ကြတော့၊ စစ်တိုက်တယ်ဆိုတာ တော်လှန်ရေးတွေ လုပ်တယ်ဆိုတာ များသောအားဖြင့် ခေါင်းဆောင်လုပ်တဲ့လူဟာ ဘယ်တော့မှ ထွက်မတိုက်ဘူး၊ နောက်လိုက်လူတွေကသာ အသေခံပြီး တိုက်ရတယ်။ ခေါင်းဆောင်လုပ်တဲ့လူက အင်မတန်လုံခြုံတဲ့နေရာမှာ နေရတယ်။ အဲဒီလို နေရာကနေပြီး စီမံခန့်ခွဲရတယ်။ ဒါပေမယ့် ဗိုလ်ချုပ်ကတော့ မရဘူး။ သူကိုယ်တိုင် ထွက်တိုက်ချင်တယ်။ သူနဲ့ တစ်ပါတည်း ကျွန်တော်အတူ ပါမသွားတော့ မသိပါဘူး။ ဒါပေမယ့် အတူပါသွားတဲ့ ရဲဘော်တွေ ပြောပြတာ ကြားရတာ အင်မတန် အသည်းထိတ်စရာကောင်းတယ်။

တစ်နေ့မှာ ဗိုလ်ချုပ်တို့ရှိတဲ့နေရာမှာ ကင်းတွေ ချထားတယ်။ အဲဒီကင်းတွေရဲ့ ထွက်ပေါက်တစ်နေရာမှာ ဂျပန်တွေက ဗိုလ်ချုပ်ရှိတဲ့နေရာကို လာနေတာ မြင်နိုင်တဲ့နေရာမျိုးကို ရောက်နေတယ်။ ဗိုလ်ချုပ်ရှိတယ်ကြားလို့ လာတာပဲ။ ဗိုလ်ချုပ်ရှိတဲ့နေရာကို ဝိုင်းပြီး မဲပစ်ကြတယ်။ မဲပစ်တော့ ဗိုလ်ချုပ်နဲ့ အတူရှိတဲ့ လူတွေက 'ဗိုလ်ချုပ်၊ ထိုင်နေပါ'လို့ ပြောကြတယ်။ 'Cover ယူထားစရာ၊ (Trench) တူးမြောင်းထဲမှာ ထိုင်နေပါ...' လို့ပြောတာ ပြောလို့မရဘူး။ ဗိုလ်ချုပ်ကိုယ်တိုင် စက်သေနတ်ပစ်တဲ့ လူအနားမှာသွားပြီးတော့ 'ဘယ်နေရာကိုပစ်' ဆိုပြီး စီမံခန့်ခွဲနေတာကို ရဲဘော်တွေက မြင်ရတယ်။ နောက်ဆုံးကျတော့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရသလဲဆိုရင် ဟိုကလာနေတဲ့ ကျည်ဆန်တွေက လည်း အဆက်မပြတ်လာနေတော့ ဗိုလ်ချုပ်ခါးကို ဖက်ပြီး မြေကြီးပေါ်ကို အတင်းချပြီး ဖိထားရသေးတယ်။ အဲသည်လို ဗိုလ်ချုပ်ဟာ သတ္တိပြတဲ့နေရာကျရင် သူမတူအောင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ပြခဲ့တယ်ဆိုတာ ကျွန်တော်တို့ သိရှိရပါတယ်။

ဒါနဲ့… အခု သည်ခေတ်ရောက်လာတော့ ဖြန်းဆို ဗိုလ်ချုပ်နဲ့လူထု၊ လူထုနဲ့ဗိုလ်ချုပ်… ခွဲမရအောင် ဖြစ်လာတဲ့အခြေအနေကို ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့ရတယ်။ အဲဒါ ဘာလဲဆိုရင် လူထုရဲ့ အကြည်ညိုကို ခံရအောင် လုပ်ရတာဟာ သည်လူမှာ အကြည်ညိုခံရဖို့ အကြောင်းတွေမရှိရင် ဘယ်တော့မှ မဖြစ်နိုင်ဘူး။ သည်ဟာတွေဟာလည်း လွယ်လွယ်နဲ့ရနိုင်တဲ့ ကိစ္စတွေ မဟုတ်ဘူး။ ဗုဒ္ဓဘာသာအရပြောရရင် ဗုဒ္ဓဘာသာမှာ အကြောင်းနဲ့အကျိုး၊ အကျိုးနဲ့အကြောင်းဆိုတာ ရှိတယ်။ သည်အကျိုးဖြစ်ထွန်းတာ သည်အကြောင်းကြောင့် ဖြစ်ထွန်းတယ်။ သည်အကြောင်းမရှိရင် သည်အကျိုး မဖြစ်နိုင်ဘူး။

ဗိုလ်ချုပ်နဲ့ လူထု… လူထုနဲ့ ဗိုလ်ချုပ်၊ ခွဲမရနိုင်အောင် တစ်နိုင်ငံလုံးဟာ အံ့ကြွပြီးနေရတယ်ဆိုတာ ဘာကြောင့်လဲဆိုရင် အဲသည်လို အံ့ကြွပြီးတော့ အကြည်ညိုခံရလောက်အောင် လူထုရဲ့အသည်းစွဲဖြစ်အောင်ဖြစ်တာ ဘယ်လို ကျွန်တော်တို့ မှတ်ယူရမလဲဆိုတာ အဲသည်အကြောင်းတွေဟာ ဗိုလ်ချုပ်မှာ ပါလာတယ်ဆိုတာ ထင်ရှားတာပဲ။ ဘယ်လိုအကြောင်းတွေလဲဆိုရင် တော်လှန်ရေးနှစ်ခုမှာ အသက်စွန့်ပြီး၊ အသက်ကို လက်ထဲမှာ



ကိုင်ပြီး တော်လှန်ခဲ့တဲ့ ရဲစွမ်းသတ္တိတွေ… အဲသည်လို တော်လှန်ဖို့ ချိန်ရောက်လို့ တော်လှန်ဖို့ အမိန့်ပေးနိုင်လောက်အောင် ရှိတဲ့ စွမ်းရည်သတ္တိတွေ၊ ပြီးတော့လည်း လူထုကို ဘယ်အခါမှ မလှည့်စားခဲ့တဲ့ တည်ကြည်ဖြောင့်မတ်မှုတွေ၊ မိမိကိုယ်တိုင် တန်ခိုးတွေ… ဩဇာတွေ အင်မတန်ကြီးကြီးကျယ်ကျယ် ရနေပေမယ့် အဲသည်ဟာတွေကို အလွဲသုံးစား မလုပ်ဘဲနဲ့ …"ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ"ခဲ့တဲ့ ဂုဏ်ပုဒ်တွေ၊ အဲသည်ဂုဏ်ပုဒ်တွေဟာ အသည်းစွဲ မဖြစ်ဘဲ မနေနိုင်အောင်ကို ဖြစ်တဲ့အကြောင်းတွေပဲ။

လူထုက တစ်ခါတည်းနောက်က တန်းတန်းစွဲမလိုက်ဘဲ မနေနိုင်တဲ့အကြောင်းတွေပဲဆိုတာ အမတ်မင်းများ သိစေလိုပါတယ်။ အခု ဗိုလ်ချုပ်ရဲ့အခြေအနေဟာ ဘယ်လောက်အထိ ရောက်နေသလဲဆိုတာ ကျွန်တော် ထုတ်ဖော်ပြောရရင် ကျွန်တော်တို့မှတ်မိသလောက် ကျွန်တော့်တစ်သက်မှာ သည်လိုလူမျိုး၊ သည်လိုခေါင်းဆောင်မျိုး မြန်မာနိုင်ငံမှာ တစ်ခါမှ မပေါ်ဖူးသေးပါဘူး။ မပေါ်ဘူးလို့ဆိုတာ အခုပြောနေတာဟာ ဗိုလ်ချုပ်အနိစ္စရောက်သွားလို့ ချီးကျူးပြောနေတဲ့အနေ မဟုတ်ပါဘူး။ ဗိုလ်ချုပ်ရှိစဉ်ကတည်းက ဖဆပလ အမှုဆောင်တွေ ကောင်းကောင်း သိပါတယ်။ ကျွန်တော်စာတစ်စောင် ရေးလိုက်ဖူးပါတယ်။ အဲသည်စာမှာ ကျွန်တော် ဘာထည့်ရေးသလဲဆိုရင်… "အခု ဗိုလ်ချုပ်ဟာ ဘယ်အခြေအနေ ရောက်နေပြီ။ ဘယ်အခါမှာ ဘယ်လိုလုပ်ရင်ကောင်းမယ်…" ဆိုတဲ့ အကြောင်းတွေကို ကျွန်တော်ထည့်ရေးတဲ့စာဟာ အရင်တုန်းက ဗမာပြည်မှာ ဦး[illegible]

www.burmeseclassic.com

www.burmeseclassic.com



လှိုင်၊ ဦးဥတ္တမ… အစရှိတဲ့ ခေါင်းဆောင်ကြီးတွေ ပေါ်ခဲ့ဖူးပါတယ်။

ဒါပေမယ့် သည်ခေါင်းဆောင်ကြီးတွေကို တောကလူထု အကြည်ညိုခံရတာလည်း ရှိပါတယ်။ မြို့ကလူထုကသာ ထွက်ပြီးတော့ အကြည်ညိုခံရတာလည်း ရှိပါတယ်။ လူငယ်တွေကတော့ တောမှာရော မြို့မှာရော အကြည်ညို ခံရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ သွေးချင်းသားချင်းဖြစ်တဲ့… ချင်း၊ ကချင်၊ ကရင်၊ ရှမ်းအစရှိတဲ့ သည်လိုပုဂ္ဂိုလ်တွေရဲ့ ယုံကြည်ခြင်း၊ အားကိုးခြင်း၊ ထောက်ခံခြင်းကို ခံရတယ်။ အခု ဗိုလ်ချုပ်လက်ထက်ရောက်တော့ မြို့ကလူထုကလည်း ကြည်ညိုတာပဲ။ တောက လူငယ်လူကြီးတွေကလည်း ကြည်ညိုတာပဲ။ ဗမာပြည်မကပင် မဟုတ်၊ ဗမာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသား သွေးချင်းများဖြစ်တဲ့ ချင်း၊ ကချင်၊ ကရင်၊ ရှမ်းစတဲ့ သည်တိုင်းရင်းသားတွေဟာ ဗိုလ်ချုပ်ကို ယုံကြည်ကြတယ်။ အားကိုးတယ်။ ကြည်ညိုတယ်ဆိုတာ အထင်အရှားတွေ့ရတယ်။ ဘာမှအထူးပြောနေစရာ မလိုပါဘူး။

အခု သည်လွှတ်တော်ထဲမှာရှိတဲ့ သွေးချင်းသားချင်းတွေဖြစ်တဲ့ ရှမ်း၊ ကရင်၊ ကချင်၊ ချင်း အစရှိတဲ့ လူတွေရယ်… ခေါင်းဆောင်ကြီးတွေ၊ အမတ်ကြီးတွေ… သည်မှာ ရှိပါတယ်။ ဟုတ်မဟုတ် သက်သေခံနေပါတယ်။ ဗမာပြည်လူထုကြီးကလည်း သည်အတိုင်းပဲ။ မြို့ကအမတ်တွေ၊ နယ်လူထုရဲ့ ကိုယ်စားလှယ်အမတ်တွေ၊ တစ်ပြည်လုံးမှာရှိတဲ့ ကိုယ်စားလှယ်



တွေ၊ သည်မှာလာဆုံတဲ့ သည်ပုဂ္ဂိုလ်တွေ အားလုံးအသိ ဖြစ်ပါတယ်။ အဲသည်တော့… ဗိုလ်ချုပ်ကို တစ်နိုင်ငံလုံးမှာရှိတဲ့ ကလေးလူကြီးပါမကျန် အကုန်လုံးအုံကြွပြီးတော့ အကြည်ညိုခံရတယ်ဆိုတာ ကျွန်တော်တို့တစ်သက်မှာ တစ်ခါမျှ မတွေ့ဘူး။ မတွေ့ဘူးတဲ့အကြောင်းကိုလည်း ဗိုလ်ချုပ်ဆီ သည်အတိုင်းပဲ ကျွန်တော်ရေးလိုက်ပါတယ်။ နောက်ကို အခွင့်အရေးရရင် လူထုကိုရော၊ တိုင်းပြည်ကိုရော အဲသည်အကြောင်းကို ထည့်ပြီး ပြောပြပါမယ်။

အခုခေတ်မှာ ဗိုလ်ချုပ်ရဲ့အခြေအနေဟာ ဘယ်လောက်အထိ ဖြစ်နေလဲဆိုရင် ကျွန်တော်တို့ ဗမာ့ရာဇဝင် နှစ်ပေါင်း ၂၀၀၀ ကျော်လောက်ရှိတဲ့ အထဲမှာ ၄ ကြိမ်လောက်သာ ပေါ်ဖူးသေးတယ်။ သည်လို ပေါ်ဖူးသေးတဲ့ အဖြစ်အပျက်မျိုးဟာ ယခုဗိုလ်ချုပ်ရဲ့လက်ထက်မှာ လာဖြစ်တယ်။ ဘယ်လိုလဲဆိုရင် အမတ်မင်းများ အားလုံးသိတဲ့အတိုင်းပဲ။ ဗမာ့ရာဇဝင်ကို ပြန်ကြည့်မယ်ဆိုရင် ဟိုတစ်မင်း၊ သည်တစ်မင်း၊ ဟိုတစ်ဗိုလ်၊ သည်တစ်ဗိုလ်… ရွာကလေးတစ်ရွာနဲ့ တစ်ရွာတည်း လူစွမ်းကောင်းလုပ်နေတယ်။ ဘယ်တော့မှ တစ်နိုင်ငံလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိခဲ့တာ မဟုတ်ဘူး။ မြန်မာပြည်ကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ လုပ်နိုင်တာ ဗမာ့ရာဇဝင်ကို ပြန်ကြည့်ရင်… အနော်ရထာမင်းစောလက်ထက်မှာ တစ်ကြိမ်၊ ဘုရင့်နောင်လက်ထက်မှာ တစ်ကြိမ်၊ အလောင်းဘုရားလက်ထက်မှာ တစ်ကြိမ်၊ ဆင်ဖြူရှင်လက်ထက်မှာ တစ်ကြိမ်…

www.burmeseclassic.com

www.burmeseclassic.com



အဲသည့်လေးကြိမ်ပဲ ဗမာတစ်နိုင်ငံလုံးကို စည်းစည်းလုံးလုံး လုပ်နိုင်တာ ကျွန်တော်တွေ့ရတယ်။

အခု ဗိုလ်ချုပ်ခေတ်မှာဆိုရင် သည်တစ်ခေတ်လည်း လေးကြိမ်လိုပဲ တစ်နိုင်ငံလုံးမှာ လူကြီးရော ကလေးရော စည်းလုံးအောင် လုပ်သွားနိုင်တယ်ဆိုတာ ကျွန်တော်တို့တွေ့ရတယ်။ ဒါ… အထင်အရှားဖြစ်တယ်။ ကျွန်တော်တစ်ခု ပြောရမယ်ဆိုရင် သည်အကြောင်းနဲ့ပတ်သက်ပြီး ဂျပန်ခေတ်တုန်းက အင်မတန်အသိပညာနည်းတဲ့ လူငယ်တစ်စုဟာ အင်္ဂလိပ်ကို မောင်းထုတ်ပြီးတော့ ကရင်ပဲ ရှိတယ်ဆိုပြီး ရွာတွေ မီးနဲ့ရှို့။ အဲသည်ဟာ မတော်မရားကိစ္စတွေ။ သည်လိုလုပ်တဲ့အတွက် ကရင်တွေက ဗမာတွေအပေါ်ကို စိတ်နာပြီး ကရင်–ဗမာ အဓိကရုဏ်း မြစ်ဝကျွန်းပေါ်မှာ အတော်ဖြစ်ခဲ့တယ်။ အဲသည်လို ဖြစ်တဲ့ကိစ္စကို အမှန်စင်စစ် ဟိုအချိန်အခါတုန်းက နိုင်နိုင်နင်းနင်းနဲ့ ကရင်ဗမာ ချစ်ကြည်ရေးကို မလုပ်နိုင်ရင် မီးဟာ သည်အချိန်ထိ လောင်နေမှာပဲ။ ယခုလိုအခါမှာ ကရင်ကိုယ်စားလှယ်တွေနဲ့ ကျွန်တော်တို့ တိုင်းပြုပြည်ပြု လွှတ်တော်ထဲမှာ ရွှင်ရွှင်ပျပျ ညီရင်းအစ်ကိုလို ချစ်ချစ်ခင်ခင် တွေ့ဆုံဖို့ အခြေအနေတွေ ရှိနိုင်မယ် မဟုတ်ဘူးဆိုတာ အသိပဲ။

ဟိုအခါက ကရင်–ဗမာ အဓိကရုဏ်း၊ ကရင်–ဗမာ စိတ်နာကြည်းနေတဲ့အခါကနေပြီး ကရင်–ဗမာ ချစ်ကြည်ရေး၊ ကရင်–ဗမာ နားလည်ရေးဆိုတာကို ရောက်အောင် ဗမာတွေဘက်ကနေပြီး မားမားမတ်မတ် လုပ်ခဲ့တာ ဘယ်သူလဲဆိုရင် ဗိုလ်ချုပ်



ဖြစ်ခဲ့ကြောင်း ကရင် ကိုယ်စားလှယ်ကြီးတွေ၊ ခေါင်းဆောင်ကြီးတွေက ဒီမှာ အတိအလင်း ဝန်ခံပါလိမ့်မယ်။ ဗိုလ်ချုပ်နဲ့ပတ်သက်ပြီး ကျွန်တော်ရေးခဲ့တဲ့ 'ငါးနှစ်ရာသီ ဗမာပြည်'ဆိုတဲ့ စာအုပ်မှာ ဗိုလ်ချုပ်နဲ့ပတ်သက်ပြီး ဘယ်လိုရေးထားသလဲဆိုရင်–

> "ဗိုလ်ချုပ်ဟာ သံလိုက်နဲ့တူတယ်။ သူနဲ့တွေ့တဲ့အခါမှာဆိုရင် တွေ့တဲ့လူဟာ မေတ္တာတွေ၊ စေတနာတွေ၊ ကရုဏာတွေ ပိုလာတယ်။ သူ့ကို မကြည်ညိုတဲ့လူ မရှိသလောက် ဖြစ်နေတယ်။ သူ့ကို ပုံအပ်ချင်တဲ့ စိတ်တွေ၊ ကြည်ညိုချင်တဲ့စိတ်တွေ တဖွားဖွားပေါ်လာတယ်။ သူနဲ့တွေ့တဲ့အခါမှာ စေတနာတွေ၊ မေတ္တာတွေ၊ ဂရုဏာတွေ ပုံအပ်ချင်တဲ့စိတ်တွေ ယုံကြည်ချင်တဲ့စိတ်တွေ ပေါ်လာတာပဲ"

လို့ ကျွန်တော် ရေးထားပါတယ်။ အဲဒီအခါတုန်းက အင်မတန်ကို ခံရပြီးတော့ အင်မတန် စိတ်နာနေတဲ့ ကရင်လူထုကြီးနဲ့ ကရင်ခေါင်းဆောင်ကြီးများနဲ့ ဗိုလ်ချုပ်ဟာ တွေ့လိုက်တဲ့အခါမှာ ဗမာလူငယ်တချို့ဟာ အင်မတန်ပဲ အမြော်အမြင်နည်းပြီး ယုတ်မာညစ်ညမ်းသော်လည်း ဗမာထဲမှာဖြင့် ကျွန်တော်တို့ကရင်များ ယုံကြည်ထိုက်တဲ့ ပုဂ္ဂိုလ် ခေါင်းဆောင်ဟာဖြင့် သည်မှာ ရှိပါသေးသလားဆိုပြီး၊ ဗိုလ်ချုပ်နဲ့စကားပြောရတာနဲ့ သူတို့မှာရှိတဲ့ စိတ်ဓာတ်အကုန်လုံး ပြေပျောက်ပြီး 'ကရင်–ဗမာ ချစ်ကြည်ရေး'၊ 'ကရင်–ဗမာ သွေးစည်းရေး'ပေါ်လာတယ်။ သည်အခါကစပြီး 'ကရင်–ဗမာ'ချစ်ကြည်ရေး အုတ်မြစ်ချလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်လောက်အထိ ခိုင်မြဲသွားသလဲဆိုရင် ဖက်ဆစ်ဂျပန်ကို တော်လှန်တဲ့အခါမှာ ကရင်–ဗမာချစ်ကြည်ရေ-သာ ဗိုလ်ချုပ်ကိုယ်တိုင်ခေါင်းဆောင်ပြီး ဟိုတုန်းအခါက လုပ်လို့မရခဲ့ရင် တော်လှန်ရေးဖြစ်ဖို့ အတော်ခဲယဉ်းပါတယ်။

ဗိုလ်ချုပ်ခေါင်းဆောင်ပြီး ကရင်–ဗမာချစ်ကြည်ရေးကို လုပ်သွားတဲ့အတွက် ဖက်ဆစ်ဂျပန်ကို တော်လှန်တဲ့အခါမှာ ကရင်–ဗမာ အကုန် တညီတညွတ်တည်း အလံတစ်ခုတည်းကို ကိုင်ပြီးတော့ တိုက်ခိုက်ခဲ့တဲ့အတွက် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဖြစ်သွားခဲ့တာ ကျွန်တော်တို့ အထင်အရှား တွေ့ရပါတယ်။ နောက်ပြီးတော့ လွှတ်တော်ထဲမှာဆိုရင် သွေးချင်းသားချင်းတွေ၊ ညီရင်းအစ်ကိုမက ချင်း၊ ကချင်၊ ကရင်၊ ရှမ်း... အစရှိတဲ့ သည်လိုကိုယ်စားလှယ်ကြီးတွေ အများအပြားရောက်နေတယ်။ သည်လိုရောက်နေတဲ့အကြောင်းဟာ ဘယ်သူက ဘာပဲပြောပြော အတွင်းရေး အပြင်ရေးကို ကောင်းကောင်းသိတဲ့ လူတစ်ယောက်အနေနဲ့ တိတိလင်းလင်း ပြောချင်တာ တစ်ခုရှိတယ်။ ဘာလဲဆိုရင်ဖြင့် သည်ကိုယ်စားလှယ်ကြီးတွေ သည်ထဲမှာ စိတ်ချယုံကြည်စွာနဲ့ ထောက်ခံခဲ့တဲ့အကြောင်းတွေက ၉၅ ရာခိုင်နှုန်းဟာ ဗိုလ်ချုပ်ကို ကြည်ညိုလို့၊ ယုံကြည်စိတ်ချလို့ ထောက်ခံတယ်ဆိုတာ မလွဲဘူးလို့ ကျွန်တော် တိတိလင်းလင်းပြောပါတယ်။

ယခုဗိုလ်ချုပ်ဟာ မသမာသူရန်သူတွေရဲ့လက်ချက်နဲ့ကျဆုံးသွားတယ်။ အဲသည်လို ကျဆုံးသွားတာတောင်မှ ဗိုလ်ချုပ်ဟာ တိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်လျက်ပါပဲဆိုတာ သတိချပ်



စေချင်ပါတယ်။ ဘယ်လိုတိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်နေသလဲဆိုရင်ဖြင့် ဖဆပလကို အတိုက်အခံလုပ်နေတဲ့လူတွေ၊ အတိုက်အခံလုပ်နေတဲ့ ဂိုဏ်းသားတွေရဲ့ စိတ်ဓာတ်တွေဟာ ဗိုလ်ချုပ်အနိစ္စရောက်သွားတယ်ဆိုတာကို အကြောင်းပြုပြီးတော့ ဗိုလ်ချုပ်အပေါ်မှာ စေတနာ၊ မေတ္တာ၊ ကရုဏာတွေ သက်လာပြီးတော့ သည်စိတ်ဓာတ်မျိုးတွေ ၉၅.၉၉ ရာခိုင်နှုန်းလောက်အထိ ဗမာပြည်မှာ ပပျောက်နေတယ်ဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့ သိရပါတယ်။ ယခုအခါမှာဆိုလျှင် ဗိုလ်ချုပ်ခေါင်းဆောင်သွားတဲ့ ဖဆပလနောက်မှာရှိတဲ့ အင်အားတွေဟာ ဆထက်တံပိုးတိုးပြီးများလာတယ်ဆိုတာ ထင်ထင်ရှားရှား တွေ့တဲ့အခါမှာ ဗိုလ်ချုပ်အသက်ရှင်စဉ်အခါကနေပြီး အသက်သေဆုံးသွားတဲ့အခါတောင်မှ ဗမာပြည်ရဲ့ လူထုအကျိုး၊ တိုင်းပြည်ရဲ့အကျိုးကို ဆောင်ရွက်နေပါသေးတယ်ဆိုတာ ကျွန်တော်တို့ ထင်ထင်ရှားရှား တွေ့ရပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ အင်မတန် ဝမ်းနည်းစရာကောင်းတဲ့ အချက်တစ်ခုက ဘာလဲဆိုရင် ကျွန်တော်တို့ခေါင်းဆောင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ သူလုပ်သွားတဲ့ အလုပ်ကြီးပြီးခါနီး၊ ပန်းတိုင်ရောက်ခါနီး ဖြစ်နေတာကို သူကိုယ်တိုင်မတွေ့ရဘဲ မသမာတဲ့ ရန်သူတွေရဲ့လက်ချက်နဲ့ ကျဆုံးသွားရတာ အင်မတန် အသည်းနာစရာကောင်းပါတယ်။ အမှန်စင်စစ်ပြောရမယ်ဆိုရင် တိုင်းပြည်ကြီးတာဝန်ကို ဗိုလ်ချုပ်မရှိတဲ့နောက်ကျွန်တော်တို့တစ်တွေ ထမ်းမထားဘူး၊ လုပ်ချင်တာကို လုပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အခြေအနေမျိုး ထပ်ရောက်နေမယ်ဆိုရင် သည်အချိန်သည် အခါဟာ ဘာတွေ ဖြစ်နေမယ်ဆိုတာ မတွေးရဲ၊ မကြံစည်ရဲ လောက်အောင် ဖြစ်နေပါတယ်။

အမတ်မင်းများလည်း သိတော်မူတဲ့အတိုင်း သည်လောက် အထိ ဗိုလ်ချုပ်က သူ့အလုပ်ကို လုပ်ပြီးသွားတယ်ဆိုတာ မြင် မသွားရတဲ့အတွက် သူချတဲ့လမ်းစဉ်ဟာ ပန်းတိုင်ရောက်သွား တာမြင်မသွားရဘဲ မသမာတဲ့ရန်သူ လက်ချက်နဲ့ ကျဆုံးသွားရ တာကို ကျွန်တော်တို့ အင်မတန် နစ်နာစရာကောင်းတဲ့အချက် ဖြစ်ပါတယ်။

အဲသည်တော့ ကျွန်တော်တို့ ဗိုလ်ချုပ်အပေါ်မှာ တကယ် သစ္စာရှိပါတယ်၊ တကယ် ကျေးဇူးဆပ်ချင်တယ်၊ တကယ် တိုင်းပြည်လူထုအတွက် လုပ်ချင်တယ်၊ ကျေးဇူးတွေ ပြန်ဆပ်ချင် တယ်ဆိုရင် ကျွန်တော်တို့ရဲ့ရှေ့မှာ လမ်းတစ်လမ်းတည်းရှိ တယ်။ ဘာလဲဆိုရင် စည်းစည်းလုံးလုံး, ညီညီညွတ်ညွတ်နဲ့ ဗိုလ်ချုပ် ရှိစဉ်အခါတုန်းကထက် ဆထက်တံပိုးတိုးပြီး ကျွန်တော် တို့တစ်တွေဟာ ဗိုလ်ချုပ်ချသွားတဲ့၊ ရည်မှန်းထားတဲ့၊ လွတ်လပ် တဲ့ သမ္မတနိုင်ငံ ထူထောင်ပြီးတဲ့နောက် နှစ်ပေါင်း တစ်ရာ,နှစ်ရာ စသဖြင့် ကျွန်တော်တို့တစ်တွေ ညီညီညွတ်ညွတ်နဲ့ ချီတက်သွား ကြဖို့ ကျွန်တော် လေးလေးနက်နက် ဆောင်းပန်အပ်ပါတယ်။

□



နိုင်ငံခြားမှ ဧည့်သည်တော်များနှင့် ဗိုလ်ချုပ်အောင်ဆန်း



ရင်သွေးရတနာကို ချော့မြှူနေသော ဗိုလ်ချုပ်တို့ဇနီး

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကျောင်းသားဘဝက သခင်အောင်ဆန်း



စီးကရက်ကြိုက်သည့် ဗိုလ်ချုပ်အောင်ဆန်း



လွတ်လပ်ရေးကို တွေ့မြင်မသွားရရှာသည့် ဗိုလ်ချုပ်အောင်ဆန်း၏
နောက်ဆုံးမြင်ကွင်း



တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုပေးလှူသွားသည့်
အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း



မြန်မာ့လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်း



ပန်းခြင်းလက်ဆောင်ဖြင့် ပြုံးနေသည့် လွတ်လပ်ရေးဖခင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့လွတ်လပ်ရေးအတွက် အရေးဆိုရန် ဘိလပ်သို့ရောက်လာသည့်
ဗိုလ်ချုပ်အောင်ဆန်း၊



တက္ကသိုလ်ကျောင်းသားများ သမဂ္ဂတွင် တာဝန်ယူစဉ်က

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံဆာဟူးဘတ်ရန်နှင့် ဗိုလ်ချုပ်အောင်ဆန်း

## ကျမ်းကိုးစာရင်း

၁။ ကြေးမုံသတင်းစာ
(၁၉၆၂၊ ဇွန်လ၊ ၉ ရက်နေ့ထုတ်)

၂။ ဂျာနယ်ကျော်
(၁၉၄၇၊ ဇန်နဝါရီလ၊ ၁၈ ရက်နေ့ထုတ်)

၃။ ငါတို့ဗိုလ်ချုပ် ဘာတွေလုပ်ခဲ့သလဲ
(သတင်းစာဆရာ ဦးပုလေး)

၄။ ငါးကျပ်တန် သခင်အောင်ဆန်း (ဆောင်းပါး)
(သခင်တင်မောင်– ကျုံမငေး)

၅။ ငါးနှစ်ရာသီ ဗမာပြည်
(ဝန်ကြီးချုပ်ဟောင်း–ဦးနု)

၆။ နှစ်ဆယ်ရာစု မြန်မာ့သမိုင်းကို ပြောပြနေသော
ရက်စွဲများ (သန်းဝင်းလှိုင်)

၇။ ပြည်တော်သာခရီး
(ဦးသန့်)

www.burmeseclassic.com

www.burmeseclassic.com

၈။ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝ၊ စာပေနှင့်၊ သမိုင်းဝင်
အဆိုအမိန့်များ (သုတေသီ မြင့်ထွန်း)

၉။ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ
(သခင်ကိုယ်တော်မှိုင်း တည်းဖြတ်၍ ဗိုလ်ချုပ်အောင်
ဆန်း၊ စာရေးဆရာ၊ ရဲဘော်၊ သခင်နှင့် ကျောင်းနေ
ဖက်များ စုပေါင်းရေးသားသည်။)

၁၀။ ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ
(ဗိုလ်ချုပ်အောင်ဆန်း)

၁၁။ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ
(စာပေဗိမာန်ထုတ်၊ ပြည်သူ့လက်စွဲစာစဉ်)

၁၂။ မြန်မာ့အလင်းသတင်းစာ
(၁၉၄၄၊ ဩဂုတ်က – ၆ ရက်နေ့ထုတ်)

၁၃။ မြန်မာနိုင်ငံသမိုင်းသစ်
(ဦးအောင်သိန်းဟန် – ဝိဇ္ဇာ၊ ဂုဏ်ထူး)

၁၄။ မှတ်မိသေးတယ် ဂျပန်ခေတ်ဆေးရုံကြီးဝယ်
(ဝဏ္ဏကျော်ထင် ဒေါက်တာဦးမြင့်ဆွေ)

၁၅။ မော်နီတာ–ဂျာနယ်
(အမှတ် – ၁ မှ အမှတ် ၅၀ ထိ)

၁၆။ အနုပညာနှင့် ဗိုလ်ချုပ်
(တက္ကသိုလ်နေဝင်း)

၁၇။ အောင်သန်း၏ အောင်ဆန်း

❒

www.burmeseclassic.com